# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 15 November 2023 ၁၁၂၈၀


**ကုသိုလ်ကောင်းမှု နေ့စဉ်ပြု**

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် အခြေခံစားသောက်ကုန်အရောင်းဆိုင်များ လှည့်လည်ဖွင့်လှစ်၍ ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေး

**မန္တလေး နိုဝင်ဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့ တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ကုန်ဈေးနှုန်းတည်ငြိမ်ရေးနှင့် ပြည်သူများ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူ စားသုံးနိုင်ရေးအတွက် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင် ဈေးများနှင့် အခြေခံစားသောက်ကုန် အရောင်းဆိုင်များ လှည့်လည်ဖွင့်လှစ်၍ ပြည်သူများထံသို့ တိုက်ရိုက်ရောင်းချပေးလျက်ရှိသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂



မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆန်/ဆီ အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ရောင်းချခြင်း ရက် ၁၀၀ ပြည့် အထူးဈေးရောင်းပွဲတော်တွင် ပြည်သူများ ဝယ်ယူအားပေးနေမှုကို တွေ့ရစဉ်။

## လေဖိအားနည်းရပ်ဝန်းပိုမိုအားကောင်းလာ

**နေပြည်တော် နိုဝင်ဘာ ၁၄**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီ-နီကိုးဘားကျွန်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ ရောက်ရှိခဲ့သည်။ အဆိုပါအားကောင်းသော လေဖိအားနည်းရပ်ဝန်းသည် အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး ပိုမိုအားကောင်းလာနိုင်ကာ နိုဝင်ဘာ ၁၅ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း၌ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ ထို့နောက် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နိုဝင်ဘာ ၁၆ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း အင်ဒရာပရာဒေ့ရှ်ကမ်းလွန်တွင် အားကောင်းသောမုန်တိုင်းငယ်အဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ပြီး ထိုမှတစ်ဆင့် မြောက်-အရှေ့မြောက်ဘက်သို့ ပြန်ကွေ့ကာ နိုဝင်ဘာ ၁၇ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်း ဩရိဿကမ်းလွန်သို့ ရောက်ရှိနိုင်သည်ဟုခန့်မှန်းရသည်။ မိုး/ဇလ

## မီဒီယာသတ်ကွင်းထဲက ယနေ့အစ္စရေးနှင့် ပါလက်စတိုင်း



ဆောင်းပါး စာမျက်နှာ » ၆

**ယနေ့ ဖတ်စရာ**

**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း ၁ နှစ် ထပ်မံ တိုးမြှင့်ပေးကြောင်း အသိပေးကြေညာ**

စာမျက်နှာ » ၅

**(၂၀၂၃)ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ**

စာမျက်နှာ » ၈

**လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေး ဝိုင်းကူစို့**

ဆောင်းပါး စာမျက်နှာ » ၁၀

**ကမ္ဘောဒီးယားနိုင်ငံရှိ လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များ အခမဲ့သင်ကြားပေးမည်**

စာမျက်နှာ » ၁၃

ကြေးမုံ

# နိုင်ငံချစ်စိတ်ဖြင့် အဖျက်အန္တရာယ်ဖယ်ရှား

မျက်မှောက်ကာလတွင် ပြည်ထောင်စုမြန်မာနိုင်ငံအား ပျက်စီးယိုယွင်းအောင် အဘက်ဘက်မှ နှောင့်ယှက်ဖျက်ဆီးနေကြသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံရေး၊ စစ်ရေးသာမက စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတို့မှပါ အခွင့်အရေးရလျှင်ရသလို၊ အကြောင်းပေါ်လျှင်ပေါ်သလို နှောင့်ယှက်ဖျက်ဆီးကြသူများရှိနေသည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်ခဲ့သော အနှောင့်အယှက်အဖျက်အဆီးများသည် ယခုမှသာမဟုတ် လွတ်လပ်ရေးမရမီမှစ၍ သမိုင်းတစ်လျှောက်လုံးတွင် ကြုံတွေ့ခဲ့ရသည်။

ကြုံတွေ့ခဲ့သော အနှောင့်အယှက်အန္တရာယ်ရန်စွယ်အသီးသီးကို တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ အတူပူးပေါင်းလက်တွဲပြီး တွန်းလှန်ဖယ်ရှားနိုင်ခဲ့သဖြင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ် အစွန့်ရှည်တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။ ပြည်ထောင်စုကြီးကို တပ်မတော်က ကာကွယ်စောင့်ရှောက်နေသလို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတော်ကြီးအဖြစ် အစွန့်ရှည်ထည်ဝါစွာ ရပ်တည်နိုင်ရန်အတွက် ပြည်ထောင်စုသားအားလုံးတို့က ထာဝစဉ်ညီညီညွတ်ညွတ်ပူးပေါင်းလက်တွဲဆောင်ရွက်ကြရမည် ဖြစ်သည်။

မိမိနိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် သူတစ်ပါးမှ မည်မျှကောင်းသည်ဖြစ်စေ မိမိတို့သာလျှင် ကောင်းခြင်း၊ မကောင်းခြင်းအကြောင်းရင်းခံရှိပေသည်။ လူ့အဖွဲ့အစည်းတိုင်းသည် ကိုယ့်ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးပြီး ဖြစ်ထွန်းလာခဲ့သည်ချည်းပင်ဖြစ်သည်။ ကောင်းမွေဆိုးမွေများကို အားလုံးအတူတကွ ခံစားကြရပေသည်။ အဓိကမှာ စည်းလုံးညီညွတ်ခြင်းပင်ဖြစ်သည်။ ဤမြေတွင်နေ၊ ဤရေကို အတူတကွသောက်သုံးကြရသဖြင့် “ငါ့နိုင်ငံအတွက်” ဟူသောစိတ်ထားကိုယ်စီရှိရုံမျှဖြင့် ဤနိုင်ငံသည် အလျင်အမြန်ပြောင်းလဲသွားနိုင်ပေသည်။ သို့သော် ငါဟူသည့် အတ္တစိတ်များဖြင့် ခရီးဆက်နေပါလျှင် မည်သည့်အခါမျှ အောင်မြင်မှုမရနိုင်ဘဲ အဆိုးသံသရာတွင် လည်နေမည်ဖြစ်သည်။

မြန်မာ့နိုင်ငံရေးခရီးတွင် ပြည်တွင်း၊ ပြည်ပမှ အမျိုးသားသစ္စာဖောက်များနှင့် ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုအန္တရာယ်များ မကြာခဏပေါ်ပေါက်လေ့ရှိပါသည်။ မျက်မှောက်ကာလတွင် NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများနှင့် EAO အဖွဲ့အချို့၏နှောင့်ယှက်ဖျက်ဆီးမှုများနှင့် ပြည်ပလက်ဝေခံ ပြည်တွင်းပြည်ပမီဒီယာများ၏ နှောင့်ယှက်မှုများကို မြင်တွေ့ကြားသိကြရမည်ဖြစ်သည်။ မြေပြင်တွင် တိုင်းပြည်ကို ထိပါးနှောင့်ယှက်နေသည့်အန္တရာယ်များကို တပ်မတော်က ရှင်းလင်းဖယ်ရှားနေပြီး လေလှိုင်းပေါ်တွင် ထုတ်လွှင့်နေသည့် မဟုတ်မမှန်သတင်းများကို အသိတရားဖြင့် သတိထားဆင်ခြင်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ရှမ်းပြည်နယ်အရှေ့မြောက်ဘက်၊ ကယားပြည်နယ်နှင့်အချို့ဒေသများ၌ လက်နက်ကိုင်သောင်းကျန်းမှုများကို တပ်မတော်သားများက ရှုပ်ရှုပ်ချုံချုံ ချေမှုန်းရှင်းလင်းဖယ်ရှားလျက်ရှိပြီး နယ်မြေဒေသစိုးမိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ နယ်မြေဒေသအသီးသီးတွင် နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နယ်မြေလုံခြုံရေး၊ ပြည်သူလူထု အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးအတွက် ရှုပ်ရှုပ်ချုံချုံ တိုက်ပွဲဝင်ကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဆက်စပ်မဟာမိတ်ပြည်သူ့စစ် တပ်ဖွဲ့ဝင်များအားလုံးကို နိုင်ငံတော်က အသိအမှတ်ပြုသလို တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးကို လိုလားကြသည့် တိုင်းရင်းသားပြည်သူများကလည်း ကျေးဇူးတင်လျက်ရှိသည်။

တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးကို နိုင်ငံတော်အစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိနေချိန်တွင် အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲဖြစ်စဉ်များကို ပြည်ဖျက်မီဒီယာများနှင့် အမျိုးသားသစ္စာဖောက်များက ပြည်သူများထင်ယောင်ထင်မှားဖြစ်အောင်၊ စိုးရိမ်ပူပန်မှုဖြစ်အောင် မမှန်သတင်းများ၊ ပုံကြီးချဲ့ကားသတင်းများအား အဆက်မပြတ်ထုတ်လွှင့်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်သူတို့၏လူမှုစီးပွားဘဝ၌ ဂယက်ရိုက်ခတ်မှုများဖြစ်လာအောင် စက်သုံးဆီများ ပြတ်လပ်နေပြီဖြစ်ကြောင်း၊ ဒေါ်လာငွေများရောင်းချပေးခြင်းမရှိတော့ကြောင်း မမှန်သတင်းများ၊ ကောလာဟလသတင်းများ ထုတ်လွှင့်ပေးနေသည်ကို ကြားသိကြရမည်ဖြစ်သည်။

လက်ရှိကာလ၌ ရှမ်းပြည်နယ်အရှေ့မြောက်ဘက်၌ ဖြစ်ပွားနေသည့်တိုက်ပွဲများကြောင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ရပ်တန့်နေသည်မှအပ ကျန်ဒေသများနှင့်လုပ်ငန်းနယ်ပယ်များ၌ ပုံမှန်စီးဆင်းလည်ပတ်လျက်ရှိသည်။ လက်ရှိအချိန်ကာလတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကာကွယ်ရေး စသည့်ဘက်ပေါင်းစုံမှ နည်းလမ်းအမျိုးမျိုးဖြင့် ထိုးနှက်တိုက်ခိုက်နေချိန်တွင် သတင်းအမှားများထုတ်လွှင့်ပြီး တိုင်းပြည်ပျက်စီးအောင်၊ ထိခိုက်နစ်နာအောင် ကြံစည်အားထုတ်နေမှုများကိုလည်း ပြည်သူများအနေဖြင့် အထူးသတိပြုကြရမည်ဖြစ်သည်။ တစည်းတလုံးတည်း စုစည်းနေထိုင်သောပြည်ထောင်စုကြီးကို တစ်စစီပြိုကွဲစေရန်အတွက် ဆောင်ရွက်နေသည့် သားရဲအန္တရာယ်များကို တိုင်းပြည်ချစ်စိတ်၊ ညီညွတ်စိတ်ဖြင့် တွန်းလှန်တိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူများ နှစ်ပေါင်းထောင်ချီ အေးအတူ ပူအမျှ အတူတကွစုစည်းနေထိုင်လာကြသည့် ပြည်ထောင်စုကြီးပြိုကွဲအောင် နှောင့်ယှက်ဖျက်ဆီးနေသည့် အဖျက်အမှောင့်အန္တရာယ်ဟူသမျှတို့ကို တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းလက်တွဲပြီး တိုက်ဖျက်ကာကွယ်သွားကြရမည်ဖြစ်ပါကြောင်း။ ။

## မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော် ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၁၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတွင် တန်ဆောင်တိုင် မီးထွန်းပွဲတော်ကို နိုဝင်ဘာ ၂၅ ရက်၊ ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တန်ဆောင်တိုင် မီးထွန်းပွဲတော်ကာလအတွင်း ဆီမီး ၉၀၀၀ ကပ်လှူပူဇော်ခြင်း၊ အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ပူဇော်ခြင်း၊ မီးရှူးမီးပန်းများပစ်လွှတ်ပူဇော်ခြင်း၊ အလှည့်မီးကြီးနှင့် စိန်နားပန်မီးပုံးပျံကြီးများ လွှတ်တင်ပူဇော်ခြင်းများကို သုံးရက်တိုင်တိုင် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း LED မီးများဖြင့် အလှဆင်ပူဇော်ထားရှိခြင်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများ၏ ဒေသထွက်ကုန်၊ စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်း အရောင်းဆိုင်ခန်းများ၊ ဒေသထွက် မြန်မာ့ရိုးရာမုန့်ဆိုင်များ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မစ္စစ် အေယာဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်အား မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁၅**

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်အား ရန်ကုန်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော အီဂျစ်အာရပ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် အီဂျစ်အာရပ်သမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူပြီးဖြစ်သည်။

မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၁၉၈၉ ခုနှစ်တွင် အီဂျစ်နိုင်ငံ ကိုင်ရိုတက္ကသိုလ်မှ စီးပွားရေးနှင့် နိုင်ငံရေးသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ၁၉၉၅ ခုနှစ်တွင် ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ France Institut Internationale d’Administration Publique မှ နိုင်ငံတကာဆက်ဆံရေး ဒီပလိုမာကိုလည်းကောင်း ရရှိခဲ့သည်။ ၎င်းသည် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ၁၉၉၂ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့ပြီး ဌာနချုပ်နှင့် ပြည်ပရှိ အီဂျစ်သံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များ ထမ်းဆောင်ခဲ့သည်။ မစ္စစ် အေယာ ဆာအဒ် မိုဟာမက် အာဘ်ဒယ်ကာရင်သည် ၂၀၀၁ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန နည်းပညာဌာနတွင် ဒုတိယအတွင်းဝန်အဖြစ် လည်းကောင်း၊ ၂၀၀၉ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဥပဒေဌာနတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၄ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ နိုင်ငံတကာ ညီလာခံများဌာနတွင် ဒုတိယလက်ထောက်အဖြစ် လည်းကောင်း တာဝန်များ ထမ်းဆောင်ခဲ့သည်။ ပြည်ပတာဝန်ထမ်းဆောင်မှုများအဖြစ် ၁၉၉၇ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ဟန်ဂေရီနိုင်ငံ အီဂျစ်သံရုံးတွင် ဒုတိယအတွင်းဝန်အဖြစ်လည်းကောင်း၊ ၂၀၀၄ ခုနှစ်မှ ၂၀၀၈ ခုနှစ်အထိ ကူဝိတ်နိုင်ငံရှိ အီဂျစ်သံရုံးတွင် သံမှူးအဖြစ်လည်းကောင်း၊ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ ခုနှစ်အထိ ဆားဘီးယားနိုင်ငံရှိ အီဂျစ်သံရုံးတွင် သံအမတ်အဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မောရစ်ရှပ်နိုင်ငံဆိုင်ရာ အီဂျစ်သံအမတ်ကြီးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။ ၂၀၂၁ ခုနှစ်မှစတင်၍ အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဥရောပသမဂ္ဂဆိုင်ရာ ဒုတိယလက်ထောက် ဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

**သတင်းစဉ်**

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၁၁ -၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၈၀၀ | ၁,၀၀၆ | ၈,၆၅၁,၈၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂,၉၇၂ | ၈,၅၄၀,၅၅၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၆၀၀ | ၁,၆၀၀ | ၃၅၄ | ၅၆၆,၄၀၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၄၀၀ | ၉၆၀,၀၀၀ |
| EFR | ၂,၀၅၀ | ၂,၁၀၀ | ၃၇၆ | ၇၈၀,၈၀၀ |
| AMATA | ၄,၈၀၀ | ၄,၉၀၀ | ၁၃ | ၆၃,၁၀၀ |
| MAEX | ၁,၇၀၀ | ၁,၇၀၀ | ၂,၁၁၆ | ၃,၅၉၇,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေး ကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေး ဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Chen Hai အား ယနေ့နံနက် ၁၀ နာရီတွင်နေပြည်တော် ရုံးအမှတ် (၁၀) ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊အွန်လိုင်းလိမ်လည်မှု တိုက်ဖျက်ရေးဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် (၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာယဉ်ကျေးမှုဖိုရမ်တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၁၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ နိုဝင်ဘာ ၁၆ ရက်မှ ၁၈ ရက်အထိ ကျင်းပမည့် "(၉)ကြိမ်မြောက် စိန့်ပီတာစဘတ် နိုင်ငံတကာ ယဉ်ကျေးမှုဖိုရမ်"သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် Myanmar Airway International လေကြောင်းဖြင့် ရန်ကုန်မြို့မှ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ Counsellor and Deputy Head of Mission၊ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ အမြဲတမ်းအတွင်းဝန်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

❂ **ရှေ့ဖုံးမှ**

ထိုသို့ ရောင်းချပေးလျက်ရှိရာ ရက်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အောင်မြေသာစံမြို့နယ်တွင် (၁၉)လမ်းနှင့် (၈၆) လမ်းထောင့်ရှိ ညောင်ပင်ဈေး၊ ချမ်းအေးသာစံမြို့နယ်တွင် (၅၇)လမ်းနှင့် (၃၅)လမ်းထောင့်ရှိ ဝါခင်းကုန်းဈေး၊ မဟာအောင်မြေမြို့နယ်တွင် (၆၂)လမ်း၊ (၃၈)လမ်းနှင့် (၄၀)လမ်းကြားရှိမနော်ရမ္မံဈေးအနီး၊ ချမ်းမြသာစည်မြို့နယ်တွင် (၈၂)လမ်းနှင့် မြို့ဟောင်းဘူတာအနီးရှိ မြို့ဟောင်းဈေးတို့တွင် ပြည်သူများအား အထူးသက်သာသောဈေးနှုန်းဖြင့် တိုက်ရိုက် ရောင်းချပေးလျက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းက ညောင်ပင်ဈေးအနီးနှင့် မနော်ရမ္မံဈေးအနီးတို့တွင် အခြေခံစားသောက်ကုန် အရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဆန်/ဆီ အခြေခံစားသောက်ကုန်သက်သာအရောင်းဆိုင် ရောင်းချခြင်း ရက် ၁၀၀ ပြည့် အထူးဈေးရောင်းပွဲတော်တွင် ကြည့်ရှုစစ်ဆေးစဉ်။

## ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ဟင်္သာတ နိုဝင်ဘာ ၁၄**

ဧရာဝတီ တိုင်းဒေသကြီး ဟင်္သာတမြို့ ပခန်းရပ်ကွက်ရှိ ကမ်းနားကြီးသင်္ဘောဆိပ်တွင် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဒေသတွင်း ငါးရိက္ခာဖူလုံစေရန် သဘာဝမြစ်ရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါနေရာတွင် ကျင်းပသည်။




အခမ်းအနားတွင် ဟင်္သာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်း ဦးဆောင်၍ ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ ဟင်္သာတမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးမျိုးစိုက်ကြီးကြပ်စိစစ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးဌာနမှူး ဦးစိုးပိုင်နှင့် ဝန်ထမ်းများ၊ ဟင်္သာတ ငါးသားဖောက်စခန်းတာဝန်ခံနှင့် ဝန်ထမ်းများ၊ ဇလွန်မြို့နယ် ဦးစီးဌာနမှူး၊ ဧရာဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသည့်လေးမျက်နှာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဧရာဝတီမြစ် သဘာဝရေပြင် အတွင်းသို့ ဟင်္သာတငါးသားဖောက်စခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်း ငါးသားပေါက် ကောင်ရေ ငါးသောင်းကို ငါးမျိုးစိုက်ထည့်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် နိုဝင်ဘာ ၁၄**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

**မိုး/ဇလ**

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ ကလေးသူငယ်များ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များ သဘာဝဘေးအန္တရာယ် လျှော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးအသိပညာပေး (Kaeru Caravan) ဟောပြောပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဗိုလ်မှူးသက်ဇော်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးမြင့်အောင်က ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်တပ်ဖွဲ့က ကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသပြီး ကလေးငယ်များ သဘာဝအန္တရာယ်၊ မီးဘေးအန္တရာယ်များ ကြုံတွေ့လာပါက ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ကာကွယ်နည်းများ၊ အရေးပေါ်အသက်ကယ်နည်းများ၊ မီးသတ်ဆေးဘူး အသုံးပြုပုံများကို ကလေးငယ်များ စိတ်ဝင်တစားဖြစ်စေရန် ဂိမ်းကစားနည်းများဖြင့် အသိပညာပေးသရုပ်ဖော်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဓမ္မသဘင်ကျင်းပရေးကော်မတီ (ရန်ကုန်)က ပိဋကသုံးပုံ အဋ္ဌကထာ ၅၁ အုပ်၊ ဓမ္မာစရိယနှင့် ပထမပြန် ပြဋ္ဌာန်းကျမ်းစာအုပ်များ ပုံနှိပ်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ဓမ္မသဘင်ကျင်းပရေး ကော်မတီ (ရန်ကုန်)က ပိဋကသုံးပုံ အဋ္ဌကထာ ၅၁ အုပ်၊ ဓမ္မာစရိယနှင့် ပထမပြန် ပြဋ္ဌာန်းကျမ်းစာအုပ်များ ပုံနှိပ်ရန်အတွက် အလှူတော်ငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဘိဓမ္မရတနာဃရ အဘိဓမ္မာ ဗိမာန်တော်ကြီး၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ အမြဲတမ်းအတွင်းဝန်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဓမ္မသဘင်ကျင်းပရေး ကော်မတီ (ရန်ကုန်)ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



အလှူတော်ငွေ လှူဒါန်းပွဲတွင် ပါဠိပထမပြန် စာမေးပွဲအောင် သံဃာများအား စာအောင်ဆုဆိုင်ရာ ကျမ်းစာအုပ်များဖြစ်သော ပါရာဇိကအဋ္ဌကထာ (ပထမတွဲ)၊ ပါရာဇိက အဋ္ဌကထာ(ဒုတိယတွဲ)၊ သီလက္ခန္ဓ ဝဂ္ဂအဋ္ဌကထာ၊ အဋ္ဌသာလိနီအဋ္ဌကထာ၊ အဘိဓာန် အလင်္ကာဆန်းကျမ်း၊ ပဋ္ဌာန်းအရ ကောက်ကျမ်း၊ ယမိုက်အရကောက်ကျမ်း၊ ဒုကမာတိကာအရကောက်ကျမ်း စသည့် ကျမ်းစာအုပ် ရှစ်မျိုး ပုံနှိပ်ထုတ်ဝေရေးအတွက် ဓမ္မသဘင်ကျင်းပရေး ကော်မတီ(ရန်ကုန်) နာယကများနှင့် ဥက္ကဋ္ဌတို့က လှူဒါန်းငွေကျပ် ၁၈၀၀၀၀၆၈၀၊ ပထမကြီး၊ ပထမလတ်၊ ပထမငယ်တန်းများ၏ ပြဋ္ဌာန်းကျမ်းစာဓာတ်အဋ္ဌကထာ အုပ်ရေ ၁၅၀၀၀ ပုံနှိပ်ထုတ်ဝေရေး အတွက် ဓမ္မသဘင်ကျင်းပရေးကော်မတီ(ရန်ကုန်) ဒုတိယဥက္ကဋ္ဌများက လှူဒါန်းငွေကျပ် ၃၅၁၁၀၆၀၅၊ ပိဋကသုံးပုံ အဋ္ဌကထာ ၅၁ အုပ် ပုံနှိပ်ထုတ်ဝေရေး အတွက် ဓမ္မသဘင်ကျင်းပရေး ဆပ်ကော်မတီ (ရန်ကုန်) ဥက္ကဋ္ဌများက လှူဒါန်းငွေကျပ် ၅၀၀၀၀၀၀၀၊ အခြေပြုမူလတန်း သင်ရိုးကျမ်း စာအုပ်များ ပုံနှိပ်ထုတ်ဝေရေးအတွက် ဓမ္မသဘင် ကျင်းပရေးကော်မတီ(ရန်ကုန်) အတွင်းရေးမှူးအဖွဲ့က လှူဒါန်းငွေ ၈၁၈၈၈၇၁၅ ကျပ်၊ ဥပ္ပါတသန္တိ ဝတ်ရွတ်စဉ်စာအုပ်များ လှူဒါန်းရန်အတွက် ဓမ္မသဘင် ကျင်းပရေးကော်မတီ(ရန်ကုန်) ကော်မတီဝင်များက လှူဒါန်းငွေကျပ် ၁၀၀၀၀၀၀၀ စုစုပေါင်း လှူဒါန်းငွေ ၃၅၇၀၀၀၀၀၁ ကျပ်တို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာသော အလှူရှင်လေးဦးတို့က အဋ္ဌကထာ ကျမ်းစာအုပ်များအတွက် လှူဒါန်းငွေကျပ် ၁၇၁၃၆၀၀၀ တို့ကို ထပ်မံလှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး လှူဒါန်းမှုနှင့်ပတ်သက်၍ ကျေးဇူးတင် ဝမ်းမြောက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **သတင်းစဉ်**

# တက္ကသိုလ်ရိပ်သာလမ်း ကတ္တရာ ကွန်ကရစ်(AC) ခင်းခြင်းလုပ်ငန်း ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေး ကြည့်ရှုစစ်ဆေး



ရန်ကုန် နိုဝင်ဘာ ၁၄


ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ည ၉ နာရီက ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း ကမ္ဘာအေးဘုရားလမ်းမှ သံလွင်လမ်းကြား ကတ္တရာကွန်ကရစ် (AC) ခင်းခြင်း လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် စွယ်တော်လမ်းရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်သို့ သွားရောက်၍ စည်ပင်သာယာဝန်ထမ်းများဖြင့် တက္ကသိုလ်ဝင်းအတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် နာဂလိုဏ်ဂူအောင်ချမ်းသာ စေတီတော်ဝင်းအတွင်း/ အပြင် သန့်ရှင်းသာယာသပ်ရပ်ရေး လုပ်ငန်းများ ဆောင်ရွက်မှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ရုံလမ်းရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသော အင်ဂျင်နီယာမွမ်းမံသင်တန်း အမှတ်စဉ်(၂၀)သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်း အောင်လက်မှတ်များနှင့် သင်တန်းထူးချွန်ဆုများ ပေးအပ်ချီးမြှင့်သည်။

သင်တန်းသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ ဌာနအသီးသီးမှ အင်ဂျင်နီယာဝန်ထမ်း သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ပြီးသင်တန်းကာလ ရက်သတ္တ ငါးပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟိုပုံးမြို့နယ်၌ (တတိယအကြိမ်မြောက်) မြန်မာနိုင်ငံလုံးဆိုင်ရာ နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ ဒုတိယနေ့ ဆက်လက်ဖြေဆို

ဟိုပုံး နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် နာဂပုရသာသနာလင်္ကာရအသင်းက ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ (တတိယအကြိမ်မြောက်)နာဂပုရသာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက နောင်တောင်းပရဟိတတပ်ဦး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။

အဆိုပါစာမေးပွဲတွင် မြန်မာနိုင်ငံအရပ်ရပ်မှ ရဟန်း၊ သာမဏေ၊ သီလရှင်များက ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မူလတန်းအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၅၉ ပါး၊ ပထမအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၉၉၇ ပါး၊ ဒုတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၈၂ ပါး၊ တတိယအဆင့် ရဟန်း၊ သာမဏေ၊ သီလရှင် ၃၄၈ ပါး စုစုပေါင်း ရဟန်း၊ သာမဏေ၊ သီလရှင်၂၀၈၆ ပါး ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါစာမေးပွဲကို မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်မှ ၆ ရက် (နိုဝင်ဘာ ၁၃ ရက်မှ ၁၈ ရက်အထိ) ကျင်းပသွားမည်ဖြစ်ပြီး ရပ်နီး/ရပ်ဝေးမှ ဒေသခံပြည်သူများလည်း အလှူငွေများ ဆက်ကပ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# ကျိုက်ထိုမြို့ အမက(တောလေး)၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

ကျိုက်ထို နိုဝင်ဘာ ၁၄

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ယနေ့နံနက် ၁၀ နာရီ က ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက်ရှိ အမက (တောလေး) ကျောင်း၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပြီး စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးရဲဇာနည်အောင်က အမှာစကား ပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေလေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ ကျောင်းသားကျောင်းသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည် ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အသိပညာပေး နံရံကပ် စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများကကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



☆ **နိုင်ငံတကာမှ**

မြန်မာ ယူ-၁၉ အသင်းသည် ဒီဇင်ဘာလတတိယပတ်တွင် ပြီးဆုံးမည့် MNL ပြိုင်ပွဲအပြီးတွင် အသက်မီသည့်ကစားသမားများ ထပ်မံရွေးချယ်မည်ဖြစ်ပြီး ယင်းနောက်ပိုင်းမှသာ ပဏာမကစားသမားများ အတည်ပြုမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးအောင်နိုင်က တာဝန်ယူကိုင်တွယ်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲယှဉ်ပြိုင်ရခြင်းမရှိဘဲ ကစားသမားများ အတွေ့အကြုံရစေရန် Junior Lions အသင်းအမည်ဖြင့် MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၂၄ ခုနှစ်တွင် အာဆီယံ ယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲနှင့် အာရှဖလား ယူ-၂၀ ခြေစစ်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ပြီး ယင်းပြိုင်ပွဲကျင်းပမည့်ကာလအပေါ်မူတည်၍ နိုင်ငံတကာခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ကိုညီလေး**

# ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ**
သတင်းထုတ်ပြန်ချက် (၂/၂၀၂၃)
၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်
**ကိုဗစ်-၁၉ ရန်ပုံငွေမှ နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလအား သက်တမ်း ၁ နှစ် ထပ်မံတိုးမြှင့်ပေးကြောင်း အသိပေးကြေညာခြင်း**

၁။ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ၏ တာဝန်များအနက် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများကို ပြန်လည်ကုစားနိုင်ရေးအတွက် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍမှ ထိခိုက်မှုအများဆုံးဖြစ်သည့် လုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်းတစ်နှစ် (အတိုးနှုန်း ၁ %) သတ်မှတ်ပြီး ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့ မှစတင်၍ ကုမ္ပဏီ/လုပ်ငန်း စုစုပေါင်း ၃၂၇ ခု၊ ချေးငွေပမာဏ ကျပ် ၇.၆၃ ဘီလီယံအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေထုတ်ပေးခြင်းကို ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ နိုင်ငံတော်အနေဖြင့် အဆိုပါချေးငွေထုတ်ပေးခဲ့သည့် မွေးမြူရေးကဏ္ဍမှ လုပ်ငန်း ၃၂၇ ခု ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလအား သက်တမ်း ၁ နှစ် စေ့ရောက်သည့်နေ့စ၍ သက်တမ်း ၁ နှစ် တိုးမြှင့်ပေးကြောင်း အသိပေးကြေညာခဲ့ပါသည်။

၃။ ယခုအခါ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးလုပ်ငန်းများ ထိခိုက်မှုများကြောင့် ပြည်တွင်းရှိစီးပွားရေးလုပ်ငန်းများ ငွေကြေးလည်ပတ်မှုအဆင်ပြေချောမွေ့စေရေးအတွက် ချေးငွေပြန်လည်ပေးဆပ်ရမည့်ကာလကို ချေးငွေပြန်လည်ပေးဆပ်ရန် ကာလစေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် သက်တမ်းတိုးမြှင့်ပေးရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက လမ်းညွှန်ခဲ့ပါသည်။

၄။ သို့ပါ၍ ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေရယူထားသည့် နိုင်ငံသားပိုင် ငါး၊ ပုစွန်မွေးမြူရေး အပါအဝင် မွေးမြူရေးကဏ္ဍမှ ကုမ္ပဏီ/လုပ်ငန်း ၃၂၇ ခုအနေဖြင့် အောက်ပါအခြေအနေများဖြင့် ကိုက်ညီသူများအား ချေးငွေပြန်ဆပ်ရန်ကာလကို ချေးငွေကာလ သက်တမ်း ၂ နှစ် စေ့ရောက်သည့်နေ့မှစ၍ နောက်ထပ် ၁ နှစ် ထပ်မံတိုးမြှင့်ပေးပါကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) ပထမနှစ်အတွက် ပထမအကြိမ် အတိုးများအား ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ခ) ဒုတိယနှစ်အတွက် ဒုတိယအကြိမ် အတိုးများအား ကာလပြည့်မီက ပေးဆပ်ပြီး ဖြစ်ရပါမည်၊
(ဂ) ချေးငွေအား ရည်ရွယ်ချက်အတိုင်း ထိရောက်အောင် ဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီ/လုပ်ငန်း ဖြစ်ရပါမည်။

၅။ လုပ်ငန်းကော်မတီက ခွင့်ပြုခဲ့သည့် ချေးငွေထုတ်ယူခွင့်ပြုကြောင်း အကြောင်းကြားစာတွင် "ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်ခံရမည်ဖြစ်ပါကြောင်း" အသိပေးဖော်ပြပါရှိသဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများအနေဖြင့် ချေးငွေ အရင်း၊ အတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်ပါက ချေးငွေသဘောတူစာချုပ်ပါအတိုင်း ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ တရားမကြောင်းအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သက်တမ်းတိုးမြှင့်ရန် ခွင့်ပြုထားသည့်ကာလအတွင်း အပြီးသတ် အပြေအကျေပေးဆပ်ရန် အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့်**
**စီးပွားရေးသက်ရောက်မှုများအပေါ်ကုစားရေးလုပ်ငန်းကော်မတီ**

# သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ တာဝန်ရှိသူများအား မှာကြား

**မော်လမြိုင် နိုဝင်ဘာ ၁၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယမန်နေ့ နံနက်ပိုင်းက မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ မြိုင်သာယာ သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားသော ပျိုးပင် ၁၅၀၀၀ နှင့် သစ်မျိုး ၁၁ မျိုးဖြင့် ပျိုးပင် ၂၃၀၀၀ ကြိုတင်ပျိုးထောင်ရန် ပြင်ဆင်ထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်သစ်တောရုံး၌ ဦးစီးဌာန/လုပ်ငန်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး သစ်တောကဏ္ဍ၊ သတ္တုကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်၊ အရာထမ်း/အမှုထမ်းများ၏ စွမ်းဆောင်ရည်





ပိုမိုမြင့်မားလာစေရေး အတွက် စဉ်ဆက်မပြတ်လေ့လာ သင်ယူသွားရန်နှင့် အဂတိတရားကင်းရှင်းစွာဖြင့် တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ကြရန် မှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ပြည်နယ်အတွင်းရှိ သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် ဝန်ကြီးဌာနနှင့် ပြည်နယ်အစိုးရအဖွဲ့တို့ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်ခရိုင် မုဒုံမြို့နယ်ရှိ တာပသွန် သစ်တောပျိုးဥယျာဉ်သို့ သွားရောက်၍ ပျိုးဥယျာဉ်အတွင်း ပျိုးထောင်ထားရှိသော ပျိုးပင် ၈၄၀၀၀ ကျော်ကို ကြည့်ရှုစစ်ဆေးပြီး အမြင့် နှစ်ပေအထက် ပျိုးပင်များ စဉ်ဆက်မပြတ် ရရှိစေရေးအတွက် သစ်စေ့ စုဆောင်းခြင်းနှင့် ပျိုးထောင်ခြင်း လုပ်ငန်းများကို နှစ်စဉ် ကြိုတင်ဆောင်ရွက်သွားရန်နှင့် တစ်ပင်စိုက် တစ်ပင်ရှင်အောင် စိုက်ပျိုးသွားရန် မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မုဒုံမြို့နယ် သစ်တောရုံးသို့ သွားရောက်ပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနရုံးသို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ ယနေ့ကမ္ဘာတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အတွက် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဟန်ချက်ညီဖြစ်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် မဟာဗျူဟာများချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို ကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အရည်အချင်းပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်ရန် ကြိုးပမ်း ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့သစ်လုပ်ငန်း၊ ပြည်နယ် ပြည်တွင်း ရောင်းဝယ်ရေးနှင့် သစ်စက်ဌာနရုံး၊ ပြည်နယ်သစ်ထုတ်ရေးရုံးနှင့် ပြည်နယ်ဆားလုပ်ငန်းရုံးတို့သို့ သွားရောက်၍ ဝန်ထမ်းများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေးဒရဲမြို့နယ် စည်ပင်သာယာရေးဈေးကြီးတွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဒေးဒရဲ နိုဝင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဇာတ်တိုက်လေ့ကျင့်ခန်းများ စုပေါင်းဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် စုပေါင်းဆောင်ရွက်သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူးရဲမှူးသက်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝဏ္ဏထွန်းက မြို့မဈေးတည်ဆောက်ထားရှိမှု၊ အရေးပေါ် မီးလောင်မှုဖြစ်ပွားလာပါက မီးငြိမ်းသတ်ရေးပစ္စည်းများ ဆောင်ရွက်ထားရှိမှု၊ ရေရရှိမှုအခြေအနေများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုဖွဲ့ထားရှိမှု အခြေအနေများကို တင်ပြဆွေးနွေးခဲ့ခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးဟန်ဝင်းစိုးက အရေးပေါ်မီးလောင်မှုဖြစ်ပွားလာပါက ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားနိုင်သည့် အခြေခံအကြောင်းရင်းများကို ဆွေးနွေးဟောပြောသည်။

ဆက်လက်၍ တက်ရောက်လာသူများက မီးသတ်ဆေးဘူးလက်တွေ့ကိုင်တွယ် အသုံးပြု၍ မီးငြိမ်းသတ်မှုများအား မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ အရေးပေါ် မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်မှုများကို စုပေါင်းဆောင်ရွက်ကြပြီး မြို့မဈေးကြီးတွင် ဈေးမီးဘေးလုံခြုံရေးဆောင်ရွက်



ထားရှိမှု၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

ကမ္ဘာ့ဖြစ်ရပ်မှန်မြင်ကွင်းကြားက ရယူအပ်ရာသင်ခန်းစာများ

# မီဒီယာသတ်ကွင်းထဲက ယနေ့အစ္စရေးနှင့် ပါလက်စတိုင်း

မြင့်မြတ်

ယနေ့ခေတ်သစ်စစ်ပွဲတွေဟာ စစ်သည်၊ လက်နက်ကျည်ဆန်ချင်း တိုက်ကြခိုက်ကြသည်သာ မဟုတ်တော့ဘဲ စပ်စစ်ပွဲ (Hybridwarfare)၊ အလုံးစုံ- ပေါင်းစပ်စစ်ပွဲ (Total Hybridwarfare) တွေဆိုပြီး သတိထားစရာတွေ၊ သင်ခန်းစာယူစရာတွေ ရှိလာပြီဖြစ်ပါတယ်။

မဟာဗျူဟာမြောက် စစ်ပွဲသဏ္ဌာန်တွေဟာ ရောနှောရှုပ်ထွေးမှုတွေ ရှိလာကြပါပြီ။ သမားရိုးကျပုံသဏ္ဌာန်တွေကနေ ဖောက်ထွက်ပြီး ပုံမှန်မဟုတ်တဲ့ စစ်ပွဲသဏ္ဌာန်တွေဟာ ဒီဘက်ခေတ်မှာ ပိုပြီးထင်ရှားလာပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လာကြတယ်။ သတင်းတု၊ သတင်းမှားလွှင့်ပြီး ပုံမှားရိုက် မီဒီယာထိုးနှက်ချက်ကို အများဆုံး တွေ့လာနေရတယ်။ နိုင်ငံရေးအရ စွက်ဖက်မှုတွေ၊ သံခင်းတမန်ခင်း စီးချင်းထိုးမှုတွေ၊ နိုင်ငံခြားတိုင်းပြည်တွေရဲ့ ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ပြီး ကိုယ်လိုချင်တဲ့ပါတီ အနိုင်ရအောင်နဲ့ ကြိုးကိုင်အစိုးရဖန်တီးမှုတွေ၊ ဆန့်ကျင်ဘက်ကို ဥပဒေအရ တရားမဝင်အောင်၊ ဥပဒေယိုယွင်းပျက်ပြားအောင် လုပ်တာကအစ နည်းမျိုးစုံနဲ့ ဝင်ရောက်စွက်ဖက်တာတွေဟာ အလုံးစုံ-ပေါင်းစပ်စစ်ပွဲပုံသဏ္ဌာန်တွေပါပဲ။

## မယုံသင့်သည့်အမှားတွေကြောင့် လူ့အဖွဲ့အစည်းအထိ သက်ရောက်မှုရှိနိုင်

အလုံးစုံ-ပေါင်းစပ်စစ်ပွဲဟူသည် ပြီးဆုံးဖို့ကာလအားဖြင့် ခန့်မှန်းရခက်လောက်အောင် ကြာရှည်တတ်ပါတယ်။ အထူးသဖြင့် မီဒီယာအားကို အသုံးချကြတာ များပါတယ်။ တစ်နည်းအားဖြင့် သတင်းအချက်အလက် စစ်ဆင်ရေးအသွင်ကို တလွဲအသုံးချခြင်းပါပဲ။ သတင်းတွေရဲ့ အတိမ်အနက်အရ မှန်ချင်မှန်၊ မှားချင်မှားမယ်၊ ဒါပေမဲ့ အစွဲကိုယ်စီနဲ့ဆိုတော့ မှားဖို့က များပါတယ်။ အမှားကများ အမှန်ကနည်းပြီး နောက်ပိုင်းမှာ အမှားနဲ့အမှန် ရောထွေးကာ ဝါဒဖြန့်ထုတ်လွှင့်လာကြတယ်။

ကောလာဟလဖြန့်ချိတာမျိုး အမြောက်အမြားကြုံဖူးကြမှာပါ။ သတင်းတု၊ သတင်းမှားတွေနဲ့ သတင်းဖောင်းပွမှုတွေများလွန်းပြီး အချက်အလက်တင်ပြဖို့ထက် ဝါဒဖြန့်သက်သက်ချည်းသာ တွေ့လာရတယ်။ သတင်းလှိုင်းတွေကြားမှာ နှစ်ဖက်ပြိုင်ဆိုင်မှုက ပိုပြီးပြင်းထန်သွားတဲ့အခါ မလိုလားအပ်တဲ့သက်ရောက်မှုကို ကြားကပြည်သူတွေ ကြီးကြီးမားမား ခံစားကြရပါတယ်။

ယနေ့ အစ္စရေး-ဟားမားစ်စစ်မှာလည်း ထိုနည်းအတိုင်းပါပဲ။ မီဒီယာချင်း အသည်းအသန် စစ်ခင်းနေကြတာ တွေ့ရပါတယ်။ လက်နက်ချင်းယှဉ်ပြိုင်တိုက်ခိုက်ခြင်းက စစ်တပ်တစ်ခု၊ ဒေသတစ်ခုကိုသာ အနိုင်ရနိုင်ပေမယ့် မီဒီယာနဲ့ ဝါဒဖြန့် အားသာချက်က လူ့အဖွဲ့အစည်းကြီးတစ်ခုလုံးအပေါ် ဂယက်ရိုက်သွားနိုင်ပါတယ်။



ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သော အဆောက်အအုံရှေ့တွင် ကလေးငယ်တစ်ဦးအား ကယ်ဆယ်နေသည်ကို တွေ့ရစဉ်။

ဥပမာ- တိုက်ပွဲမဖြစ်တဲ့နေရာမှာ တိုက်ပွဲတွေနဲ့ မငြိမ်းချမ်းသယောင်၊ ပြည်သူလူထုကြားစိမ့်ဝင်မြုပ်နှံပြီး လူတွေကြားထဲ တိုက်ကွက်ဖော်၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ပြီး ပြန်လည်အတိုက်ခံရတဲ့အခါ ကျဆုံးဒဏ်ရာရခါမှ ပြည်သူတွေကိုပဲ ပစ်သတ်နေသယောင်၊ တစ်ဖက်က အကျအဆုံးများနေပြီ၊ အင်အားမရှိတော့ဘူးဆိုပြီး ကိုယ့်အပေါ် ထောက်ခံနေသူတွေ အားမလျော့သွားအောင် လုပ်ကြံဝါဒဖြန့်ခြင်းမျိုးတွေကို... breaking news နဲ့ ထပ်တလဲလဲ ပြသခြင်းဟာ လူတွေမှာ စိတ်လှုပ်ရှားမှုများစွာ ဖြစ်သွားစေပါတယ်။ နှစ်ဖက်လေလုံးထွားမှုတွေဟာ သဘောထားကွဲလွဲမှုတွေကို ပိုပြီးနက်ရှိုင်းသွားစေတာကို တွေ့ရပါတယ်။ ဒါကြောင့် ဖြစ်တတ်တဲ့ စိုးရိမ်ပူပန်မှုသောကကို အခွင့်ယူပြီး ဖြစ်ပေါ်လာတဲ့ မဟုတ်မမှန် ဝါဒဖြန့်ချက်တွေကို အလွန်အမင်း မယုံကြည်ဘဲ သေချာဆန်းစစ်ဖို့သာ လိုအပ်ကြောင်း တွေ့ရပါတယ်။

## မီဒီယာထောင်ချောက်ထဲ ရောက်သွားရတဲ့အစ္စရေး

ဒီလိုစပ်စစ်ပွဲပုံစံမျိုးစုံနဲ့ ယနေ့ခေတ်စစ်ပွဲတွေမှာ အသုံးပြုလာကြတဲ့နေရာမှာ မီဒီယာစစ်ပွဲအသွင်သဏ္ဌာန်ကို ဟားမားစ်နဲ့ ပါလက်စတိုင်းတို့ ဘယ်လိုအသုံးပြုနေသလဲ လေ့လာစေချင်၊ သင်ခန်းစာယူစေချင်ပါတယ်။ ယနေ့ အစ္စရေး-ဟားမားစ်စစ်ဟာ အောက်တိုဘာလ ၇ ရက်နေ့က ဟားမားစ်တို့က အစ္စရေးနယ်ထဲ လျှပ်တစ်ပြက်ဝင်တိုက်ခိုက်လို့ စတင်ဖြစ်ခဲ့တယ်။ အစ္စရေးစစ်သည်အရပ်သား ၁၄၀၀ ကျော်လောက် ကျဆုံးသေဆုံးပြီး ၂၃၀ ခန့် ပြန်ပေးဆွဲခံရတယ်... အားလုံးသိပြီးသား၊ ဒီအပေါ်မှာ အစ္စရေးဘက်က တုံ့ပြန်ပုံက အဆမတန် ပြင်းထန်ခဲ့ပါတယ်။ မိမိကိုယ်မိမိ ခုခံကာကွယ်ပိုင်ခွင့်ကိုကျော်ပြီး ဂါဇာဒေသက အရပ်သား ကလေးဒုက္ခသည်မချန်၊ အရပ်သား၊ အကြမ်းဖက်မရွေး ဗုံးကြဲတိုက်ခိုက်တယ်၊ ဆေးရုံ၊ ဒုက္ခသည်စခန်း၊ မြို့ရွာ၊ လူနေအိမ်ခြေနေရာမရွေး၊ အစာရေစာ၊ ရိက္ခာ၊ ဆက်သွယ်ရေး အကုန်ဖြတ်တောက်လိုက်တဲ့အခါ ဂါဇာလူ့အဖွဲ့အစည်းကြီးဟာ ပြိုကွဲပျက်စီးသွားရပါတော့တယ်။

အစ္စရေးဟာ ကမ္ဘာပေါ်မှာ အင်မတန်မှ အညှာအတာကင်းပြီး၊ စစ်လိုလားပြီး စစ်ရာဇဝတ်ကျူးလွန်သော၊ လူ့အခွင့်အရေးကို လုံးဝမကြည့်သော၊ လူသားချင်း စာနာထောက်ထားစိတ်မရှိသော နိုင်ငံတစ်နိုင်ငံအဖြစ်ကို နေ့ချင်းညချင်း ရောက်သွားရပါတော့တယ်။

၈-၁၁-၂၃ ရက်နေ့က ဂါဇာမြို့လယ်ကောင်အထိ ထိုးဖောက်ဝင်ရောက်ပြီး ဂါဇာကို ဝိုင်းထားနိုင်ပြီဖြစ်တဲ့ အစ္စရေးဟာ နိုင်ငံတကာနဲ့ဆက်ဆံရေးမှာတော့ အနုတ်သဘောဆောင်လာနေပြီး နိုင်ငံတကာရဲ့ဖိအားပေးခြင်းတွေကို အလူးအလဲခံနေရပါတော့တယ်။ ကုလသမဂ္ဂနဲ့ အဖွဲ့အစည်းတွေရဲ့ တောင်းဆိုမှုတွေအောက်က ဖိအားတွေနဲ့အတူ နောက်ဆုံးခေါင်းကိုင်ဆရာ အမေရိကန်ကြီးတောင် မနေသာတော့ဘဲ လူသားချင်းစာနာထောက်ထားမှုကို ရှေးရှုပြီး ခေတ္တအပစ်ရပ်ဖို့ ဆော်ဩရတဲ့အထိ ဖြစ်သွားရတယ်။

ဒါပေမဲ့ အစ္စရေးက ဂရုမစိုက်တဲ့အတွက် မကြာခင် ကမ္ဘာမှာ ဂျူးဆန့်ကျင်ရေးတွေ အားကောင်းလာနိုင်တဲ့ အလားအလာတွေ တွေ့နေရပါတယ်။ မီဒီယာအားက ဘယ်လောက်ကောင်းသလဲဆိုရင် အနောက်နိုင်ငံက မြို့ကြီးတွေမှာ ပါလက်စတိုင်းထောက်ခံတဲ့လူတွေ သိန်းနဲ့ချီ လမ်းပေါ်ထွက်လာတဲ့အထိဖြစ်လာပြီး သမ္မတဘိုင်ဒင်ရဲ့ ဒီမိုကရက်ပါတီအတွင်းမှာတောင် ပါလက်စတိုင်းထောက်ခံသူနဲ့ ဆန့်ကျင်သူ နှစ်ပိုင်းကွဲတဲ့အထိ ဖြစ်သွားရပါတယ်။

ကာတာနိုင်ငံအခြေစိုက် အရှေ့အလယ်ပိုင်း အယ်လ်ဂျာဇီးယားသတင်းဌာနဟာ ယနေ့ ဂါဇာအခြေအနေကိုဖော်ပြရာမှာ အပီပြင်ဆုံးပါပဲ။ နေ့စဉ်အချိန်ပြည့် ဂါဇာအရေးချည်း တင်ဆက်နေရာမှာ အစ္စရေးကြောင့် ပါလက်စတိုင်းတွေ သေကျေထိခိုက်နေရပုံတွေကို ဇာတ်နာအောင်ရိုက်ပြထားပါတယ်။ ကြမ်းတမ်းစက်ဆုပ်ဖွယ် တိုက်ပွဲမြင်ကွင်းတွေ၊ လေကြောင်းက ဗုံးကြဲလို့ အဆောက်အအုံတွေ၊ ဆေးရုံတွေ၊ ဒုက္ခသည်စခန်းတွေ တစ်စစီ အုတ်ခဲအုတ်ပုံတွေအဖြစ် စိစိညက်ညက်ကြေ ပြိုကျပျက်စီးပုံတွေ၊ သွေးသံတရဲရဲနဲ့ အော်ဟစ်ညည်းတွားနေကြတဲ့ ဒုက္ခိတပုံတွေ၊ သေဆုံးသွားတဲ့ မိခင်ဖခင်တွေ မရှိတော့လို့ မိဘမဲ့ကလေးငယ်တွေရဲ့အဖြစ် ပြိုကွဲကြေမွသွားတဲ့ မိသားစုအသိုက်အမြုံလက္ခဏာတွေ၊ မသေမရှင်ကလေးတွေကို ပြိုကျနေတဲ့အုတ်ပုံတွေကနေ ဆွဲထုတ်နေပုံ အနိဋ္ဌာရုံတွေနဲ့အတူ ကမ္ဘာတစ်ဝန်းမှာ ပါလက်စတိုင်းထောက်ခံတဲ့ ဆန္ဒပြပွဲသတင်းတွေဟာလည်း နေ့စဉ်ရက်ဆက်ပါပဲ။

စာမျက်နှာ ၇ သို့ ✤

မဟာဗျူဟာမြောက် စစ်ပွဲသဏ္ဌာန်တွေဟာ ရောနှောရှုပ်ထွေးမှုတွေ ရှိလာကြပါပြီ။ သမားရိုးကျပုံသဏ္ဌာန်တွေကနေ ဖောက်ထွက်ပြီး ပုံမှန်မဟုတ်တဲ့ စစ်ပွဲသဏ္ဌာန်တွေဟာ ဒီဘက်ခေတ်မှာ ပိုပြီးထင်ရှားလာပါတယ်။ ဆိုက်ဘာတိုက်ခိုက်မှုတွေ ပြုလုပ်လာကြတယ်။ သတင်းတု၊ သတင်းမှားလွှင့်ပြီး ပုံမှားရိုက် မီဒီယာထိုးနှက်ချက်ကို အများဆုံးတွေ့လာနေရတယ်။ နိုင်ငံရေးအရ စွက်ဖက်မှုတွေ၊ သံခင်းတမန်ခင်းစီးချင်းထိုးမှုတွေ၊ နိုင်ငံခြားတိုင်းပြည်တွေရဲ့ရွေးကောက်ပွဲတွေမှာ ဝင်ရောက်စွက်ဖက်ပြီး ကိုယ်လိုချင်တဲ့ပါတီ အနိုင်ရအောင်နဲ့ ကြိုးကိုင်အစိုးရဖန်တီးမှုတွေ၊ ဆန့်ကျင်ဘက်ကို ဥပဒေအရ တရားမဝင်အောင်၊ ဥပဒေယိုယွင်းပျက်ပြားအောင်လုပ်တာကအစ နည်းမျိုးစုံနဲ့ ဝင်ရောက်စွက်ဖက်တာတွေဟာ အလုံးစုံ-ပေါင်းစပ်စစ်ပွဲပုံသဏ္ဌာန်တွေပါပဲ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် နေပြည်တော်နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၄**

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်နည်းပညာတက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် နေပြည်တော်နည်းပညာတက္ကသိုလ်သို့ရောက်ရှိပြီး ကျောင်းတာဝန်ခံ၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများနှင့်တွေ့ဆုံရာ အဆင့်မြင့် သိပ္ပံနှင့်နည်းပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က နေပြည်တော်နည်းပညာတက္ကသိုလ်တွင် သင်ကြားသင်ယူဆောင်ရွက်နိုင်မှု၊ လက်တွေ့ခန်းများ ပြင်ဆင်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှု အထောက်အကူပြုစနစ် (Learning Management System–LMS) အသုံးပြုကာ ဆောင်ရွက်ထားရှိမှု၊ ကျောင်းဆိုင်ရာ အချက်အလက်များ၊ စီမံခန့်ခွဲမှုဆိုင်ရာနှင့် တာဝန်ပေးအပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများ၏သင်ကြားသင်ယူမှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ သင်ကြားသင်ယူမှု ပတ်ဝန်းကျင်ကောင်းများ ဖြစ်ပေါ်စေရေးကိစ္စရပ်များကို မှာကြားပြီး နေပြည်တော်နည်းပညာတက္ကသိုလ်ရှိ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှု အထောက်အကူပြုစနစ် (Learning Management System – LMS)အသုံးပြု သင်ကြားမှုများ၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ သုတေသနဓာတ်ခွဲခန်းများ၊ Language Lab၊ ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



အဆိုပါ နေပြည်တော်နည်းပညာတက္ကသိုလ်တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ်၊ အီလက်ထရွန်နစ်အင်ဂျင်နီယာဘာသာရပ်၊ လျှပ်စစ်စွမ်းအားအင်ဂျင်နီယာဘာသာရပ်၊ စက်မှုအင်ဂျင်နီယာဘာသာရပ်၊ သတင်းအချက်အလက် နည်းပညာဘာသာရပ်၊ ဗိသုကာဘာသာရပ်နှင့် စိုက်ပျိုးရေးအင်ဂျင်နီယာဘာသာရပ်များ သင်ကြားပေးလျက်ရှိပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)သို့ ရောက်ရှိပြီး ဖွင့်လှစ်လျက်ရှိသည့် ဂဟေဆက်ကာလတိုသင်တန်း (Arc Welding Training) သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုပြီး ၂၀၂၃–၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားမည့် စက်မှုလယ်ယာနည်းပညာဒီပလိုမာသင်တန်း (Diploma in Farm Machinery Technology)အတွက် ကြိုတင်ပြင်ဆင်ထားရှိသည့် သင်ထောက်ကူစက်ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)မှ ဒုတိယနှစ် ကျောင်းသား ကျောင်းသူများ ပြုလုပ်ထားသည့် Project များကို လှည့်လည်ကြည့်ရှုပြီး ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်မှ လုပ်ငန်းခွင် လက်တွေ့ကွင်းဆင်းဆောင်ရွက်နေသည့် ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများ၊ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)မှ ဆရာ ဆရာမနှင့် ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကို သိုက်တူးကန်ကျေးရွာ ကွင်းအမှတ် (၈၄၆ A) ဦးပိုင်အမှတ် (၁၅/၂) တောင်သူ ဦးမောင်မြင့်၏ မိုးစပါးစံပြစိုက်ခင်းတွင် ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် မော်ဘီ (၃) မိုးစပါး အထွက်နှုန်းမှာ စပါး အစိုထွက်နှုန်း တစ်ဧကလျှင် ၁၀၂ တင်း၊ အခြောက် ၉၂ တင်း ထွက်ရှိကြောင်း သိရသည်။

သုံးခွမြို့နယ်၌ မိုးစပါးစိုက်ဧက ၁၅၃၆၄ ဧကရှိပြီး ယနေ့အထိရိတ်သိမ်းပြီး ဧက ၉၇၅၁၃ ဧကရှိသည်။

မိုးစပါးစံကွက် ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မိုးခါး**

✤ စာမျက်နှာ ၆ မှ

ဒီမြင်ကွင်းတွေကို အချိန်တိုင်း၊ နာရီတိုင်း နေ့စဉ်မပြတ် ထပ်တလဲလဲ ထုတ်လွှင့်ခြင်းဖြင့် စိတ်ထိခိုက်ကြေကွဲရတဲ့ ကမ္ဘာ့ပြည်သူတွေရဲ့ စာနာသနားမှုကို ရယူသွားပုံကို သတိထားလိုက်မိပါတယ်။ ကမ္ဘာကြီးရဲ့ညာတာထောက်ထားမှုကို ပါလက်စတိုင်းတွေ ရလိုက်ပါပြီ။ တစ်ဆက်တည်း အစ္စရေးအပေါ် နိုင်ငံတကာရဲ့ သက်ရောက်မှုက တစ်ရက်ပြီး တစ်ရက် ပိုမိုပြင်းထန်လာတာကို တွေ့ရပါတယ်။ ပါလက်စတိုင်းတွေဟာ နိုင်ငံတကာရဲ့ စာနာမှုကို ရယူရာမှာ ဒီလိုမြင်ကွင်းတွေက အလွန်ကိုထိရောက်လှပါတယ်။

### အစ္စရေးအားပေးမီဒီယာဘက်ကကြည့်ရင်

မီဒီယာတိုက်ပွဲတွေဟာ တစ်ဖက်တည်းကချည်း မဟုတ်ပါဘူး။ နှစ်ဖက်မီဒီယာတွေဟာ ပဋိပက္ခကို အကြောင်းပြု၊ အားနည်းချက်ကို အခွင့်ကောင်းယူ အသုံးချပြီး ကိုယ်လိုရာဆွဲ ပုံဖော်တင်ပြကြတာဟာ ယနေ့ခေတ်မှာ အဆန်းမဟုတ်တော့ပါဘူး။ အစ္စရေးဘက်ကနေ အနောက်တိုင်းမီဒီယာတွေက ဖော်ပြပေးရာမှာ ဟားမားစ်တွေက အစ္စရေးကို ဝင်တိုက်လို့ လူပေါင်း ၁၄၀၀ ကျော် သေဆုံးတဲ့ သတင်းနဲ့ ဓားစာခံအဖမ်းခံရတဲ့သတင်းတွေ၊ အစ္စရေးဝန်ကြီးချုပ်ရဲ့ ရှေ့တန်းစစ်မြေပြင်အရောက် သွားရောက်အားပေးညွှန်ကြားနေပုံတွေ၊ ဂါဇာနယ်မြေထဲအထိ အစ္စရေးတပ်တွေ ထိုးဖောက်တိုက်ခိုက်တဲ့အခါ မြေအောက်လိုဏ်ခေါင်းတွေမှာ စီးနင်းတိုက်ခိုက်ကြပုံ၊ အထူးသဖြင့် စာသင်ကျောင်းတွေ၊ ဗလီတွေနဲ့ ဆေးရုံတွေအောက်မှာ မြေအောက်စစ်ဆင်ရေးလိုဏ်ခေါင်းတွေကို ဖော်ထုတ်နိုင်ပုံ၊ အစ္စရေးတွေ စိတ်ဓာတ်တက်ကြွစေမယ့် အစ္စရေးနိုင်ငံပေါ်ပေါက်လာပုံ သမိုင်းမြင်ကွင်းတွေနဲ့ အစ္စရေး – အာရပ်စစ်ပွဲသတင်းတွေကို အသားပေးဖော်ပြတာကိုတွေ့ရတာဟာ တစ်ဖက်သတ်ဆန်လွန်းနေသလိုပါပဲ။ ဒါပေမဲ့ မီဒီယာအားမှာတော့ အစ္စရေးထက် ပါလက်စတိုင်းတွေဘက်က အနည်းငယ်သာနေသယောင် တွေ့ရပါတယ်။

**သင်ခန်းစာက ဘာရလိုက်သလဲဆိုတော့ တစ်ခါတလေ တိုက်စွမ်းရည်နဲ့ သေနတ်ကျည်ဆန်ထက် မီဒီယာကျည်ဆန်က ပိုပြီးအစွမ်းထက်တာတွေ့ရသလိုပါပဲ။ စစ်ရေးအရ အောင်ပွဲတွေရနေပေမယ့် နိုင်ငံရေးအရ ရှုံးနိမ့်သွားနိုင်တဲ့သဘောလည်း ရှိချင်ရှိနိုင်တယ်။ မီဒီယာဖိအားက နိုင်ငံတကာဖိအားနဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ်မှာ သက်ရောက်တယ်ဆိုပေမယ့် နိုင်ငံတကာဖိအားကို လုံးဝဂရုမစိုက်ဘဲ စစ်တိုက်ရမယ့်အချိန်မှာ ညှိနှိုင်းမှုမလုပ်၊ နိုင်ငံတကာဥပဒေမှန်သမျှ ဘေးချိတ်၊ နေတန်ယာဟုလို ပြတ်သားပြတတ်တဲ့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ အနာဂတ်မှာ နိုင်ငံတကာဆက်ဆံရေးကို ဘယ်လိုပုံစံနဲ့သွားမလဲ၊ သူဘာတွေကြိုတင်မြော်တွေးထားမလဲဆိုတာကလည်း စိတ်ဝင်စားစရာပါ**

### သင်ခန်းစာယူသင့်တာယူရမည့်အချက်များ

သင်ခန်းစာက ဘာရလိုက်သလဲဆိုတော့ တစ်ခါတလေ တိုက်စွမ်းရည်နဲ့ သေနတ်ကျည်ဆန်ထက် မီဒီယာကျည်ဆန်က ပိုပြီးအစွမ်းထက်တာတွေ့ရသလိုပါပဲ။ စစ်ရေးအရ အောင်ပွဲတွေရနေပေမယ့် နိုင်ငံရေးအရ ရှုံးနိမ့်သွားနိုင်တဲ့သဘောလည်း ရှိချင်ရှိနိုင်တယ်။ မီဒီယာဖိအားက နိုင်ငံတကာဖိအားနဲ့ နိုင်ငံတကာဆက်ဆံရေးအပေါ်မှာ သက်ရောက်တယ်ဆိုပေမယ့် နိုင်ငံတကာဖိအားကို လုံးဝဂရုမစိုက်ဘဲ စစ်တိုက်ရမယ့်အချိန်မှာ ညှိနှိုင်းမှုမလုပ်၊ နိုင်ငံတကာဥပဒေမှန်သမျှ ဘေးချိတ်၊ နေတန်ယာဟုလို ပြတ်သားပြတတ်တဲ့ခေါင်းဆောင်တစ်ယောက်အနေနဲ့ အနာဂတ်မှာ နိုင်ငံတကာဆက်ဆံရေးကို ဘယ်လိုပုံစံနဲ့သွားမလဲ၊ သူဘာတွေကြိုတင်မြော်တွေးထားမလဲ ဆိုတာကလည်း စိတ်ဝင်စားစရာပါ။

စစ်ရေးအရ အောင်မြင်မှု တသီကြီးရနိုင်ပေမယ့် နိုင်ငံတကာအလယ်မှာ ဖြေရှင်းရမယ့်ကိစ္စတွေ အများကြီးရှိလာမှာသေချာပါတယ်။ လောလောဆယ်ကို အစ္စရေးရဲ့စီးပွားရေးတိုးတက်နှုန်းက ကျဆင်းသွားပြီး သူ့ပြည်သူတွေက ဆန္ဒပြနေကြပါပြီ။ ဒါကြောင့်လည်း ပဋိပက္ခတိုင်းမှာ ချင့်ချိန်လုပ်ရတာတွေ ရှိကောင်းရှိနိုင်ပါတယ်။ ဘာပဲလုပ်လုပ် သက်ရောက်မှုတိုင်းမှာ အဆိုးအကောင်းက ဒွန်တွဲစမြဲဖြစ်တဲ့အတွက် အများကြီးဆင်ခြင်ရပါတယ်။

အထူးသဖြင့် အရပ်သားပြည်သူတွေနဲ့ ရောနှောတိုက်ခိုက်နေရတဲ့ အခြေအနေမျိုးတွေမှာ အရပ်သားကို လူတံတိုင်းကာပြီး တိုက်ခိုက်တတ်တဲ့ အကြမ်းဖက်တွေနဲ့ ရင်ဆိုင်ရတဲ့အခါမှာ ကြားညှပ်ပြီး မီဒီယာထောင်ချောက်မှာ ပိတ်မိမခံရဖို့က အရေးကြီးပါတယ်။ လူကောင်းကို လူဆိုး၊ လူဆိုးကို လူကောင်းဖြစ်အောင် မမှန်မတ စွပ်စွဲချက်တွေနဲ့ တရားခံဖြစ်အောင်ဖန်တီး၊ အချို့ပြဿနာတွေမှာ တရားသောစစ်ကိုဆင်နွှဲသူကိုပင် အကြမ်းဖက်သမားဖြစ်အောင် ပုံဖော်လေ့ရှိကြတာကို သတိပြုဖို့လိုပါတယ်။

**အဓိကက ပညာတတ်ပြီး စဉ်းစားဉာဏ်ရှိဖို့ပါ။ ကမူးရှူးထိုးထမလုပ်ဘဲ အန္တရာယ် အနည်းအများနဲ့ စွန့်စားရမှု အနည်းအများကို တွက်ချက်နိုင်စွမ်း Calculated risk ရှိရပါမယ်။ အကျိုးစီးပွားတွက်ချက်ရမှုလည်း ရှိနိုင်ပါတယ်။ တစ်ကိုယ်ရေစိတ်ခံစားမှုထက် တစ်နိုင်ငံလုံး အကျိုးစီးပွားကို အဓိကထားတွက်ချက်ပြီး စဉ်းစားကောင်း စဉ်းစားရနိုင်ပါတယ်။ တရားသဘောအရတော့ သဒ္ဓါနဲ့ပညာ မျှဖို့ပေါ့။ ပြည်သူတွေအသိမဲ့ရင် နောက်ကွယ်က ကြိုးကိုင်နေတဲ့ မီဒီယာတွေရဲ့ လွှမ်းမိုးအနိုင်ယူခြင်းခံရနိုင်သလို သဒ္ဓါနည်းပြီး ပညာသိပ်တတ်သွားရင်လည်း ဆိုးရွားတဲ့အပြုအမူနဲ့ မကောင်းတဲ့ရလဒ်တွေ ဖြစ်လာနိုင်တဲ့ သင်ခန်းစာတွေ ရှေ့မှာအများကြီးပါ။**

နိုင်ငံတကာမှာလည်း ထိုနည်းတူပါပဲ...။ အမျိုးသားရေးနဲ့မျိုးချစ်စိတ်ကို အခွင့်ကောင်းယူပြီး ကိုယ့်အကျိုးစီးပွားအတွက် ဝါဒဖြန့်သက်သက် အလွဲသုံးစားအသုံးချနေပုံတွေကို သေချာကြည့်နိုင်မြင်နိုင်ရပါမယ်။ နား၊ မျက်စိနဲ့ အာရုံတွေအပေါ် လိုက်ပြီး စိတ်ကူးယဉ်ခံစားမှုထက် ဦးနှောက်သုံးပြီး လက်တွေ့ကျတဲ့ လက်တွေ့သမားတွေသာ ဖြစ်စေလိုပါတယ်။

အဓိကအချက်ကတော့ အမှားများတော့ အမှန်ထင်ဆိုသလို အစွန်းတစ်ဖက်ဆီ သိသိသာသာကြီး ရောက်မသွားအောင် အထိန်းအကွပ် အများကြီး လိုတယ်ဆိုတာပါပဲ။ လိုရာဆွဲ ပုံကြီးချဲ့ပုံဖျက်သတင်းမှားနဲ့ ဖြတ်ညှပ်ကပ် လုပ်ကြံသတင်းတုတွေကြားမှာ စဉ်းစားဉာဏ်နဲ့ ပိုင်းခြားစိစစ်နိုင်ဖို့ လိုအပ်ပါတယ်။ သို့မှသာ မဟုတ်တာ မမှန်တာတွေအပေါ် ပညာဉာဏ်နဲ့ အန်တုရင်ဆိုင်နိုင်မှာဖြစ်ပြီး အမှားနည်း၍ အမှန်များလာမှာဖြစ်ကာ အားလုံးအတွက် ထာဝရငြိမ်းချမ်းရေးဆိုတာလည်း ပိုမိုသေချာလာမှာဖြစ်ပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)နှင့် ဆေးဝါးစက်ရုံ(အင်ရောင်း) ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၄

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ရှိ အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးအား စက်ရုံမှူးနှင့် တာဝန်ရှိသူများက ကျန်းမာရေးဝန်ကြီးဌာနမှ အမှာစာဖြင့် မှာယူထားသည့်ဆေးရုံသုံးခုတင်များ၊ ဗီရိုများ၊ လူနာတင်တွန်းလှည်းများ ထုတ်လုပ်နေမှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ လမ်းညွှန်ချက်များကို ထပ်ဆင့်ရှင်းလင်းပြောကြားသည်။

တင်ပြချက်များနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးက စက်ရုံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများအား သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ ထုတ်လုပ်နိုင်ရေးအတွက် အရည်အသွေး စီမံခန့်ခွဲမှုစနစ် ထူထောင်ထားရှိရန်၊ ထုတ်ကုန်ပစ္စည်းများ အရည်အသွေးကောင်းမွန်စေရေးအတွက် စက်ပစ္စည်းကိရိယာများကို ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်သည့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန်နှင့် စက်ပစ္စည်းကိရိယာများကိုလည်း အမြဲမပြတ်စစ်ဆေးပြုပြင်ရန်၊ စက်ရုံအနေဖြင့် ပြည်ပသွင်းကုန် အစားထိုးကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သောကုန်ကြမ်းများနှင့် စက်အရန်ပစ္စည်းများကို ကြိုတင်ဝယ်ယူစုဆောင်းထားရန်၊ ဈေးကွက်ကို မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာရန်နှင့် ဈေးကွက်သုတေသနလုပ်ငန်းများ ဆောင်ရွက်ရန်၊ ဈေးကွက်အတွင်း တောင်းဆိုမှုများပြားသည့် ထုတ်ကုန်ပစ္စည်းများ အမြန်ဆုံးထုတ်လုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊ ဈေးကွက်ဝင် ထုတ်ကုန်အမယ်သစ်များ ထုတ်လုပ်နိုင်ရေးအတွက် သုတေသနလုပ်ငန်းများကိုလည်း တိုးမြှင့်ဆောင်ရွက်ရန်၊ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ထုတ်ကုန်ပစ္စည်းများအား အချိန်မီပေးပို့နိုင်ရေး စီမံဆောင်ရွက်ရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ကုန်ထုတ်လုပ်မှု ဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းများအား တစ်ကိုယ်ရေသုံး အကာအကွယ်ပစ္စည်းများ (PPE) ပြည့်စုံစွာ ဝတ်ဆင်အသုံးပြုနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊ တစ်ယူနစ်ထုတ်လုပ်မှု ကုန်ကျစရိတ်များ လျော့နည်းသက်သာစေရေးအတွက် အသုံးစရိတ်များကို ခြိုးခြံချွေတာရန်၊ စက်ရုံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများအား ပြည်သူအများသိရှိအောင် ဆောင်ရွက်ရန် မှာကြားပြီး စက်ရုံမှထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု၊ ကျန်းမာရေးဝန်ကြီးဌာနမှ မှာယူထားသည့် ဆေးရုံသုံးခုတင်၊ ဗီရို၊ ဆေးတင်စင်၊ လူနာတင်တွန်းလှည်း၊ စတီးချိုင့်အမျိုးမျိုး၊ ဇွန်းနှင့် ခက်ရင်းများ ထုတ်လုပ်နေသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဆေးဝါးစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိပြီး ထုတ်လုပ်ပြီး သွေးကြောသွင်းဆေးရည်များ ထားရှိသိုလှောင်နိုင်ရေးအတွက် Steel Structure Warehouse တည်ဆောက်နေမှုနှင့် သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နေမှုလုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်သူများ လိုအပ်လျက်ရှိသည့် သွေးကြောသွင်း ဆေးရည်များအား ပိုမိုဖြည့်ဆည်းပေးနိုင်ရေးအတွက် စက်စွမ်းအားပြည့် လည်ပတ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## လူငယ်ရေးရာ

### ကမာရွတ်ခရိုင်၌ လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင် လေ့ကျင့်ရေးအထက်တန်းကျောင်း(ကမာရွတ်)၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက အဆိုပါကျောင်းပညာဗိမာန်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက ဗလငါးတန် ဖွံ့ဖြိုးတိုးတက်သည့် လူငယ်များပေါ်ထွက်လာစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ကမာရွတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးစိုးရန်နိုင်က မုဒိတာစကားပြောကြားပြီး လေ့ကျင့်ရေးအထက်တန်းကျောင်း(ကမာရွတ်) ကျောင်းအုပ်ဆရာမကြီး ဒေါက်တာသွယ်သွယ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် စာရေးဆရာရန်ကျော်က ကျောင်းသား လူငယ်များအတွက် အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန် စာပေဟောပြောပြီး လေ့ကျင့်ရေးအထက်တန်းကျောင်း(ကမာရွတ်)မှ ကျောင်းသား ကျောင်းသူ ခုနစ်ဦးတို့က မူးယစ်ရန်စွယ်တို့ကာကွယ်၊ ပညာရဲရင့်ပွဲလယ်တင့်၊ ပညာရေးဖြင့် ခေတ်မီနိုင်ငံတော်ကြီးတည်ဆောက်အံ့၊ အစဉ်ရှေးရှုမြန်မာ့ယဉ်ကျေးမှု၊ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်မြှင့်တင်စို့နှင့် ကျွန်ုပ်၏ အိပ်မက်တစ်ခု စသည့်ခေါင်းစဉ်ပါအကြောင်းအရာများဖြင့် ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် ကျပန်းစကားပြောပြိုင်ပွဲတွင် စာပေဟောပြောသူဆရာကြီးနှင့် ပါဝင်ကူညီကြသူများ၊ ပထမဆု၊ ဒုတိယဆု၊ တတိယဆု ရရှိခဲ့ကြသော ကျောင်းသား ကျောင်းသူများ၊ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။


ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းထားသော အသိပညာပေး သုတ၊ ရသစာအုပ်များ၊ စကားပုံဆက်ပြိုင်ပွဲများ၊ မြွားပြစ်ပြိုင်ပွဲများ၊ စက်ဝိုင်းလှည့်ပြိုင်ပွဲများကို တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများက ပါဝင်ယှဉ်ပြိုင် ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

### တာချီလိတ်မြို့ အထက(ဟောင်လိတ်)၌ လူငယ်စကားဝိုင်း ကျင်းပ

တာချီလိတ် နိုဝင်ဘာ ၁၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(ဟောင်လိတ်)၌ ကျင်းပသည်။



ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် လူငယ်စကားဝိုင်းကျင်းပသည့်ရည်ရွယ်ချက်ကို ပြောကြားပြီး ဦးစီးအရာရှိ ဒေါ်အေးအေးလတ်က ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ကာ ကျောင်းသား ကျောင်းသူများက လူငယ်နှင့်အောင်မြင်ရေး၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့်ပညာရေးနှင့် လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်များဖြင့် ဆွေးနွေးရာ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသည့် လူငယ်အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

### ဒလမြို့နယ်၌ မြို့နယ်အဆင့် အလယ်တန်းကျောင်းပေါင်းစုံ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ


ရန်ကုန် နိုဝင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်းကျင်းပသော ကျပန်းစကားပြောပြိုင်ပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ယုဇနခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်းက ကျပန်းစကားပြောပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကို စတင်ခဲ့ရာ မြို့နယ်အဆင့်အလယ်တန်းကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူ ခြောက်ဦးတို့က ကျန်းမာခြင်းသည် လာဘ်တစ်ပါး၊ အားကစားဖြင့် နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ အစဉ်ရှေးရှု မြန်မာ့ယဉ်ကျေးမှု၊ ပညာရဲရင့်ပွဲလယ်တင့်နှင့် ယနေ့လူငယ် နောင်ဝယ်လူကြီး စသည့် ခေါင်းစဉ် ခြောက်ခုကို မဲနှိုက်ပြီး ကျရာခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဝင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးအောင်နိုင်မိုး၊ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးမင်းမင်းထိုက်နှင့် ဒေါ်လှလှရီတို့က ဆုရွေးချယ်ရေးဒိုင်အဖြစ်ဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆု၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးရွှေလှိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးသက်ပိုင်စိုးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော အသိပညာပေးနံရံကပ်စာစောင်နှင့် သုတ၊ ရသစာအုပ်များကိုတက်ရောက်လာသော ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့

ဇေထက်လှိုင်

**နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို သက်ဆိုင်ရာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းဖြင့် တိုင်းတာလေ့ရှိသည်။**

**စာတတ်မြောက်ခြင်းသည် လူတစ်ဦးတစ်ယောက်၏ဘဝနှင့် လူနေမှုအဆင့်အတန်းကိုသာမက မိမိပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်းကိုပါ ပြောင်းလဲစေနိုင်သည်။ နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ်မူတည်ပြီး အသိပညာဖွံ့ဖြိုးတိုးတက်မှုမှာလည်း စာတတ်မြောက်မှုအပေါ် များစွာအမှီသဟဲပြုနေသဖြင့် စာတတ်မြောက်မှုကို အလေးထားဆောင်ရွက်ရမည်ဖြစ်ပါသည်။**

### ဘုန်းတော်ကြီးကျောင်းပညာရေး

မြန်မာနိုင်ငံ၏ပညာရေးအစသည် ဘုန်းတော်ကြီးကျောင်းပညာရေးသာဖြစ်သည်။ အရေး၊ အဖတ်၊ အတွက်ပညာများကို ဘုန်းတော်ကြီးကျောင်းများက သင်ကြားပေးရုံမျှသာမက စာရိတ္တပညာ၊ လူမှုရေးပညာ၊ အုပ်ချုပ်ရေးပညာအစရှိသည့် အဋ္ဌာရသ (၁၈) ရပ်ကို သင်ကြားပေးနိုင်ခဲ့သည်။ မြန်မာဘုရင်အဆက်ဆက်သည် ဘုန်းတော်ကြီးကျောင်းမှ ပညာသင်ပေးလိုက်သူများဖြစ်သည်။ ပုဂံခေတ်မှသည် ကုန်းဘောင်ခေတ်နှောင်း သီပေါမင်းလက်ထက်တိုင်အောင် တိုင်းပြည်အုပ်ချုပ် မင်းလုပ်နိုင်ခဲ့သော ပညာရပ်များဖြင့် ပြည့်စုံကုံလုံကြွယ်ဝခဲ့သည်။

၁၈၈၅ ခုနှစ်တွင် မြန်မာတစ်နိုင်ငံလုံး သူ့ကျွန်ဘဝကျရောက်ခဲ့ပြီး မြန်မာတို့၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာများ တစ်စတစ်စမေးမှိန်ပျောက်ကွယ်ခဲ့ရသည်။ စာပေသင်ကြားမှုပိုင်းတွင်လည်း အရေးမသာ၊ အခွင့်မရဘဲ ဆုံးရှုံးခဲ့ရသဖြင့် စာတတ်မြောက်မှုနှုန်းမှာလည်း အလွန်အမင်းကျဆင်းခဲ့ရသည်။ ထိုမျှသာမကဘဲ မြန်မာစာ၊ မြန်မာစကားပင်လျှင် အရေးမလှနိမ့်ကျခဲ့ရသည်။ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၄ နှစ်တာကာလအတွင်း ဝန်ကြီးချုပ်ဦးနုခေါင်းဆောင်သော ဖဆပလအစိုးရက "လူထုပညာရေး" စီမံကိန်းကြီးဖြင့် စာတတ်မြောက်ရေးလုပ်ငန်းကို အင်နှင့်အားနှင့် ဆောင်ရွက်ခဲ့သည်။

၁၉၆၄ ခုနှစ်တွင် တစ်မျိုးသားလုံးလှုပ်ရှားမှုအသွင်ဖြင့် တစ်နိုင်ငံလုံး 'အ'သုံးလုံး စာတတ်မြောက်ရေးလှုပ်ရှားမှုကို နှစ်စဉ်တိုးမြှင့်ဆောင်ရွက်ခဲ့၍ ၁၉၇၁ ခုနှစ်တွင် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းကြီးဖြစ်သော ယူနက်စကိုအဖွဲ့က ချီးမြှင့်သည့် မိုဟာမက်ရီဇာပါလာဗီဆုနှင့် ၁၉၈၃ ခုနှစ်တွင် နိုမာဆုတို့ကို ရရှိခဲ့သည်။ စာတတ်မြောက်ရေးလှုပ်ရှားမှုသည် သမိုင်းနှင့်ဆိုလျှင် "ပထမဆုံး" ကာလပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူတိုင်းစာတတ်မြောက်ရေးသည် အဓိကအရေးအကြီးဆုံးအပိုင်းတွင် ပါဝင်နေသဖြင့် ကမ္ဘာပေါ်ရှိနိုင်ငံအသီးသီးတို့၏ စာတတ်မြောက်ရေးလုပ်ငန်းတို့ကို စဉ်ဆက်မပြတ်အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးအတွက် ၁၉၆၅ ခုနှစ်တွင် အီရန်နိုင်ငံ တီဟီရန်မြို့၌ ကျင်းပသည့် စာတတ်မြောက်ရေးညီလာခံကြီးမှ စက်တင်ဘာလ ၈ ရက်နေ့ကို နိုင်ငံတကာစာတတ်မြောက်ရေးနေ့အဖြစ် သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

နိုင်ငံတစ်နိုင်ငံကို တည်ထောင်ရာတွင် ပညာရည်ပြည့်ဝသူများနှင့် ထူထောင်နိုင်မှသာ ဖွံ့ဖြိုးတိုးတက်နိုင်ပေမည်။ နိုင်ငံသားတိုင်း စာတတ်မြောက်ရေးမှာ အရေးကြီးလှသည်။ (၂၁) ရာစုကာလကို ပညာခေတ်ဟု သတ်မှတ်ခေါ်ဆိုသည့်အတိုင်း အသိပညာ၊ အတတ်ပညာ၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများနှင့်အတူ လူ့ဘောင်သစ်ကို တည်ထောင်နေကြသည်။ စာမတတ်သူများ များပြားနေသည့်နိုင်ငံ

> **"စာအုပ်စာပေဖတ်ရှုခြင်းဟူသည် ပြည်သူတို့၏ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်မှုတို့ကို အားကောင်းစေပြီး ဗဟုသုတအကြားအမြင် များပြားခြင်းဖြင့် လောကအမြင်ကျယ်ကာ အမှားနှင့်အမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်စေမည်ဖြစ်ပါသည်။ ထို့ပြင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အနုပညာခံစားနိုင်မှုနှင့်အတူ နူးညံ့သိမ်မွေ့ယဉ်ကျေးလာမည်"**



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ကလောမြို့နှင့် ဟိုပုံးမြို့နယ်တို့တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းကို ဇန်နဝါရီ ၂၂ ရက်မှစ၍ ရက် ၄၀ တိုင် ဆောင်ရွက်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

သည် ဖွံ့ဖြိုးတိုးတက်မှုနှင့် အလှမ်းကွာဝေးနေမည်သာဖြစ်သည်။ ပညာဗဟုသုတနှင့် ပြည့်စုံလျှင် ပြည့်စုံသလောက် နိုင်ငံ၏အခြေအနေသည် တိုးတက်မည်။ စာတတ်သူများလာမှ ဆင်းရဲမှုသည်လည်း အထိုက်အလျောက်လျော့နည်းမည်ဖြစ်ပါသည်။

စာတတ်မှ အကောင်းနှင့်အဆိုး၊ အကျိုးနှင့် အပြစ်တို့ကို ခွဲခြားသိမြင်နိုင်မည်။ ဖွံ့ဖြိုးဆဲအချို့ဒေသများတွင် ဆင်းရဲနွမ်းပါးမှု၊ လက်နက်ကိုင်ပဋိပက္ခများနှင့် အခြားသောအခြေအနေများကြောင့် တိုးတက်မှုမှာ ခက်ခဲလျက်ရှိပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မေလ ၁၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) တွင် ကျင်းပသော မြန်မာနိုင်ငံလုံးဆိုင်ရာပညာရေးညီလာခံ (၂၀၂၃) ဖွင့်ပွဲအခမ်းအနားတွင် "ကျောင်းသားများ ကျောင်းဆက်မတက်ရခြင်း၏ အဓိကအကြောင်းရင်းသည် ဆင်းရဲမွဲတေမှုကြောင့်ဖြစ်ကြောင်း" အသိပေးပြောကြားထားသည်။

### နိုင်ငံတော်တည်ဆောက်ရေး၏အုတ်မြစ်

ပညာရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အုတ်မြစ်ဖြစ်ပြီး ပညာတတ်များအပါအဝင် အသိပညာရှင်များ၊ ကျွမ်းကျင်ပညာရှင်များဖြင့်သာ နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ယနေ့အချိန်အခါတွင် အခြေခံပညာကို လူတိုင်းသင်ယူနိုင်ခွင့်ရရှိစေရမည်ဟူသော နိုင်ငံတော်၏ပညာရေးမူဝါဒနှင့်အညီ အခြေခံပညာ၏အရင်းခံဖြစ်သော စာဖတ်တတ်မှု၊ စာရေးတတ်မှုနှင့် တွက်ချက်တတ်မှုဟူသည့် အခြေခံစာတတ်မြောက်ရေးသည် နိုင်ငံသားတိုင်းအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်လာသည်။

၂၀၂၃ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဆောင်ပုဒ်ဖြစ်သည့် "Promoting literacy for a world in transition: Building the foundation for sustainable and peaceful societies" "တည်ငြိမ်အေးချမ်းသောလူ့အဖွဲ့အစည်းကမ္ဘာကြီးသို့ ကူးပြောင်းဖို့ စာတတ်မြောက်ရေးမြှင့်တင်စို့"ဟူသည့် ဆောင်ပုဒ်အတိုင်း စာတတ်မြောက်ခြင်းသည် တစ်ဦးချင်းစီ၏ အကျိုးကျေးဇူးများ ရရှိရုံသာမက မိမိတို့၏ဒေသတွင်း၊ နိုင်ငံတွင်း လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာ အကျိုးကျေးဇူးများကို ရရှိစေရန် စွမ်းဆောင်ပေးကြောင်းကို ယူနက်စကို၏ Concept note ထုတ်ပြန်ချက်တွင် ဖော်ပြထားရှိသည်။ အားလုံးပါဝင်ခွင့်ရှိပြီး အရည်အသွေးရှိသော ပညာရေးကို ရရှိစေခြင်းဖြင့် ပညာရေးသည် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် စွမ်းအားအရှိဆုံးနှင့် သက်သေပြနိုင်သောကိရိယာတစ်ခုဖြစ်သည်ဟူသော ယုံကြည်ချက်ကို ထပ်လောင်းအတည်ပြုပါသည်။

တိုးတက်သည့်နိုင်ငံများတွင် နိုင်ငံသားတိုင်း စာကို စွဲမြဲစွာဖတ်ကြသည်ကို နမူနာယူ၍ "အလိမ္မာ စာမှာရှိသည်" ဆိုစကားအတိုင်း ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် စာမတတ်သူပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေးကို အလေးထားအကောင်အထည်ဖော်၍ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် အုတ်တစ်ချပ် သဲတစ်ပွင့်ကျရာနေရာမှ ပါဝင်သွားကြရမည်ဖြစ်ပါသည်။

### သက်ကြီးစာပဒေသာများ ပြုစုဖြန့်ဝေ

စာတတ်မြောက်ခါစပုဂ္ဂိုလ်များအတွက် စာဖတ်ရှိန် တိုးပွားရန်နှင့် ကုန်ထုတ်လုပ်ငန်း အထောက်အကူပြု အသိပညာဗဟုသုတများ တိုးပွားရန်ရည်ရွယ်၍ မြန်မာနိုင်ငံ စာတတ်မြောက်ရေးဗဟိုကော်မတီ၊ သက်ကြီးဖတ်စာနှင့် စာပဒေသာပြုစုရေးဆပ်ကော်မတီသည် ဇော်ဂနီမ၊ ဝေလွင်လွင်၊ ဆီးသီးသည်မဗျိုင်း၊ အလှရတနာ၊ ပြည်ထောင်စုရိုးရာပုံပြင်များ စသည့်သက်ကြီးစာပဒေသာများနှင့် ကောက်သိမ်းချိန်၊ ရတနာမြေနှင့် သားလှရွှေစင်စသော စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကို ပြုစုဖြန့်ဝေပေးခဲ့သည်။ ထို့ပြင် ဝန်ကြီးဌာနများကလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် မိမိတို့ဝန်ကြီးဌာနများ၏ ဆောင်ရွက်ချက်များ၊ စာတတ်မြောက်ခါစပုဂ္ဂိုလ်များ သိသင့်သော ဗဟုသုတများ၊ အချက်အလက်များကို စာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များအဖြစ် ပြုစုထုတ်ဝေ၍ စာတတ်မြောက်ရေးလှုပ်ရှားမှု၌အသုံးပြုရန် အကူအညီပေးလျက်ရှိသည်။ စာတတ်မြောက်မှုအောင်ပွဲ ဆင်နွှဲပြီးသောနယ်မြေများတွင် စာဖတ်ဝိုင်း၊ စာဖတ်ခန်းနှင့် စာကြည့်တိုက်များကို စနစ်တကျဖွဲ့စည်းဖော်ထုတ်၍ အဆိုပါစာဖတ်ရှိန်မြှင့်တင်ရေးစာစဉ်များကို ဖတ်ရှုနိုင်ရန် စီစဉ်ပေးလျက်ရှိသည်။

စာအုပ်စာပေဖတ်ရှုခြင်းဟူသည် ပြည်သူတို့၏ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်နိုင်မှုတို့ကို အားကောင်းစေပြီး ဗဟုသုတအကြားအမြင်များပြားခြင်းဖြင့် လောကအမြင်ကျယ်ကာ အမှားနှင့်အမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု ထက်မြက်စေမည်ဖြစ်ပါသည်။ ထို့ပြင် ရသစာပေများကို ဖတ်ရှုခြင်းဖြင့် အနုပညာခံစားနိုင်မှုနှင့်အတူ နူးညံ့သိမ်မွေ့ယဉ်ကျေးလာမည်ဟု ယုံကြည်ပါသည်။

နိုင်ငံသားများ ယင်းကဲ့သို့ စဉ်းစားဆင်ခြင်ဉာဏ်၊ တွေးခေါ်မြော်မြင်မှု၊ အမှားအမှန်ကို ခွဲခြားဆန်းစစ်နိုင်မှု၊ ဗဟုသုတအကြားအမြင်များပြားပြီး အမြင်ကျယ်မှု၊ နူးညံ့သိမ်မွေ့ယဉ်ကျေးမှုတို့ဖြင့်သာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ကြီးစွာသောအထောက်အကူဖြစ်စေပါမည်။ ထို့ကြောင့် လူတစ်ဦးတစ်ယောက်၏ ဘဝနှင့် လူနေမှုအဆင့်အတန်းကိုသာမက မိမိပတ်ဝန်းကျင်ရှိ လူ့အသိုင်းအဝိုင်းအဖွဲ့အစည်းကိုပါ ပြောင်းလဲစေရန်အတွက် "လူမှုဘဝဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဝိုင်းကူစို့" ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်

ကယားပြည်နယ်၏ ပညာရေးကဏ္ဍတွင် အရေးပါဆုံးနေရာဖြစ်သည့် လွိုင်ကော်တက္ကသိုလ်အား နိုဝင်ဘာ(၁၃)ရက်နှင့် နိုဝင်ဘာ(၁၄)ရက်တို့တွင် KNPP အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်ပြီး ယင်းတက္ကသိုလ်တွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား၊ ကျောင်းသူများအား အဓမ္မဖမ်းဆီးခေါ်ဆောင်ခဲ့သည့်ဖြစ်ရပ်နှင့် ပတ်သက်၍ စစ်ရေးနှင့်သက်ဆိုင်သော ပစ်မှတ်မဟုတ်သည့် ပညာရေးဆိုင်ရာ အဆောက်အဦများနှင့် ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများအား ထိခိုက်စေသည့်အတွက် အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများအား ပြင်းထန်စွာကန့်ကွက်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

## ဒေသတွင်းစိုက်ပျိုး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး



နေပြည်တော် နိုဝင်ဘာ ၁၄

ဒေသတွင်း စားရေရိက္ခာဖူလုံစေရန်နှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူ ဖြစ်စေရန်အတွက် တိုင်းစစ်ဌာနချုပ်များ၊ တပ်ရင်း၊ တပ်ဖွဲ့များ၌ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ အမှတ်(၁) စိုက်ပျိုး/ မွေးမြူရေးစခန်း (ဇော်ဘွားကြီးကုန်း)၌ ငါးမွေးမြူရေးကန်များတွင် ငါးတန်၊ ငါးမုတ်၊ မြက်စားငါးကြင်းများ မွေးမြူထားရှိမှု၊ နိုဗိုဂျင်ဘရောင်း မိဘမျိုး ဥစားကြက်များ မွေးမြူထားရှိမှု၊ တစ်ရှူးငှက်ပျောပင်များ စိုက်ပျိုးထားရှိမှု၊ သီးပင်စားပင်များ စိုက်ပျိုးထားရှိမှု၊ တညင်းကုန်းရပ်ကွက်ရှိ အမှတ်(၃) စိုက်ပျိုး/ မွေးမြူရေးစခန်း (တညင်းကုန်း)၌ အဆင့်မြင့် အသားတိုးဝက်နှင့် အဆင့်မြင့် မျိုးဝက်မများ မွေးမြူထားရှိမှု၊ ကာကီကင်း ဥစားဘဲများ မွေးမြူထားရှိမှုတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့ ပြည်မြို့ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် နိုဝင်ဘာ ၁၄

ဧရာဝတီ မြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံ ရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် ပြည်မြို့ ဝိသုဒ္ဓါရုံဗာရာဏသီကျောင်းတိုက်၌ အခြေပြု၍ ပြည်မြို့ရှိ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် နယ်လှည့်အထူးကုဆေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၈၂ ဦး၊ ခွဲစိတ်ရောဂါ ၅၄ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၃ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၈၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၇ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားရောဂါ ၃၆ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် အထွေထွေခွဲစိတ်လူနာ သုံးဦး၊ မျက်စိခွဲစိတ်လူနာ ခြောက်ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၃၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၂၃ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၇ ဦး စုစုပေါင်း ၅၁၁ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးဆောင်ရွက်ပေးမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုပဲ ကြားသိခဲ့ရပါသည်-

**ဦးဝင်းကြိုင်**
**ခရိုင်တပ်ဖွဲ့မှူး၊ ပြည်ခရိုင် ကြက်ခြေနီသူနာပြုတပ်ဖွဲ့**

ကြက်ခြေနီဟာ နိုင်ငံတော်ရဲ့ အရန်အင်အား ဖြစ်တဲ့အတွက် ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အထောက်အကူတွေ လိုရင်ပေ့ါနော် အချိန်မရွေးအမြဲတမ်းပဲ အသင့်ရှိပါတယ်။ ခုလည်း ကျွန်တော်တို့ နယ်လှည့်ဆေးကုသရေးအဖွဲ့လာတယ်ဆိုတော့ ပြည်သူလူထုရဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေမှာ ပါဝင်ကူညီဖို့အတွက် ပြည်ခရိုင်နဲ့ ပြည်မြို့နယ် ကြက်ခြေနီ သူနာပြုတပ်ဖွဲ့က တပ်ဖွဲ့ဝင် ယောကျ်ားလေး ခုနစ်ယောက်နဲ့ မိန်းကလေး ငါးယောက် အားလုံးပေါင်း ၁၂ ယောက် ဒီမှာလာပြီးတော့ မနေ့ကတည်းက ကူညီနေတာ ဖြစ်ပါတယ်။ ကြက်ခြေနီ တပ်ဖွဲ့အနေနဲ့ပဲ ပြောပြော၊ ပြည်သူတစ်ယောက်အနေနဲ့ပဲပြောပြော ကျွန်တော်တို့ ပြည်သူလူထုတွေက ဆေးကုသမှု အခက်အခဲ အများကြီးရှိပါတယ်။ တချို့ဆို ပါရဂူတွေကို မပြနိုင်ဘူး။ ဒီလို တပ်မတော်ဆေးအဖွဲ့က လာပြီး ကုသပေးတဲ့အတွက် ပြည်သူတွေရဲ့ ကိုယ်စား၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်တွေရဲ့ မိသားစုတွေကိုယ်စား၊ ပြည်သူအားလုံးရဲ့ကိုယ်စား ကျေးဇူးတင်ပါတယ်။ ဝမ်းလည်း ဝမ်းသာပါတယ်။ အခုလို လာရောက်ကုသပေးတဲ့အတွက် ကျွန်တော်တို့ လွယ်လွယ်ကူကူနဲ့ ဆေးပညာဆိုင်ရာ ဆေးတွေ အခမဲ့ကုသရတယ်။ ဆေးတွေလည်း အလကားရတယ်။ အပြင်မှာဆိုရင် တချို့ဆေးထိုးဖို့တောင် မလွယ်တဲ့ မိသားစုတွေရှိနေတဲ့ အချိန်ကာလမျိုးမှာ အခုလိုလာရောက်ပြီး ကုသပေးတဲ့အတွက် ကျေးဇူးလည်းတင်ပါတယ်။ ဝမ်းလည်း သာပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းရဲ့ ရည်ရွယ်ချက်က ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန် ရည်ရွယ်ချက်ကြီး တစ်ခုရှိပါတယ်။ အဲဒီ ရည်ရွယ်ချက်ကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစဉ် သုံးခုရှိပါတယ်။ ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးတားဆီးရန်နဲ့ ဘေးဒုက္ခ ကျရောက်သူတွေကို ကူညီရန်ဆိုတဲ့ လုပ်ငန်းစဉ်သုံးခုနဲ့ ရည်ရွယ်ချက်ကို အောင်မြင်အောင်လို့ ကျွန်တော်တို့ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက ဆောင်ရွက်နေတာဖြစ်ပါတယ်။ တပ်မတော်အကြီးအကဲကိုလည်း ပြည်သူလူထုတွေရဲ့ ဆင်းရဲဒုက္ခတွေကို ကူညီကုပေးနိုင်ရန်၊ အခုလို လှည့်လည်ပြီးကုနိုင်ရန်၊ ကျွန်တော်ကြားတာဆိုရင် ဧရာဝတီမြစ်ရိုးတစ်လျှောက် တော်တော်များများ မြို့တွေ ဝင်လာခဲ့တာပေ့ါနော်။ အဲဒီအတွက် တပ်မတော်အကြီးအကဲကိုလည်း ကျေးဇူးအထူးတင်ပါတယ်။ ပြည်သူလူထုတွေကို စောင့်ရှောက်ပေးတဲ့အတွက်၊ ကာကွယ်ပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်လို့ ဒီနေရာကနေ ပြည်သူလူထုကိုယ်စား ပြောလိုပါတယ်။ ကျေးဇူးလည်း အထူးတင်ပါတယ်။



ဦးဝင်းကြိုင်



ဦးသောင်းအေး


**ဦးသောင်းအေး**
**နဝင်းရပ်ကွက်၊ ပြည်မြို့**

ကျွန်တော့်ရောဂါက ကျောကြီးအောင့်တယ်၊ ဗိုက်ကနာတယ်။ အဲဒါကို ကျွန်တော် ဆရာဝန်နဲ့ ပြတယ်။ ပြပြီးတော့ ကျောအောင့်တာ သက်သာပြီး ဆီးချုပ်သွားတယ်။ ဆီးချုပ်သွားလို့ အခု ဆေးအဖွဲ့ကိုလာပြီး ကုသမှု ခံယူတာဖြစ်ပါတယ်။ ရပ်ကွက်ထဲက လူတွေက ဒီမှာ တပ်မတော်က ဆေးကုသမှုအဖွဲ့တွေ ရောက်နေတယ်။ အဲဒါသိတာနဲ့ ကျွန်တော် ဒီနေ့လာတာပါ။ ဆရာဝန်တွေက ဆေးတွေ စစ်တယ်။ ဆေးကုသထားတဲ့ မှတ်တမ်းတွေကို ကြည့်တယ်။ ကြည့်ပြီးတော့ ဒါလိုတယ်။ ဒါကမလိုဘူး။ သူပေးတဲ့ဆေးတွေ အခုကျွန်တော် သောက်ရမှာပါ။ ကျွန်တော်က ဆီးကျိတ်ရှိတာကိုး။ ဒါမျိုးက အမြဲတမ်း လူတိုင်းလူတိုင်းက မျှော်လင့် တောင့်တနေတာ။ နေ့တိုင်းနေ့တိုင်း ရပ်ကွက်တိုင်းကို ဒီလိုလာရင် ကျွန်တော်တို့က ပိုပြီးတော့ သဘောကျလေပဲလေ။ ဘာလို့ဆို မရှိဆင်းရဲသားတွေက အများကြီးရှိတယ်။ အဲဒီလိုလူမျိုးတွေက ဒါမျိုးကို ကျွန်တော်တို့ မျှော်ပြီးအားကိုးနေရတာ။ ဆေးခန်းသွားမယ်ဆိုလည်း ဈေးတွေက သိတဲ့အတိုင်းပဲလေ။ ဈေးတွေ အလွန်ကြီးတာကိုး။ တပ်မတော်အကြီးအကဲတွေကိုလည်း ဒါမျိုးလေး အမြဲတမ်းလာနေမယ်ဆိုရင်တော့ ကျွန်တော်တို့ သဘောကျတာပေ့ါ။

**သတင်းစဉ်**

# နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများက ဒံပေါက်ဘူးများနှင့် အကြော်အလှော်ဘူးများ ပေးအပ်လှူဒါန်း





နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော် လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များ အတွက် စေတနာရှင် အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ် လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင် အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး တာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှ တစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။

စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် “တပ်မတော်သားများ တိုက်ပွဲတိုင်း အောင်မြင်ပါစေကြောင်း၊ အန္တရာယ်ရန်စွယ်တွေကို ကျော်လွှားနိုင်ပါစေကြောင်း၊ အမျိုးဘာသာ၊ သာသနာကို ကာကွယ် စောင့်ရှောက်နေသော တပ်မတော်သားများ ကျန်းမာပါစေကြောင်း” စသည့် ဆုတောင်းမေတ္တာစာလွှာများ ပါရှိကြောင်း သိရှိရသည်။

အလားတူ ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းများက လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးနီတူခြောက်ကြော် အထုပ် ၆၅၇၀၊ ငါးပိကြော် အထုပ် ၅၄၅၀ နှင့် ငံပြာရည်ကြော် အထုပ် ၄၀၀ တို့ကို ပေးအပ်လှူဒါန်းကြရာ အဆိုပါအကြော်အလှော်ထုပ်များကို ပုသိမ်မြို့မှ တစ်ဆင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီး လုံခြုံရေး တပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင် ပေး လျက် ရှိ ကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပ



မကွေးမြို့၌ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံပွဲကျင်းပစဉ်။

နေပြည်တော် နိုဝင်ဘာ ၁၄

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်များနှင့် ၎င်းတို့၏မိသားစုဝင်များ အားလုံးကို ငြိမ်းချမ်းရေးလိုလားသည့် ပြည်သူများက အားပေး ထောက်ခံလျက်ရှိကြသည်။

ထိုသို့ အားပေးထောက်ခံလျက်ရှိရာ ယနေ့နံနက်ပိုင်းက မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူများစုစည်း၍ တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင်သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအားထောက်ခံအားပေးပွဲ ကျင်းပပြုလုပ်သည်။

ဦးစွာ မန္တလေးမြို့အတွင်းရှိ ငြိမ်းချမ်းရေးကို လိုလားသည့် သံဃာတော်များနှင့် ပြည်သူအင်အား ၂၀၀၀ ကျော်သည် စုရပ်နေရာဖြစ်သည့် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ကျောက်တော်ကြီး ဘုရားရှေ့ ၆၆ လမ်းပေါ်တွင် စုစည်း၍ ၎င်းမှ တစ်ဆင့် နန်းမြို့ ကျုံးဘေး ၁၂ လမ်း တစ်လျှောက်၊ ထိုမှတစ်ဆင့် ၇၃ လမ်းအတိုင်း၊ ၎င်းမှတစ်ဆင့် မန္တလေးတောင်ခြေရှိ ရွှေမန်းတောင်လူငယ် အားကစားလေ့ကျင့်ရေး စခန်းကွင်းအတွင်းသို့ ချီတက်၍ လမ်းတစ်လျှောက် အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး တပ်မတော်သားများအားထောက်ခံအားပေးသည့် ကြွေးကြော်သံများ ဟစ်ကြွေး၍ ဆန္ဒထုတ်ဖော်ကြသည်။

ထို့နောက် ရွှေမန်းတောင် လူငယ်အားကစားလေ့ကျင့်ရေး စခန်းကွင်းအတွင်း အမျိုးသားရေး တက်ကြွလှုပ်ရှားသူများက နိုင်ငံတော်သီချင်းကို သံပြိုင်ရွတ်ဆိုကာ ထောက်ခံပွဲကိုဖွင့်လှစ်ခဲ့ပြီး အစွန်းရောက် အကြမ်းဖက်သမားများ၏ ယုတ်မာ ကောက်ကျစ်မှုများ၊ အကြမ်းဖက် သတ်ဖြတ်မှုများ၊ အကြမ်းဖက် လုပ်ရပ်များနှင့် ပတ်သက်၍ အမျိုးသားရေး တက်ကြွ လှုပ်ရှားသူများက ရှင်းလင်း ဟောပြောခြင်းကို ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် “နယ်မြေတည်ငြိမ် အေးချမ်းရေး (ဒို့အရေး-ဒို့အရေး)၊ တိုင်းပြည် အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူများအား (ဆန့်ကျင်ကြ-ဆန့်ကျင်ကြ)၊ NCA ကို ဆန့်ကျင်ပြီး အကြမ်းဖက် အဖျက်အမှောင့် လုပ်ဆောင်နေသည့် အဖွဲ့အစည်းများအား(ဆန့်ကျင်ကြ-ဆန့်ကျင်ကြ)၊ အကြမ်းဖက်အစွန်းရောက် လုပ်ရပ်များ(အလိုမရှိ)၊ အပြစ်မဲ့ သံဃာနှင့် ပြည်သူများအပေါ် ယုတ်မာ ကောက်ကျစ်မှုများ (အလိုမရှိ)၊ နိုင်ငံတော်ထိခိုက်မည့် အကြမ်းဖက် လုပ်ရပ်မှန်သမျှ (ဆန့်ကျင်ကြ)၊ တပ်နှင့်ပြည်သူ အတူတူ သွေးခွဲလာသူ(ဒို့ရန်သူ-ဒို့ရန်သူ)၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး ထောက်ခံသူများ (ဆန့်ကျင်ကြ)၊ နိုင်ငံတော် အလုံးစုံပျက်သုဉ်းရေးကို ဦးတည်ဆောင်ရွက်နေသည့် ပြည်ပအားကိုး ဒေါ်လာစားပြည်ဖျက် လောက်ကောင်များအား (ဆန့်ကျင်ကြ)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) (အောင်ရမည်-အောင်ရမည်)၊ နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား (ထောက်ခံပါသည်-ထောက်ခံပါသည်)၊ အမျိုး၊ ဘာသာ၊ သာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား အပြည့်အဝ (ထောက်ခံပါသည်-ထောက်ခံပါသည်) ဟူသော ကြွေးကြော်သံများကို သံပြိုင်ကြွေးကြော်ခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါပွဲသို့ တက်ရောက်လာကြသည့် ပြည်သူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုလို တင်ပြလိုက်ပါသည်-

“ရှေ့တန်းရောက် တပ်မတော်သားတွေနဲ့အတူ တစ်သားတည်းရှိနေပါတယ်ဆိုတာ ပြောချင်ပါတယ်။ ကိုယ်ကိုယ်တိုင် လက်နက်ကိုင်ခွင့်မရလို့သာ နောက်တန်းမှာ ဒီလိုမျိုးထောက်ခံပြီးမှ အားပေးနေရခြင်း ဖြစ်ပါတယ်။ လက်နက်ကိုင်ခွင့်သာရခဲ့မယ်ဆိုရင် သူတို့နဲ့အတူ တိုက်ပွဲဝင်မှာပါ။”

“မြန်မာ့ တပ်မတော်ကြီးကို ချစ်မြတ်နိုးပါတယ်။ မြန်မာ့တပ်မတော်သားများနဲ့ အတူ ရပ်တည်နေမှာပါ။ အသက်၊ ခန္ဓာတွေ၊ သွေးတွေပေးဆပ်ထားတဲ့ မြန်မာ့တပ်မတော်ကြီးကို အမြဲတမ်းထောက်ခံအားပေးပြီး မြန်မာ့တပ်မတော်သားတွေကို လက်နက်မရှိဘဲနဲ့ ရင်ဘတ်နဲ့ အသည်းနှလုံးတို့နဲ့ အကာအကွယ်ပေးသွားမယ်ဆိုတာကို သစ္စာပြုပါတယ်ရှင်။”

“တပ်မတော်သားတွေက ကျွန်တော်တို့အတွက် အသက်ကိုပေးပြီးတော့ ကျွန်တော်တို့ပြည်သူလူထုတွေကို ကာကွယ် စောင့်ရှောက်ပေးနေပါတယ်။ တိုင်းပြည်ရဲ့အဓိကမဏ္ဍိုင်ကြီးဖြစ်တဲ့ မိသားစုနိုင်ငံတော်ကြီး မပြိုကွဲဖို့အတွက် ရှေ့တန်းကနေ ရွပ်ရွပ်ချွံချွံနဲ့ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို လုပ်ဆောင်ပေးနေတဲ့အချိန်မှာ ကျွန်တော်တို့က နှလုံးသားနဲ့ အသံနဲ့ပေးနေရခြင်း ဖြစ်ပါတယ်။”

“ရှေ့တန်းရောက် တပ်မတော်သားတွေနဲ့ အတူတူရှိပါတယ်။ လိုအပ်ရင် တိုက်ဖို့အသင့်ပါ။ ”

အလားတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၁၅၀၀ ခန့်သည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းတွင်လည်းကောင်း၊ မိတ္ထီလာမြို့တွင် မျိုးချစ်ရဟန်းနှင့်ပြည်သူ ၁၄၈၅ ဦးခန့်သည် မိတ္ထီလာမြို့ ခရိုင် အားကစားကွင်းတွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် မျိုးချစ်ရဟန်းနှင့် ပြည်သူ ၈၅၀ ခန့်သည် မကွေးမြို့ ခရိုင် အားကစားကွင်းတွင်လည်းကောင်း တိုင်းပြည်အလုံးစုံပျက်စီးရေး လုပ်ဆောင်နေကြသည့် KIA၊ TNLA၊ MNDAA၊ AA၊ BPLA နှင့် PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူများအား ဆန့်ကျင်ရှုတ်ချပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြသည့် တပ်မတော်သားများအား ထောက်ခံအားပေးပွဲကို အသီးသီး ကျင်းပခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်



ပြည်သူတစ်ဦး



ပြည်သူတစ်ဦး



ပြည်သူတစ်ဦး



ပြည်သူတစ်ဦး

# ကမ္ဘောဒီးယားနိုင်ငံရှိ လူငယ်များအား အသက်မွေးဝမ်းကျောင်းပညာရပ်များ အခမဲ့သင်ကြားပေးမည်

**ဖနောင်ပင် နိုဝင်ဘာ ၁၄**

ကမ္ဘောဒီးယားနိုင်ငံတစ်ဝန်းရှိ ဆင်းရဲနွမ်းပါးသည့် အိမ်ထောင်စုများမှ လူငယ် ၁ ဒသမ ၅ သန်းခန့်အား အသက်မွေးဝမ်းကျောင်းနှင့် နည်းပညာသင်တန်းများ အခမဲ့သင်ကြားပေးမည့် အစီအစဉ်ကို ကမ္ဘောဒီးယားနိုင်ငံ၌ နိုဝင်ဘာ ၁၄ ရက်က စတင်ခဲ့သည်။

ဖနောင်ပင်တွင် ကျင်းပသည့် ၎င်းနည်းပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးချုပ် ဟွန်မာနက်က လူငယ်များအား အနာဂတ်တွင် အလုပ်အကိုင်များ ရရှိရန်နှင့် ဝင်ငွေပိုကောင်းလာစေရန် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုများ ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ထားကြောင်း ပြောကြားခဲ့သည်။

"ဆင်းရဲနွမ်းပါးတဲ့ လူငယ်တွေကို အခမဲ့သင်တန်းပေးရုံသာမက လစဉ်ထောက်ပံ့ကြေး ၂၈၀၀၀၀ ရီယယ် (အမေရိကန်ဒေါ်လာ ၇၀)လည်း ပေးအပ်မှာပါ"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အထက်ပါအစီအစဉ်အရ လူငယ်များသည် သက်မွေးပညာသင်တန်းကျောင်းများတွင် ဆောက်လုပ်ရေး၊ လျှပ်စစ်၊ လေအေးပေးစက်၊ ကုန်ထုတ်လုပ်ငန်း၊ အထွေထွေစက်ပြင်နှင့် မော်တော်ယာဉ်စက်ပြင်၊ ခရီးသွားလုပ်ငန်း၊ ဝန်ဆောင်မှု၊ စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်း၊ စီးပွားရေးနှင့် သတင်းအချက်အလက်နည်းပညာ ဘာသာရပ်များကို သင်ကြားရမည်ဖြစ်သည်။

"ဒီအစီအစဉ်က နိုင်ငံရဲ့ ဆင်းရဲမွဲတေမှုကို ၁၀ ရာခိုင်နှုန်းအောက်ကို လျှော့ချနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ၎င်းက ပြောကြားသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**






# အိန္ဒိယ၌ ခရီးသွားလုပ်ငန်း တိုးတက်စေရေး ADB က ချေးငွေထုတ်ချေးရန် အတည်ပြုခဲ့

**မနီလာ နိုဝင်ဘာ ၁၄**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းပြည်နယ် တစ်ခုတွင် မြို့ပြဝန်ဆောင်မှုများနှင့် ခရီးသွားလာရေးဆိုင်ရာ အဆောက်အအုံများ တိုးတက်ကောင်းမွန်လာစေရေးအတွက် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) က အမေရိကန်ဒေါ်လာ သန်း ၁၀၀ ထုတ်ချေးရန် အတည်ပြုခဲ့ကြောင်း နိုဝင်ဘာ ၁၄ ရက်တွင် ပြောကြားခဲ့သည်။

အဆိုပါချေးငွေစီမံကိန်းသည် ထရီပူရပြည်နယ်ရှိမြို့ပြရေပေးဝေရေးစနစ်များကို အဆင့်မြှင့်တင်ကာ မြို့ပြလမ်းများ တိုးမြှင့်ပေးမည်ဖြစ်ကြောင်း မနီလာအခြေစိုက် အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားခဲ့သည်။

၎င်းစီမံကိန်းသည် ပြည်နယ်အတွင်းရှိ ခရီးသွားနေရာများကို အဆင့်မြှင့်တင်ရာတွင် အဆင်ပြေမှုများရှိစေရေးနှင့် မြေယာရှုခင်းများကို ပိုမိုကောင်းမွန်အောင် ကူညီပေးမည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် ဒစ်ဂျစ်တယ်ပြတိုက်နှင့် ဆန်းသစ်သည့်ဥယျာဉ်တစ်ခုကိုလည်း တည်ထောင်မည်ဖြစ်သည်။

ပုဂ္ဂလိကကဏ္ဍကို မြှင့်တင်ရန်နှင့် ဆွဲဆောင်ရန် ၁၀ နှစ်ကြာ ခရီးသွားလုပ်ငန်းအစီအစဉ်ကို ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံတော်၏ ခရီးသွားလုပ်ငန်းမူဝါဒကို အဆင့်မြှင့်တင်မည်ဖြစ်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ဆက်လက်ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**

# ဟစ်ဇ်ဘိုလာနှင့် အစ္စရေးစစ်တပ်တို့ တိုက်ခိုက်မှုဖြစ်ပွား

**ဘေရွတ် နိုဝင်ဘာ ၁၄**

ဟစ်ဇ်ဘိုလာနှင့် အစ္စရေးစစ်တပ်တို့ကြား နိုဝင်ဘာ ၁၃ ရက်က ထိပ်တိုက်ရင်ဆိုင်မှုများအတွင်း လက်ဘနွန်နိုင်ငံသား လေးဦး သေဆုံးခဲ့ကြောင်း လက်ဘနွန်စစ်တပ်သတင်းရင်းမြစ်များက ပြောကြားခဲ့သည်။ လက်ဘနွန်နိုင်ငံ အနောက်တောင်ပိုင်းရှိ မြို့ ၁၈ မြို့၊ အရှေ့တောင်ဘက်ရှိ မြို့ ၁၀ မြို့နှင့် လက်ဘနွန်တောင်ပိုင်းရှိ မြို့ ၂၈ မြို့ကို အစ္စရေးက အမြောက်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း လက်ဘနွန်စစ်ဘက်သတင်းရင်းမြစ်များက ထပ်လောင်းပြောကြားသည်။ အစ္စရေး မောင်းသူမဲ့လေယာဉ်များနှင့် စစ်လေယာဉ်များသည် လက်ဘနွန်နိုင်ငံ မြို့ ၁၅ မြို့၏ ဆင်ခြေဖုံးများကို ပစ်မှတ်ထားသည့် တိုက်ခိုက်မှု ၁၈ ကြိမ်အပါအဝင် ဆက်တိုက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟစ်ဇ်ဘိုလာအဖွဲ့က ပရာနစ်မြို့ စစ်တန်းလျားများအနီးရှိ အစ္စရေးခြေလျင်တပ်ဖွဲ့ကို ဒုံးကျည်များဖြင့် တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ဟစ်ဇ်ဘိုလာအဖွဲ့သည် Ruwaisat al-Alam မြို့နှင့် al-Marj မြို့ရှိ အစ္စရေးတပ်ဖွဲ့၏ တည်နေရာများကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည်။ လက်ဘနွန်-အစ္စရေးနယ်စပ်တွင် ဟစ်ဇ်ဘိုလာအဖွဲ့မှ အစ္စရေးဘက်သို့ ဒုံးကျည် ဒါဇင်ပေါင်းများစွာကို အောက်တိုဘာ ၈ ရက်က ပစ်ခတ်ခဲ့ပြီးနောက် အစ္စရေးတပ်ဖွဲ့ကလည်း တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# တောင်ကိုရီးယားနိုင်ငံ၏ ဆန်စပါးအထွက်နှုန်း ၂၀၂၃ ခုနှစ်တွင် ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်း

**ဆိုးလ် နိုဝင်ဘာ ၁၄**

တောင်ကိုရီးယား နိုင်ငံ၌ စိုက်ပျိုးရေယာနည်းပါးခြင်းကြောင့် ယခုနှစ်ဆန်စပါးအထွက်နှုန်းမှာ ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယား စာရင်းအင်းရုံးက နိုဝင်ဘာ ၁၄ ရက်တွင် ဖော်ပြခဲ့သည်။

ယခုနှစ်တွင် ဆန်ထုတ်လုပ်မှု စုစုပေါင်းတန်ချိန် ၃၇၀၂၀၀၀ ရှိခြင်းကြောင့် ယခင်နှစ်ကထက် ၁ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း တောင်ကိုရီးယား စာရင်းအင်းရုံးက ပြောကြားသည်။

တောင်ကိုရီးယား နိုင်ငံ၏ ဆန်စပါးအထွက်နှုန်းသည် ၂၀၂၁ ခုနှစ်တွင် ၁၀ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်မှုရှိခဲ့ပြီး နောက်နှစ်နှစ် ဆက်တိုက် ကျဆင်းခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် တောင်ကိုရီးယား နိုင်ငံ၏ ဆန်စပါးထုတ်လုပ်မှုသည် ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ ငါးနှစ်ဆက်တိုက် ကျဆင်းခဲ့သည်။

တောင်ကိုရီးယား နိုင်ငံတစ်ဝန်း စပါးစိုက်ခင်းပမာဏသည် တစ်နှစ်ထက်တစ်နှစ် ၂ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားပြီး ၂၀၂၃ ခုနှစ်တွင် ၇၀၈၀၁၂ ဟက်တာအထိ ကျဆင်းသွားကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - အလင်းသစ်**



# ထိန်းသိမ်းထားသည့် ဓားစာခံ ၅၀ ကို လွှတ်ပေးမည်ဟု ဟားမတ်စ်အဖွဲ့ ပြောကြား

**ဂျေရုဆလင် နိုဝင်ဘာ ၁၄**

ဂါဇာတွင် ငါးရက်ကြာ အပစ်အခတ်ရပ်စဲရေးအစီအစဉ်ဖြစ်မြောက်ပါက ဂါဇာတွင် ထိန်းသိမ်းခံထားရသော အမျိုးသမီးနှင့် ကလေးသူငယ်အယောက် ၅၀ ကို ပြန်လွှတ်ပေးရန် အဆင်သင့်ဖြစ်နေကြောင်း ဟားမတ်စ်အဖွဲ့၏ လက်အောက်ခံ အယ်လ်ကဆမ်စစ်သွေးကြွအဖွဲ့က နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ပါလက်စတိုင်း ကလေး ၂၀၀ နှင့် အမျိုးသမီး ၇၅ ဦးတို့ကို အစ္စရေးနိုင်ငံသားများနှင့်လဲလှယ်ရန် ကာတာနိုင်ငံမှ တာဝန်ရှိသူများက ကြားဝင်ဖျန်ဖြေနေကြောင်း အယ်လ်ကဆမ်စစ်သွေးကြွအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ အဘူယူဘီတာက ထပ်လောင်းပြောကြားခဲ့သည်။

ယခုဆောင်ရွက်မည့်အပစ်အခတ်ရပ်စဲရေးအစီအစဉ်အရ ပစ်ခတ်တိုက်ခိုက်မှုများ ရပ်တန့်ရမည်ဖြစ်ပြီး ဂါဇာဒေသသို့ အကူအညီများ ဝင်ရောက်ခွင့်ပြုရမည်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားခဲ့သည်။ အစ္စရေးမြေပြင်၊ ရေတပ်နှင့် ဝေဟင်မှ ကျူးကျော်တိုက်ခိုက်မှုများသည် ဂါဇာကမ်းမြောင်ရှိ ပါလက်စတိုင်းစစ်သွေးကြွများ ထိန်းသိမ်းထားသော အကျဉ်းသားများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေကြောင်း ၎င်းက အလေးပေးပြောကြားခဲ့သည်။ အစ္စရေးနိုင်ငံတွင် အောက်တိုဘာ ၇ ရက်က ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုများအတွက် လက်တုံ့ပြန်သည့်အနေဖြင့် အစ္စရေးစစ်တပ်၏ စစ်ဆင်ရေးအတွင်း လူပေါင်း ၁၂၀၀ ခန့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ သစ်သားစက်လှေများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ



တနင်္သာရီတိုင်းဒေသကြီးမှ သိမ်းဆည်းရမိမှု။

နေပြည်တော် နိုဝင်ဘာ ၁၄

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၀ ရက်တွင် ကျုံပျော်ခရိုင် ရေကြည်မြို့နယ်၌ တရားမဝင် အခြားသစ် ၇၄ ဒသမ ၃၈၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၆၀၀၆၆)နှင့် နိုဝင်ဘာ ၁၁ ရက်တွင် ပုသိမ်ခရိုင် သာပေါင်းမြို့နယ်၌ တရားမဝင် အခြားသစ် ၁၄ ဒသမ ၁၂၄ တန် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၈၈၆၉၄) စုစုပေါင်း (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၄၄၈၇၆၀)သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် နိုဝင်ဘာ ၁၂ ရက်တွင် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် အလှကုန် JM Solution Toner ပုလင်း ၄၅၀၊ Felicity Solar Battery သုံးလုံးအပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် ၃ ဒသမ ၂၃၄ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၀၀၀၀)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၄၂၀၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁၂ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် Three Mountain လည်ရှည်ဖိနပ်အရန် ၅၀၀ အပါအဝင် ကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာကိုးလုံးအတွင်း၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Plastic Scrap (ပလတ်စတစ်အပိုင်းအစများ) ကီလိုဂရမ် ၁၈၈၈၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၅၈၅၅၇၃)နှင့် သီလဝါ ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာနှစ်လုံးအတွင်း၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် Plastic Scrap (ပလတ်စတစ်အပိုင်းအစများ) ကီလိုဂရမ် ၅၅၀၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၉၇၃၄၄၀)ကိုလည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၆၈၉၀၁၃) ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၃ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ်၌ တရားမဝင် ငါးဖမ်းရာတွင် အသုံးပြုသည့် သစ်သားကိုယ်ထည်စက်လှေ ခြောက်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၀၀၀၀၀)ကို မြန်မာ့ပင်လယ်ငါးလုပ်ငန်းဥပဒေအရလည်းကောင်း၊ မြိတ်ခရိုင် မြိတ်ကမ်းရိုးတန်းမြို့နယ်၌ Brand 888 ဖဲထုပ် ၂၂၈ ထုပ်၊ ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါ ဘူး ၁၂၀၊ ယိုးဒယားစာတန်းပါစားအုန်းဆီ ၁၂ လီတာပါ ဘူး ၂၅၀၊ ယိုးဒယားစာတန်းပါ ရော်ဘာစက်ရုံသုံး ကြိတ်စက် လေးလုံး၊ MA MA ခေါက်ဆွဲခြောက် အထုပ်၂၁၆၀၊ Singha Beer ၅၉၅၂ ဘူး၊ မုန့်အမယ်မျိုးစုံ ၆၅ ထုပ်အပါအဝင် ကုန်ပစ္စည်း ခုနစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၈၂၉၆၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၉၆၂၉၆၀၀)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၃ ရက်တွင် နေပြည်တော်ကောင်စီနယ်မြေတရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရသီရိခရိုင် တပ်ကုန်းမြို့နယ်အတွင်း၌ တရားမဝင် အခြားသစ် ၄ ဒသမ ၂၇၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၉၅၄၄)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုဝင်ဘာ ၁၃ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မကွေးခရိုင် မကွေးမြို့နယ်၌ လိုင်စင်မဲ့ Toyota Ipsum ယာဉ် တစ်စီးနှင့် မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်၌ လိုင်စင်မဲ့ Suzuki Carry ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင်ကျွန်းသစ် ၅ ဒသမ ၂၇၇ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၈၃၃၄၈)နှင့် မင်းဘူးခရိုင် စေတုတ္တရာမြို့နယ်နှင့် ငဖဲမြို့နယ်တို့၌ တရားမဝင်ကျွန်းသစ် သုည ဒသမ ၁၉၉ တန်၊ အခြားသစ် ၂ ဒသမ ၄၆၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၅၀၄၆)တို့ကို သစ်တောဥပဒေအရ လည်းကောင်း စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၂၈၃၉၄)ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ နိုဝင်ဘာ ၁၀ ရက်၊ ၁၁ ရက်၊ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် သိမ်းဆည်းရမိမှုစုစုပေါင်းမှာ အမှုတွဲ ၃၂ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၀၂၃၇၃၁၁) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

**❖ ကျောဖုံးမှ**

မြန်မာ့လက်ရွေးစင်အသင်းနှင့် ဂျပန်လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၆ ရက်တွင် ဂျပန်နိုင်ငံ အိုဆာကာမြို့ရှိ PANASONIC STADIUM SUITA (OSAKA) ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲတွင် ဂျပန်၊ ဆီးရီးယား၊ မြောက်ကိုရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ဂျပန်အသင်းနှင့်ပွဲအတွက် ကစားသမား ၂၄ ဦး ခေါ်ဆောင်သွားပြီး အမာခံကစားသမားအများစု ရွေးချယ်ခံခဲ့ရသည်။

ဂျပန်အသင်းနှင့်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး (ရှမ်းယူနိုက်တက်)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ ဇင်ညီညီအောင် (ဒဂုံစတား)၊ နောက်တန်း-နန္ဒကျော်၊ ရဲမင်းသူ၊ ဇွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ သက်ဟိန်းစိုး၊ ကောင်းထက်ပိုင် (ရတနာပုံ)၊ လတ်ဝေဘုန်း (ဧရာဝတီ)၊ ဟိန်းဖြိုးဝင်း (ရတ်ချာဘူရီ-ထိုင်း)၊ စိုးမိုးကျော် (ဖနွမ်းပင်ခရောင်း-ကမ္ဘောဒီးယား)၊ အလယ်တန်း-ဝေလင်းအောင်၊ ဆွမ်လမန်(ဒဂုံစတား)၊ ရန်နိုင်ဦး၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ နေမိုးနိုင်(ဟံသာဝတီ)၊ ဟိန်းထက်အောင် (နီဂျီရီဆမ်ဘီလန်-မလေးရှား)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ လွင်မိုးအောင်(ရရောင်း-ထိုင်း)၊ မောင်မောင်လွင်(လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ရှေ့တန်း-အောင်သူ(အူထိုင်းထာနီ-ထိုင်း)၊ ဝင်းနိုင်ထွန်း (ဘော်နီယို-အင်ဒိုနီးရှား)၊ သန်းပိုင်(ချင်းမိုင်ယူနိုက်တက်-ထိုင်း) တို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၁-၂၀၂၃ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (ဝင္ကသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ဧယျာဝတီမြေမြှနှင့်ငွေထည်လုပ်ငန်း
- ၀၉:၃၅ စိုက်ပျိုးမွေးမြူသုတဘဏ်
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၁:၁၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၀ ရှုပွယ်စုံလင်အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း-၂၅)
- ၁၃:၀၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၉)
- ၁၄:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း'** (အပိုင်း-၆၀)
- ၁၅:၂၀ Weekly Soccer Preview
- ၁၆:၃၅ မျိုးဗုဏ်တင့်စေဆိုကရေးတီးအဖွဲ့
- ၁၇:၂၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ
- ၁၇:၃၅ ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာအလက်ာ
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ ဟာသမြို့တော်(ရယ်စရာစင်တင်ဟာသတစ်ခန်းရပ်) **'အကြံကောင်းလျှင်တစ်ချက်'**
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'ဘဝစကက်ဘောအက်ဆေး'** (အပိုင်း-၂၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နိပါတ်တော်လာဇာတ်သဘင်မဟာ **'သုဝဏ္ဏတိလကဇာတ်တော်'**
- ၂၁:၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ **'တားဆီးကျော်ဖြတ်စုံစမ်းဖော်ထုတ်'** (အပိုင်း-၁၁)

### mitv

- 07:01 Evergreen Classic: Aung Chin Shit Par (Tekkatho Lei Lei, Sein Lei Lei, Thae Nu Wah, Nyo Win Pe)
- 07:13 Listening Pleasure, Instrumental Music (Don Min) Special Show
- 07:23 Charming & Fragrant Sabai
- 07:33 Discovering Tribes: Bwe
- 08:01 News
- 08:26 Buddha Image Built Of Bamboo Strip
- 08:39 Travelogue: Ngwe Saung Beach
- 09:01 Myanmar Marionette
- 09:29 Home for the Beautiful Star Tortoises
- 09:46 Myanmar's Entrepreneurs: Soe Moe Aung
- 10:01 News

### MRTV NRC

**မွန် (၀၆:၀၀ မှ ၀၈:၀၀)**
အလှပြဝရာမည်မြေ(ဒေသအလှ၊ဝလေ့ရိုးရာထုတ်လုပ်မှုများ)
**ရခိုင် (၀၈:၀၀ မှ ၁၀:၀၀)**
ထူးခြားရသာရခိုင်လော်စာ
**ရှမ်း (၁၀:၀၀ မှ ၁၂:၀၀)**
တို့ဝလေ့တို့သဘာဝ
**ဝ (၁၂:၀၀ မှ ၁၄:၀၀)**
ဟင်းနွယ်နှင့်ကျန်းမာရေး
**ကချင် (၁၄:၀၀ မှ ၁၆:၀၀)**
လီဆူတိုင်းရင်းသားတို့ရဲ့တစ်နေ့တာလုပ်ငန်း
**ကယား (၁၆:၀၀ မှ ၁၈:၀၀)**
ကယားမျိုးနွယ်စုတို့ရဲ့ဝတ်စားဆင်ယင်မှု
**ဝကေကရင် (၁၈:၀၀ မှ ၁၉:၀၀)**
စွန့်ပစ်ဇက်ပျော့မှ လူသုံးကုန် လက်မှုပညာဆီသို့
**အနောက်ပိုးကရင် (၁၉:၀၀ မှ ၂၀:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၁)
**အရှေ့ပိုးကရင် (၂၀:၀၀ မှ ၂၁:၀၀)**
ကရင်ဒိုဗိုင်းနာဟိဟိနှင့်တွေ့ဆုံမေးမြန်းခြင်း
**ချင်း (လိုင်းစိုး) (၂၁:၀၀ မှ ၂၂:၀၀)**
မိုင်ပေါ်လ်ဝက်သားမီးဖုတ်
**ချင်း (ဒိုး) (၂၂:၀၀ မှ ၂၃:၀၀)**
ရှားပါးသတ္တဝါတို့ရဲ့မှုရင်းဌာနေ ငေါ်နူး(မ်)သုပ်

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၄၅ တောင်ပိုင်းပိုးလမ်းမသစ်တရုတ်-မြန်မာ အခန်းကဏ္ဍ(အပိုင်း-၂၀)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၄၅ Football Highlights
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို **'အုပ်ထိန်းခွင့်ဆိုင်ရာဥပဒေ'**
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဒီမိုကရေစီဆိုသည်မှာ (အပိုင်း-၂)
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဆွစ်ဇာလန်နိုင်ငံ)
- ၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ(အပိုင်း-၃)
- ၁၈:၀၀ Economic Review (အပိုင်း-၂၀) ''အနာဂတ်စီးပွားရေးအတွက်လိုအပ်သောကျွမ်းကျင်မှု''

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊နိုင်ငံတော်သီချင်း
- ၀၆:၂၅ နေကြာစိုက်ပါများမွေးပါ
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ The Batman 2022 အပိုင်း(၁) (နိုင်ငံခြားဇာတ်လမ်း)
- ၁၉:၃၀ How No-Till Changes a Farm
- ၂၂:၀၀ The Batman 2022 အပိုင်း(၂) (နိုင်ငံခြားဇာတ်လမ်း)
- ၂၃:၃၀ Family Farmers - the Future of Asia and the Pacific(APRC)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၃၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၄၀ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm

# ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင်အမှတ် (၈၅/၁-၂) အကြား တံတားအမှတ်(၁၁၆/A)အနီးရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် နိုဝင်ဘာ ၁၄

ရန်ကုန် - မန္တလေးရထားလမ်းမကြီး၏ ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာ ဘူတာအကြား မိုင်တိုင်(၈၅/၁-၂) ရှိတံတားအမှတ် (၁၁၆/A) အနီး အကြမ်းဖက်သမားများက ယနေ့နံနက် ၇ နာရီခွဲတွင် ရထားလမ်းအား မိုင်းထောင် ဖောက်ခွဲမှုကြောင့် တံတားအစွန် ကွန်ကရစ်ခုံ သုံးပေ ပတ်လည်ခန့် ပျက်စီးခဲ့ပြီး စစ်ဆေးမှုများ ဆက်လက် ဆောင်ရွက်ခဲ့ရာ တံတားပေါ် သံလမ်းနှစ်ခုအကြား ပလတ်စတစ် ကော်ပုံးနှင့် ထည့်ထားသည့် လက်လုပ်မိုင်းသုံးလုံးနှင့် တံတား အောက်တွင် လက်လုပ်မိုင်း လေးလုံးအား တွေ့ရှိခဲ့သဖြင့် သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ ကြောင်း သိရသည်။

မိုင်းဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသမှ တာဝန်ရှိသူများ၊ နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင် တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများ ကလည်း ပျက်စီးသွားသော ရထားလမ်းအား ပြန်လည်မွမ်းမံ ပြုပြင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ရထားသွားလာမှုကို ထိခိုက်မှုမရှိ သော အစုန်လမ်းမှ ဆက်လက် စေလွှတ်ပေးခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခု အချိန်အထိ မြန်မာ့မီးရထားလမ်း ကွန်ရက်တစ်ခုလုံးတွင် ရထား လမ်းနှင့်ရထားဘူတာ နယ်မြေ အတွင်း ဗုံးထောင်မိုင်းခွဲ/တွေ့ရှိ ခြင်း ၁၂၈ ကြိမ်၊ ရထားတံတား များအား မိုင်းခွဲဖျက်ဆီးခြင်း ၄၆ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန် ခဲ့ကြကြောင်း မှတ်တမ်းများအရ သိရသည်။

ဒိုက်ဦး - ပြွန်တန်ဆာ ဘူတာအကြား တံတားအမှတ် (၁၁၆/A) အား မိုင်းထောင် ဖောက်ခွဲရန် တပ်ဆင်ထားသော ယမ်းကြိုး၊ ဆက်စပ်ပစ္စည်း များနှင့် ယမ်းများထည့်သွင်း ထားသည့် ပလတ်စတစ်ပုံး ခုနစ်ပုံး တွေ့ရှိမှုမှတ်တမ်း ဓာတ်ပုံ။










ဒိုက်ဦး - ပြွန်တန်ဆာ ဘူတာအကြား တံတားအမှတ် (၁၁၆/A) အပေါ် ရထားသံလမ်း နှစ်ခုအကြား၌ တွေ့ရှိရသည့် မိုင်းထောင်ထားရှိမှု မှတ်တမ်း ဓာတ်ပုံ။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေ ချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက် အအုံများ ပိုမိုကောင်းမွန်လာ စေရေး၊ ရထားပို့ဆောင်ရေးစနစ် ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်း ချက်ထားရှိ၍ စီမံဆောင်ရွက် ပေးလျက်ရှိသော်လည်း အကြမ်း ဖက် သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့်ခရီးသည်များ၊ ကုန်စည် များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ် ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြု ရဲအောင် ခြိမ်းခြောက်ခြင်းတို့ အပြင် ရန်ကုန်-မန္တလေး ရထား လမ်း အဆင့်မြှင့်တင်ရေး စီမံကိန်း လုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာ စေရေးတို့အတွက် ယုတ်မာ ပက်စက်သော ရည်ရွယ်ချက်များ ဖြင့် အကြိမ်ကြိမ် ကျူးလွန်နေကြ သောကြောင့် အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများ၏ ယုတ်မာ ပက်စက်မှုများအပေါ် ဒေသခံ ပြည်သူတစ်ရပ်လုံးက ပြင်းထန် စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချ လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ဒိုက်ဦး- ပြွန်တန်ဆာဘူတာအကြား တံတား အမှတ်(၁၁၆/A) အား ဖောက်ခွဲဖျက်ဆီး၍ မိုင်းထောင်ထားမှုမှတ်တမ်းဓာတ်ပုံ။



ဒိုက်ဦး - ပြွန်တန်ဆာဘူတာအကြား မိုင်းထောင်ဖောက်ခွဲ ခံထားရမှုကြောင့် တံတားအမှတ်(၁၁၆/A) ၏ Wing Wall ကွန်ကရစ်ခုံ ထိခိုက်ပျက်စီးမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များ မှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများ ပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့ လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေး ယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေး သတင်းထုတ်ပြန် ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူ လုပ်ဆောင်ခဲ့သည့် “Aung Kyaw San” Facebook အကောင့်ပိုင်ရှင် ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် တက္ကသိုလ် ရပ်ကွက်နေ အောင်ဆန်းမော်နှင့် “Ye Ko Ko Kyaw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မဟာအောင်မြေမြို့နယ် ဟေမမာလာ မြောက်ရပ်ကွက်နေ ရဲကိုကိုကျော်(ခ)အရှရတ် တို့အား မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Aye Myint Thu” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် အမှတ်(၁၄)ရပ်ကွက် နေ အေးမြင့်သူ(ခ)အေးမြင့်ဇူ အား ညနေ ၅ နာရီတွင်လည်းကောင်း၊ “Win Maw” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်ကောင်းရပ်ကွက်နေ ဝင်းမော်အား ညနေ ၅ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ “Dhar Du Mahay Thi” Facebook အကောင့် ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် အမှတ် (၂)ရပ်ကွက် နေ ယွန်းမဟေသီ(ခ)ယွန်းယွန်းအား ညနေ ၆ နာရီ ၄၅ မိနစ်တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရား များ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။

၁၃-၁၁-၂၀၂၃ ရက်မှအဆက်




လှကြည်သည် ကိုအေးဆွေ ရှင်းပြသွားသည်များကို စိတ်ဝင်စားစွာဖြင့် စူးစူးစိုက်စိုက် နားထောင်နေသည်။

“အဲဒီလိုပဲ ထန်းပိုင်ရှင်နဲ့ ထန်းတက်သမားတွေဟာလည်း မတူညီသော လူတန်းစားနှစ်ရပ်ဖြစ်လို့မို့ ပဋိပက္ခဆိုတာ ပေါ်ရစမြဲပဲ။ ဘာ့ကြောင့်ဆိုရင် ထန်းပိုင်ရှင်ဆိုတဲ့ လူတန်းစားဟာ ဘာမှမလုပ်မကိုင်ဘဲနဲ့၊ ငွေရင်းလည်း တစ်ပြားမှမစိုက်ဘဲနဲ့ ထန်းစုကို များများကြီးလိုချင်တဲ့ အခွင့်ထူးခံလူတန်းစား။ ထန်းသမားခမျာမှာတော့ ငွေရင်းလည်းစိုက်ရသေး၊ လူမှာလည်း သက်စွန့်ဆံဖျား ပင်မြင့်ဖျားတက်ပြီး ပင်ပန်းကြီးစွာ လုပ်ရပါလျက်နဲ့ အသားလွတ် ထန်းပိုင်ရှင်ကို ထန်းစုများများပေးနေရတဲ့ ထန်းကျွန်စစ်စစ် အခြယ်လှယ်ခံ လူတန်းစား။ ဒီလူတန်းစားနှစ်ရပ်ဟာလည်း မြေရှင်နဲ့ မြေကျွန်၊ အလုပ်ရှင်နဲ့ အလုပ်သမား လူတန်းစားတွေလို ကုန်လုပ်ဆက်ဆံရေးအရ ဘယ်တော့မှ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ မနေနိုင်ဘူး။ တစ်နေ့မှာ ပေါက်ကွဲအုံကြွလာပြီး လူတန်းစားပဋိပက္ခဟာ ပေါ်လာရမှာပဲ။ အဲဒီအချိန်ဟာ ခုအချိန်ပေါ့ကွ”

လှကြည်သည်သင့်တင့်ချောင်လည်စွာ စားသောက်နေထိုင်နိုင်သော မြို့ပေါ်နေ အထည်ကုန်သည် လူတန်းစား မိဘများမှ ပေါက်ဖွားလာသည့်ပြင် ယခုလည်း ရဲအုပ် (ဒုလုံခြုံရေးမှူး) တစ်ယောက် ဖြစ်နေသဖြင့် ဖိနှိပ်ခံ၊ ခေါင်းပုံဖြတ်ခံ အောက်လွှာလူတန်းစားများ၏ ဘဝ အထိအတွေ့များ မရှိခဲ့ဖူးပေ။ ပေါ့ပေါ့နေ ပေါ့ပေါ့စားလာရပြီး ရဲအုပ်အလုပ်ကိုလည်း အကြောင်းအားလျော်စွာ ရရှိလာခဲ့သဖြင့် လူ့ဘဝ၏ အခက်အခဲပြဿနာများကို ဘဝနာစွာ ရင်မဆိုင်ခဲ့ရဖူးပေ။ ထို့ကြောင့်လည်း လူ့ဘဝကို လေးလေးနက်နက် မတွေးခေါ်ခဲ့၊ မဆွေးနွေးခဲ့။ ယခုမှ အကြောင်းတိုက်ဆိုင်လာသဖြင့် ခေါင်းပုံဖြတ်ခံ ထန်းသမားတို့၏ဘဝအကြောင်းကို ကြားနာသိရှိလာရသောအခါ လှကြည်မှာ စိတ်ဝင်စားလာသည်။ ကိုယ်ချင်းစာလာသည်။ မရှင်းလင်းသည့်အချက်များကိုပင် ကိုအေးဆွေအား ဖြတ်၍ မေးလာသည်။

“ဘယ်လိုကြောင့်လဲ၊ ခုချိန်ဆိုတာက”

“မင်းကလဲကွာ ခုထက်ထိ သဘောမပေါက်သေးဘူးလား။ စောစောက ငါပြောခဲ့သလို လူ့သမိုင်းရဲ့ တောင်းဆိုချက်အရပါလို့ ဆိုနေမှ”

“အင်း၊ ဆိုပါဦး”

လှကြည်မှာ ကိုအေးဆွေ၏ ဆိုလိုချက်ကို သဘောမပေါက်သေးသဖြင့် အကျယ်ချဲ့၍ စကားရှင်းရန် ထောက်ပေးလိုက်သည်။

“လူ့သမိုင်းဆိုတာဟာ ခေတ်ကာလရဲ့ ဖြစ်စဉ်ပဲ။ ခေတ်ကာလရဲ့ ဖြစ်စဉ်ဆိုတာဟာ အဲဒီခေတ်ကာလအတွင်းမှာရှိနေတဲ့ လူတွေရဲ့ စားသောက် ဝတ်ဆင် နေထိုင်ရေးတို့နဲ့ လူမှုရေးအလုံးစုံတို့ရဲ့ ဖြစ်ပျက်ပြောင်းလဲမှုကို ခေါ်ဆိုခြင်းဖြစ်တယ်။ အဲဒီတော့ ဒီနေ့ တို့မြန်မာနိုင်ငံရဲ့ ခေတ်ကာလအခြေအနေကို ကြည့်မယ်ဆိုရင်လည်း မြေပိုင်ရှင်ကို သီးစားခပေးနေရတဲ့စနစ်တို့၊ ငွေကြေးရှင်၊ အလုပ်ရုံပိုင်ရှင်တွေ ကျင့်သုံးနေတဲ့ ခေါင်းပုံဖြတ် အမြတ်ကြီးစားအရင်းရှင်စနစ်ဆိုးတွေကို ကြေပြုန်း ပျက်စီးစေပြီး ဆိုရှယ်လစ်စီးပွားရေးစနစ်နဲ့ ဆိုရှယ်လစ်လူ့ဘောင်သစ်ကို ဖန်တီးချီတက်နေတယ်မဟုတ်လား။ ဒီလို ခေတ်ပြောင်းတော်လှန်ရေးရဲ့ အရှိန်အဝါကြောင့် တို့ ထန်းသမားလူတန်းစားတွေဟာလည်း ခေတ်ရေစီးကြောင်းထဲမှာ မပါလို့ ဘယ်ဖြစ်ပါ့မလဲ။ ဒါကြောင့်လည်း ငါတို့လိုထန်းသမားတွေမှာ ဆိုရှယ်လစ်ခေတ်ပြောင်းတော်လှန်ရေးရဲ့ အရှိန်အဝါကြောင့် တိုးတက်တဲ့ အတွေးအခေါ်အယူအဆတွေ ကိန်းအောင်းလာတယ်။ ကြာတော့ ရင့်ကျက်လာပြီး ခေါင်းပုံဖြတ်ခံနေရတဲ့ဘဝက လွတ်မြောက်လာအောင် ရုန်းကန်လိုတဲ့အသိတွေ ဝင်လာတယ်။

“ဒီတော့ တို့ဘဝတူ ခေါင်းပုံဖြတ်ခံ ထန်းသမားတွေ စည်းရုံးပြီး တို့နည်းတို့ဟန်နဲ့ လူညွန့်ခူး ခေါင်းပုံဖြတ်နေတဲ့ ထန်းပိုင်ရှင်တွေကို တိုက်တယ်။ ရသင့်ရထိုက်တဲ့ လုပ်ခ အပြည့်အဝရအောင် ထန်းပိုင်ရှင်တွေကို ထန်းစုမပေးတော့ဘူးလို့ ကြေညာတယ်။ ယူတယ်။ ဒီတော့ ပဋိပက္ခဖြစ်တယ်။ ဒါဟာ ကုန်လုပ်ဆက်ဆံရေးသဘောတရားအရ ဆန်းသမို့လား။ ဒီလို ခေါင်းဆောင်တိုက်တဲ့ ငါတို့ကိုကော ထန်းပိုင်ရှင်တွေက ရန်သူလို သဘောထားတယ်ဆိုတာကော ဆန်းသမို့လား”

ထိုစဉ် ဆယ်ရင်သည် ကျန်ရှိသေးသည့် ငှက်ခါးတောင် ပင်ကျရည်ကို အုန်းမှုတ်ခွက်ဖြင့်ခပ်ကာ လှကြည်အား ကမ်းလိုက်သည်။ ပြီးလျှင် သူလည်း တစ်ခွက်မော့လိုက်၏။ ကိုအေးဆွေကလည်း အာခြောက်သွားဘိအလား ဝက်နံကင် အမြည်းတစ်ဖတ်ကို ကောက်ဝါးလိုက်သည်။ လှကြည်နှင့် ဆယ်ရင်တို့ကလည်း အမြည်းကို ဂျိုးဂျိုးဂွျတ်ဂွျတ် မြည်အောင် ကောက်ဝါးနေကြလေသည်။

“ဒါဖြင့်ရင် မင်းတို့ လူတန်းစားတိုက်ပွဲတွေက ဘယ်တော့မှ ပြီးဆုံးမလဲ”

လှကြည်က ပြတ်သွားသောစကားကို ပြန်လည် အစဖော်ပေးလိုက်သည်။

“ဒါကတော့ကွာ၊ ခေါင်းပုံဖြတ် အမြတ်ထုတ်ပြီး ချုပ်ချယ်ခြယ်လှယ်တဲ့ လူတန်းစားမရှိတဲ့တစ်နေ့၊ လူတန်းစားတိုက်ပွဲတွေဟာ ပြီးဆုံးရမှာပဲ။ အဲဒီလိုပဲ ခေါင်းပုံဖြတ်လိုတဲ့ ထန်းပိုင်ရှင်လူတန်းစား မရှိတဲ့တစ်နေ့ ပဋိပက္ခတိုက်ပွဲဟာ ချုပ်ငြိမ်းရမှာပဲ။ ဒီခေါင်းပုံဖြတ်ပြီး လူညွန့်ခူးစားလိုတဲ့ ထန်းပိုင်ရှင် လူတန်းစားတွေ ရှိနေသရွေ့ကာလပတ်လုံး ထန်းပိုင်ရှင်၊ ထန်းသမားတိုက်ပွဲဟာ ရှိနေမှာပဲ။ ပဋိပက္ခဟာလည်း ဖြစ်နေမှာပဲ”

“ဒါဖြင့်ရင် ဘယ်လိုအခြေအနေမျိုးရောက်မှ ဒီပဋိပက္ခဟာ ချုပ်ငြိမ်းသွားနိုင်မှာလဲ”

“အေး၊ မင်း မေးစရာပဲ။ ကုန်ထုတ်အရင်းအနှီးဖြစ်တဲ့ လယ်ယာမြေတွေ၊ မြေတွင်းမြေပေါ်မှာရှိတဲ့ သယံဇာတသတ္တုပစ္စည်းတွေ၊ သစ်တော၊ ဝါးတော၊ ထန်းတောတွေ။ နောက်ပြီး ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေ။ စာတိုက် ကြေးနန်း စတဲ့ ဆက်သွယ်ရေးလုပ်ငန်းတွေ၊ ဘဏ်တိုက် ငွေတိုက်လုပ်ငန်းတွေ၊ ကုန်တိုက်တွေ၊ ပြည်တွင်းပြည်ပ ကုန်ပစ္စည်းရောင်းဝယ်ရေး ဖလှယ်ရေး လုပ်ငန်းတွေကို ပြည်သူက ပိုင်ရမယ်။ နောက်ပြီး လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်တဲ့ အလုပ်ရုံ စက်ရုံကြီးတွေမှန်သမျှကိုလည်း ပြည်သူကပိုင်ရမယ်။ တစ်နည်းအားဖြင့်ဆိုရရင် ကုန်ထုတ်လုပ်ငန်းမှန်သမျှ အများက စုပိုင်၊ အများက ဝိုင်းလုပ်။ ရလာတဲ့ အကျိုးကျေးဇူးကိုလည်း အများက အချိုးကျဝေငှယူဆိုတဲ့ ခေတ်ကာလအခြေအနေမျိုးရောက်မှ ဒီလို လူတန်းစားပဋိပက္ခတွေဟာ ချုပ်ငြိမ်းသွားနိုင်မှာပေါ့”

“အဲဒါ ဘာကြောင့်တုံး”

လှကြည်က နားမရှင်းဟန်ဖြင့် ကောက်မေးလိုက်၏။ ကိုအေးဆွေကလည်း စိတ်ရှည်စွာဖြင့် ဆက်လက်ရှင်းပြပြန်၏။

“ဘာကြောင့်ဆိုရင် အဲဒီခေတ်ကာလကျတော့ အလုပ်ရှင်၊ ပစ္စည်းရှင်၊ အရင်းရှင်ရယ်လို့ သီးခြားအသွင်ဆောင်တဲ့ အခွင့်ထူးခံ ခေါင်းပုံဖြတ်လူတန်းစားဆိုတာ မရှိတော့ဘူး။ နိုင်ငံတော်ရဲ့ ကုန်ထုတ်အရင်းအနှီးမှန်သမျှ အားလုံးက ပိုင်ဆိုင်ပြီး အားလုံးက ဝိုင်းလုပ်ကြတော့ အားလုံး ပြည်သူပြည်သားတွေဟာ အလုပ်သမားတွေချည်းပေါ့။ ဒီတော့ အားလုံးဟာလည်း အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်ချင်းတူ၊ ခံယူချက်ချင်း တူကြပြီဆိုတော့ ဘာပြဿနာပေါ်ဦးမှာလဲ။ ဘယ်လို ပဋိပက္ခမျိုးရော ဖြစ်ဦးမှာလဲ။ ဒီတော့ အားလုံးဟာ လူနေမှုတစ်တန်းစားတည်းမို့ လက်ရည်တစ်ပြင်တည်း ဒိုးတူပေါင်ဖက် ပေါင်းသင်းလို့ရပြီ၊ တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်ကုန်ပြီ။ တစ်ချိန်က အလုပ်ရုံပိုင်ရှင်၊ ထန်းပိုင်ရှင် ဖြစ်ခဲ့ပေမယ်လို့ အဲဒီအချိန်မှာ အားလုံး အလုပ်သမားတွေချည်းမို့ တစ်ဦးနှင့်တစ်ဦး ငြိမ်းချမ်းသော ပေါင်းစပ်ခြင်းနဲ့ ပေါင်းစပ်လို့ ရကုန်ပြီပေါ့။ အဲဒီအချိန်ကာလဟာ ဆိုရှယ်လစ်လူ့ဘောင်သစ် ရောက်တဲ့အချိန်ပဲ”

သည်တော့မှ လှကြည်မှာ ကောင်းကောင်းကြီး သဘောပေါက်သွားဘိအလား ခေါင်းတဆတ်ဆတ် ညိတ်နေတော့သည်။ ထိုနောက်တော့ သူသည် မည်သည်ကို သဘောကျသွားသည် မသိ၊ အားရပါးရကြီး ပြုံးလိုက်ကာ ကိုအေးဆွေအား ကောက်ကာငင်ကာ မေးလိုက်သည်။

“ဒါဖြင့်ရင် မင်းနဲ့ ခင်သန်းဌေးနဲ့လည်း ပေါင်းစပ်လို့ရပြီပေါ့”

အလေးအနက်ထား၍ ရှင်းလင်းပြောပြနေသော ကိုအေးဆွေမှာ လှကြည်၏ ခနဲ့မေး မေးလိုက်သံကြောင့် ဆတ်ခနဲ သူ့မျက်နှာကို ကြည့်လိုက်မိ၏။ ပြုံးစပ်စပ်လုပ်နေသော လှကြည်၏မျက်နှာကို မြင်လိုက်ရသောအခါ ကိုအေးဆွေသည် အတော်ဒေါသဖြစ်သွား၏။ အလေးအနက်ထားကာ ပြောနေသောစကားများကို အရွှန်းဖောက်၍ ပေါ့ပြက်သိမ်ဖျင်းအောင် လုပ်ပစ်ရပါမည်လားဟုလည်း ရုတ်တရက် ခံပြင်းသွား၏။

“ဘာကွ”

ကိုအေးဆွေက ခပ်ထန်ထန်ဖြင့် မေးပစ်လိုက်၏။ လှကြည်ကမူ အပြုံးမပျက်ပေ။

“မဟုတ်ဘူးလား၊ မင်းနဲ့ ခင်သန်းဌေးအား ဘဝခံယူချက်ချင်း၊ ယုံကြည်ချက်ချင်း တူနေကြပြီဆို။ မင်းပဲ ငါ့ကို အရင်က ခဏခဏပြောပြနေပြီးတော့”

လှကြည်က သူလိုသလိုဆွဲ၍ ပြောလိုက်၏။

“အဲဒါ ဘာဖြစ်သလဲ”

ကိုအေးဆွေသည် နားမလည်သလိုလိုနှင့် ထပ်မေးလိုက်ပြန်သည်။ ဆယ်ရင်ကမူ လှကြည်၏ ဆိုလိုချက်ကို သဘောပေါက်ဟန်ဖြင့် ပြုံးနေသည်။

“ခုတင်ကပဲ မင်းပြောခဲ့တယ်မဟုတ်လား။ တစ်ချိန်က အလုပ်ရုံပိုင်ရှင်ဖြစ်ခဲ့ပါစေ၊ ထန်းပိုင်ရှင်ဖြစ်ခဲ့ပါစေ၊ အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်တူ၊ ဘဝခံယူချက်ချင်းတူရင် ပဋိပက္ခမရှိတော့လို့ တစ်နည်းအားဖြင့် ဆန့်ကျင်ဘက် မဟုတ်တော့လို့ ဘဝနှစ်ခုဟာ ပေါင်းစပ်လို့ရပြီဆို”

ကိုအေးဆွေမှာ ပြန်လှန်၍ ခွန်းတုံ့မပြန်တော့။ ရုတ်တရက် ငိုင်ကျသွားသည်။ သက်ပြင်းလည်း ရှိုက်ချလိုက်သည်။ ထိုနောက်တော့ ရီဝေသော မျက်လုံးများဖြင့် အဝေးသို့ ငေးမျှော်ကြည့်နေတော့သည်။

လှကြည်သည် ကိုအေးဆွေ၏ ရုတ်ခြည်းပြောင်းလဲသွားသော အမူအရာကို ကြည့်ကာ ဆယ်ရင်အား မျက်စိတစ်ဖက် မှိတ်ပြလျက် မေးငေါ့ပြလိုက်သည်။ ဆယ်ရင်ကလည်း အဓိပ္ပာယ်နားလည်ဟန်ဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်၏။

“ကိုဆယ်ရင်တို့လူလည်း ကြည့်လုပ်စမ်းပါဦးဗျ။ တော်တော်ကြာမှ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်နေပါဦးမယ်”

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ “နွေဦးကာလ မြူထသောခါ” စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။
**စာတည်း**

“ခုတင်ကပဲ မင်းပြောခဲ့တယ်မဟုတ်လား။ တစ်ချိန်က အလုပ်ရုံပိုင်ရှင်ဖြစ်ခဲ့ပါစေ၊ ထန်းပိုင်ရှင်ဖြစ်ခဲ့ပါစေ၊ အတွေးတူ၊ အမြင်တူ၊ ယုံကြည်ချက်တူ၊ ဘဝခံယူချက်ချင်းတူရင် ပဋိပက္ခမရှိတော့လို့ တစ်နည်းအားဖြင့် ဆန့်ကျင်ဘက်မဟုတ်တော့လို့ ဘဝနှစ်ခုဟာ ပေါင်းစပ်လို့ရပြီဆို”
ကိုအေးဆွေမှာ ပြန်လှန်၍ ခွန်းတုံ့မပြန်တော့။ ရုတ်တရက် ငိုင်ကျသွားသည်။ သက်ပြင်းလည်း ရှိုက်ချလိုက်သည်။ ထိုနောက်တော့ ရီဝေသောမျက်လုံးများဖြင့် အဝေးသို့ ငေးမျှော်ကြည့်နေတော့သည်။
လှကြည်သည် ကိုအေးဆွေ၏ ရုတ်ခြည်းပြောင်းလဲသွားသော အမူအရာကိုကြည့်ကာ ဆယ်ရင်အား မျက်စိတစ်ဖက်မှိတ်ပြလျက် မေးငေါ့ပြလိုက်သည်။
ဆယ်ရင်ကလည်း အဓိပ္ပာယ်နားလည်ဟန်ဖြင့် ပြုံး၍ . . .

# ရေအရင်းအမြစ်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ပြည်ပဆွေးနွေးပွဲအတွေ့အကြုံများ နှီးနှောဖလှယ်




နေပြည်တော် နိုဝင်ဘာ ၁၄

လယ်ယာကဏ္ဍအတွက် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် ရေအရင်းအမြစ်များ စီမံခန့်ခွဲခြင်းဆိုင်ရာ ပြည်ပဆွေးနွေးပွဲများနှင့် သင်တန်းအတွေ့အကြုံများ နှီးနှောဖလှယ်ဆွေးနွေးခြင်းကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် တက်ရောက်၍ ဆွေးနွေးအမှာစကား ပြောကြားသည်။

**အတွေ့အကြုံများဆွေးနွေး**

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နည်းပညာအသစ်များ စဉ်ဆက်မပြတ် လေ့လာနိုင်ရေးနှင့် လုပ်ငန်းအတွေ့အကြုံများ အပြန်အလှန် မျှဝေဖလှယ်နိုင်ရေးအတွက် ကဏ္ဍအလိုက် ပြည်တွင်း ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲအတွေ့အကြုံများ နှီးနှောဖလှယ်ဆွေးနွေးပွဲများ ကျင်းပပေးလျက်ရှိရာ ယနေ့ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ၌ ကျင်းပခဲ့သည့် ဒုတိယအကြိမ် မဲခေါင်-ကိုရီးယား ရေအရင်းအမြစ်ဖိုရမ်အတွေ့အကြုံများ၊ ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် မြေအောက်ရေစီမံကိန်း အဆင့်-၄ အစည်းအဝေးအတွေ့အကြုံများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဖွင့်လှစ်ခဲ့သည့် နိုင်ငံတကာကျွမ်းကျင်မှုဆိုင်ရာ (မြို့ပြ)စီမံခန့်ခွဲမှု ရေအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုသင်တန်း အတွေ့အကြုံများ၊ ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပခဲ့သည့် ရေရှည်တည်တံ့ပြီး ရာသီဥတုပြောင်းလဲမှုဒဏ် ခံနိုင်ရည်ရှိသော ရေအရင်းအမြစ်စီမံခန့်ခွဲရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများနှင့်ပတ်သက်၍ တင်ပြဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ယခုကဲ့သို့ ပြည်တွင်း ပြည်ပသင်တန်းများ၊ ဆွေးနွေးပွဲအတွေ့အကြုံများ နှီးနှောဖလှယ်ဆွေးနွေးပွဲများကျင်းပခြင်းသည် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးအပြင် ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် အထောက်အကူပြုစေမည့် အချက်အလက်များ ဖော်ထုတ်အသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အထူးလျှော့ဈေးနှုန်းများပါဝင်သည့် အိမ်ရာ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် ပညာရေးအရောင်းပြပွဲ ခင်းကျင်းပြသ



ရန်ကုန် နိုဝင်ဘာ ၁၄

နိုင်ငံခြားဝင်ငွေ ပုံမှန်ရရှိကြသူများနှင့် ဒေသခံပြည်သူများအတွက် ရည်ရွယ်ကျင်းပသော အထူးလျှော့ဈေးနှုန်းများ ပါဝင်သည့် အိမ်ရာ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် ပညာရေးအရောင်းပြပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ဇရာဝဏ်လမ်းမကြီးပေါ်ရှိ Tea Garden တွင် ယနေ့နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

အဆိုပါအိမ်ရာပြပွဲတွင် နိုင်ငံရပ်ခြားတွင် တာဝန်ထမ်းဆောင်နေသူများအတွက် စာချုပ်အရ ဝင်ငွေပေါ်မူတည်၍ ရင်းနှီးငွေသက်တမ်းတို ရယူနိုင်မည့် အစီအစဉ်များ၊ နွေရာသီနားနေအိမ်များအား အထူးဈေးနှုန်း၊ လျှော့ဈေးများဖြင့် ဝယ်ယူနိုင်မည့် အစီအစဉ်များလည်းပါဝင်ကြောင်း၊ ထို့ပြင် အိမ်ခြံမြေနှင့် လူတိုင်းအတွက် အကာအကွယ်ရရှိနိုင်မည့် အာမခံအမျိုးအစားများစွာကို စုံလင်စွာပါဝင်ပြသခဲ့ပြီး အိုင်တီဆားဗစ်၊ Food Industry၊ အဲကွန်း၊ ဆိုလာ၊ အင်ဗာတာ၊ အင်တာနက်နှင့် လေအေးပေးစက် အစရှိသည့် အိမ်သုံးပစ္စည်းများကို အထူးလျှော့ဈေးနှုန်းများနှင့် အခမဲ့တပ်ဆင်မှု စသည့် ပရိုမိုးရှင်းများပါဝင်ခဲ့ကာ ရှမ်းပြည်နယ်တောင်ကြီးမြို့ အေးသာယာရှိအိမ်ရာများ၊ မြေကွက်များအား အရစ်ကျစနစ်၊ အထူးလျှော့ဈေးများဖြင့် ရောင်းချပေးခဲ့သည့် အစီအစဉ်များပါဝင်ကြောင်း သိရသည်။

**ကိုထက်**

# ခရမ်းမြို့ကျောင်းသားကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၁၄

ခရမ်းမြို့ အထက(၁)၊ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၂)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို အစဉ်အလာမပြတ် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင်လည်း ဆရာကြီး ဆရာမကြီးများအား ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်၌ အိမ်တိုင်ရာရောက် ပူဇော်ကန်တော့မည်ဖြစ်ရာ ကျောင်းသားကျောင်းသူများအနေဖြင့် ပါဝင်လှူဒါန်းလိုပါက ဒီဇင်ဘာ ၂၈ ရက် နောက်ဆုံးထား၍ ဦးအောင်လွင် ၀၉-၄၂၀၀၂၃၉၇၃၊ ကိုရဲဝင်းကျော် ၀၉-၇၈၅၆၁၇၃၃၈၊ ဦးမြင့်သက်ဦး ၀၉-၄၄၈၀၁၈၉၁၀၊ ကိုရဲမင်းဦး ၀၉-၉၆၆၉၀၁၄၀၀၊ ဦးသက်ထွန်းဦး ၀၉-၄၂၀၀၂၄၀၀၀၊ မမိုးသဇင် ၀၉-၇၂၉၉၀၇၇၉၊ ဦးရဲထွန်း(ရန်ကုန်) ၀၉-၇၇၇၂၀၉၉၀၄၊ ကိုဝေယံ(၂၀၀၁) ၀၉-၇၉၉၃၇၇၁၁၅၊ ဒေါ်ဖြူဖြူဝင်း ၀၉-၆၈၁၅၁၆၁၉၆၊ ကိုချစ်ဝိုင်းနန်း ၀၉-၇၉၉၄၅၇၂၄၀၊ ဦးမိုးကျော်ခိုင်(၈၇) ၀၉-၆၉၂၃၄၈၅၅၆၊ ကိုပိုင်ပိုင်မျိုး(၂၀၀၂) ၀၉-၇၉၉၃၇၉၁၃၃၊ ဦးစန်းယု ၀၉-၄၅၀၀၄၆၀၇၄၊ ကိုချမ်းငြိမ်းလှိုင် ၀၉-၇၈၅၁၉၂၀၄၅၊ ကိုဇော်အောင်(၈၈) ၀၉-၄၂၅၃၀၄၄၄၃၊ ကိုဝေပိုင်(၂၀၀၃) ၀၉-၇၇၉၆၀၁၀၈၀၊ ကိုကျော်စိုးမိုး ၀၉-၉၇၁၅၂၀၂၀၆၊ ကိုလှိုင်ကျော်လင်း ၀၉-၇၈၁၁၂၉၁၀၉၊ ကိုနေဝင်းဦး ၀၉-၇၉၉၃၇၉၆၃၃၊ ကိုထက်အောင်ကျော်(၂၀၀၉) ၀၉-၄၂၀၀၂၃၉၄၉၊ မမွန်မွန်လင်း (၉၀) ၀၉-၄၂၀၁၉၂၂၃၅၊ ကိုသက်ကိုဦး ၀၉-၇၉၃၀၀၉၃၅၉၊ ကိုကိုဦး(ရန်ကုန်) ၀၉-၇၉၅၃၃၀၉၅၉၊ ကိုဟိန်းထက်ဇော်(၂၀၁၃) ၀၉-၇၈၆၆၅၃၃၅၅၊ မဇင်မာခိုင်(၉၂) ၀၉-၉၅၅၅၂၉၆၆၉၊ ကိုဇော်လင်း(ရန်ကုန်) ၀၉-၅၅၀၂၀၁၃၊ ကိုညီညီလှိုင် ၀၉-၅၀၅၁၉၀၅၊ ကိုလမင်း(ရန်ကုန်) ၀၉-၅၁၇၆၅၇၄၊ ကိုထားဝယ်(၉၆) ၀၉-၇၉၀၁၃၆၃၄၈၊ မမြင့်သက်ခိုင်(ရန်ကုန်) ၀၉-၅၁၆၃၁၀၉၊ မအေးအေးသိန်း(၉၇) ၀၉-၇၅၆၁၈၇၅၁၁၊ မယဉ်ယဉ်သန်း(ရန်ကုန်) ၀၉-၅၁၉၀၈၁၃၊ မဝါဝါလှိုင် ၀၉-၄၅၀၀၁၈၈၃၈၊ ကိုသန့်ဇော်မြ ၀၉-၅၁၉၄၈၂၁၊ ကိုထွန်းထွန်းနိုင်(၉၈) ၀၉-၉၅၀၄၄၅၄၄၅၊ ကိုဇော်မျိုးအောင်(နေပြည်တော်) ၀၉-၉၆၉၆၀၆၅၆၀၊ မဝင်းမင်းသန်း ၀၉-၄၄၄၇၇၂၂၈၆၊ ကိုအောင်ကျော်ဇော ၀၉-၇၈၆၅၅၈၃၅၅၊ ကိုဖြိုးကြီး(၂၀၀၀) ၀၉-၇၉၉၃၇၇၃၉၉ နှင့် CB Bank Sp Acc – ၀၁၆၂၆၀၀၉၀၀၀၁၁၈၀၈၊ K Pay– ၀၉-၄၂၀၀ ၂၄၀၀၀ ဖော်ပြပါပူဇော်ပွဲကော်မတီဝင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

○ ၂၀၂၆ မှ

၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဖရိကတိုက်မှ အသင်းကိုးသင်းအထိ ပါဝင်ယှဉ်ပြိုင်ခွင့်ရမှာဖြစ်ပြီး အဲ့ဒီပြိုင်ပွဲမှာ ပုံမှန်ကျင်းပနေတဲ့ အသင်းပေါင်း ၃၂ သင်းကနေ ၄၈ သင်းအထိ တိုးမြှင့်သွားမှာ ဖြစ်ပါတယ်။

အုပ်စု(A)မှာ အီဂျစ်၊ ဘာကီနာဖာဆို၊ ဂီနီယာဘစ်ဆော၊ ဆီယာလီယွန်၊ အီသီယိုးပီးယား၊ ဂျီဘူတီ၊ အုပ်စု(B)မှာ ဆီနီဂေါ၊ မာရီတေးနီးယား၊ တိုဂို၊ ဆူဒန်၊ တောင်ဆူဒန်၊ ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအသင်း၊ အုပ်စု(C)မှာ နိုင်ဂျီးရီးယား၊ တောင်အာဖရိက၊ ဘီနင်၊ ဇင်ဘာဘွေ၊ ရဝမ်ဒါ၊ လီဆိုသို၊ အုပ်စု(D)မှာ ကင်မရွန်း၊ ကိတ်ဗာဒီ၊ အန်ဂိုလာ၊ လစ်ဗျား၊ အက်စ်ဝါတီနီ၊ မာရီတီးယပ်စ်၊ အုပ်စု(E)မှာ မော်ရိုကို၊ ဇမ်ဘီယာ၊ တန်ဇန်းနီးယား၊ နိုင်ဂျာ၊ ကွန်ဂိုသမ္မတနိုင်ငံအသင်း၊ အုပ်စု(F)မှာ အိုင်ဗရီကို့စ်၊ ဂါဘွန်၊ ကင်ညာ၊ ဂမ်ဘီယာ၊ ဘူရွန်ဒီ၊ ဆေးရှဲလ်၊ အုပ်စု(G)မှာ အယ်လ်ဂျီးရီးယား၊ ဂီနီယာ၊ ယူဂန္ဓာ၊ မိုဇမ်ဘစ်၊ ဘော့ဆွာနာ၊ ဆိုမာလီယာ၊ အုပ်စု(H)မှာ တူနီးရှား၊ အီကွေတိုရီယယ်ဂီနီယာ၊ နမီးဘီးယား၊ မာလာဝီ၊ လိုက်ဘေးရီးယား၊ ဆောင်တုမ်၊ အုပ်စု(I)မှာ မာလီ၊ ဂါနာ၊ မာဒါဂါစကာ၊ ဗဟိုအာဖရိက၊ ကိုမိုရို့စ်၊ ချက်ဒ် အသင်းတို့ ဖြစ်ပါတယ်။

တစ်အုပ်စုချင်းစီမှ ပထမ နှစ်ပွဲစီကို နိုဝင်ဘာ ၁၅ ရက်နဲ့ ၂၁ ရက်အတွင်း ကျင်းပမှာဖြစ်ပြီး ၂၀၂၅ အာဖရိကဖလားပြိုင်ပွဲအတွက် ၂၀၂၄ ခုနှစ်အတွင်းစီစဉ်ရမှာဖြစ်တာကြောင့် လက်ကျန်အုပ်စုအဆင့်ပွဲစဉ်တွေကို ၂၀၂၅ ခုနှစ် မတ်လ၊ စက်တင်ဘာလနဲ့ အောက်တိုဘာလတို့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ **ငွေကြယ်**

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

# ထန်းတပင်မြို့နယ်၌ ထရန်စဖော်မာအစားထိုး လဲလှယ်တပ်ဆင်ခြင်းများ ဆောင်ရွက်



ရန်ကုန် နိုဝင်ဘာ ၁၄

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ဓာတ်အားပေးနိုင်ရေး၊ ဓာတ်အားခွဲရုံများ ကြံ့ခိုင်ကောင်းမွန်ရေး၊ ထရန်စဖော်မာလောင်ကျွမ်းမှု မဖြစ်စေရေးတို့အတွက် ဓာတ်အားခွဲရုံအသစ်တည်ဆောက်ခြင်း၊ ထရန်စဖော်မာဝန်အားတိုးမြှင့်ခြင်းနှင့် ထိန်းသိမ်းပြုပြင်စောင့်ရှောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ လက်ရှိ ဓာတ်အားဖြန့်ဖြူးပေးထားသည့် 33/11kV 10MVA (မြို့ရှိုး) ဓာတ်အားခွဲရုံထရန်စဖော်မာအား ပြည်သူများ ဓာတ်အားပြည့်ဝလုံလောက်စွာ အသုံးပြုနိုင်ရန်အတွက် 33/11kV, 15 MVA ထရန်စဖော်မာဖြင့် အစားထိုးလဲလှယ်ခြင်းကို နိုဝင်ဘာ ၁၃ ရက်တွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဓာတ်အားဖြန့်ဖြူးရေးဌာနမှ ဒုတိယအထွေထွေမန်နေဂျာ(အင်ဂျင်နီယာ)နှင့် တာဝန်ရှိသူများ၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် ဓာတ်အားတိုးမြှင့် ဖြန့်ဖြူးပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၄-၁၁-၂၀၂၃ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

နဝကမ္မ

| စဉ် | အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၃၂၀။ | ဦးလှဖေနှင့်ဇနီး ဒေါ်ဟန်ငွေးမိသားစုကောင်းမှု | ၂၅၀၀၀၀ |
| ၇၃၂၁။ | ဦးစိုးမြင့်နှင့်ဇနီး ဒေါ်စိန်သန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၃၂၂။ | မင်္ဂလာသီရိ ကမ္ဘောဒီးယားဆရာတော်ကောင်းမှု | ၁၆၀၀၀၀ |
| ၇၃၂၃။ | (ဦးငွေးအောင်)နှင့်ဇနီး ဒေါ်ခင်စန်းဝေ၊ (သား)မောင်ပြည့်ဖြိုးအောင်၊ (သမီး)မနှင်းဝေဝေအောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၄။ | ဦးတင်ရွှေနှင့်ဇနီး ဒေါ်မြင့်ကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၅။ | ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်သင်းသင်းနု၊ (သမီး)မအိအိသိမ့်၊ မနှင်းနှင်းအိ၊ မခိုင်ခိုင်ဇင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၆။ | ဦးဘိုကြည်နှင့်ဇနီး ဒေါ်တင်တင်မြိုင်၊ (ညီမ)ဒေါ်လှမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၇။ | နှစ်ဖက်သော အဘိုးအဘွား၊ မိဘများအားရည်စူး၍ ဦးသိန်းဝင်းနှင့်ဇနီး ဒေါ်ကြင်လှမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၈။ | ဖေဖေဦးမြသိန်းနှင့် မေမေဒေါ်တင်တင်မာ၊ ဦးစံအေး၊ ဦးမောင်မောင်၊ ဒေါ်ဖြူဖြူဝင်းတို့အားရည်စူး၍ ဒေါ်မိမိ၊ (သမီး)မငြိမ်းငြိမ်းစံ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၂၉။ | ဦးကျော်လွင်ဦးနှင့်ဇနီး ဒေါ်ယဉ်မျိုးစုမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၀။ | ကွယ်လွန်သူ ဦးညွန့်လှနှင့် ဒေါ်သန်းသန်းအေး၊ ကိုကျော်ကျော်နိုင်တို့အားရည်စူး၍ ကျန်ရစ်သူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၁။ | ကွယ်လွန်သူ ဦးကျော်လေးနှင့် ဒေါ်အေးကြည်အား ရည်စူး၍ ဦးအောင်စိုးနိုင်နှင့်ဇနီး ဒေါ်ကေသီခိုင်၊ (သား)မောင်လင်းသစ်နိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၂။ | ဒေါ်အေးမြတ်သူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၃။ | ဦးစိန်ထွန်းနှင့်ဇနီး ဒေါ်ဝေဝေခိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၄။ | ဖခင်ကြီး ဦးစောထွန်းအားရည်စူး၍ မိခင်ကြီး ဒေါ်မယ်ခန့်၊ (သမီး)ဒေါ်စန္ဒာသိင်္ဂီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၅။ | ကွယ်လွန်သွားကြသော ခင်ပွန်းဖြစ်သူ ဦးကြည်ရွှင်နှင့် အစ်မကြီး ဒေါ်ခင်ငွေးတို့အားရည်စူး၍ ဒေါ်စန်းစန်း၊ ဒေါ်အုန်းကြည်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၆။ | ဦးစံညိမ်းနှင့်ဇနီး ဒေါ်ခင်သက်တင်နိုင်အောင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၇။ | ဗိုလ်မှူးကြီးမြင့်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်စံပယ်ဖြူ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၈။ | ဦးစန်းဝင်းနှင့်ဇနီး ဒေါ်အုံးမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၃၉။ | ဦးအောင်မင်းနှင့်ဇနီး ဒေါ်ခင်သူဇာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၀။ | ဦးမောင်စုနှင့်ဇနီး ဒေါ်စိုးချို(သမီး) မသင်းလဲ့ရည်စု၊ မချိုစုလှိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၁။ | ဦးမျိုးမြင့်အေးနှင့်ဇနီး ဒေါ်ရီရီတင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၂။ | ဦးကြံနှင့်ဇနီး ဒေါ်လှရင်၊ (သမီး) ဒေါ်ကြည်၊ ဒေါ်မြမြဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၃။ | ဦးခင်အောင်အေးနှင့်ဇနီး ဒေါ်ခင်မေဦး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၄။ | ဦးခင်မောင်ဇော်နှင့်ဇနီး ဒေါ်မြတ်လေးနွယ်၊ (သား)မောင်နန္ဒဇော်၊ (သမီး)မခင်ရတနာနွယ် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၅။ | ဦးစိုးနိုင်နှင့်ဇနီး ဒေါ်အေးသီတာမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၆။ | ဦးတင်ဦးလေး၊ (မြေး) မောင်ရာဇဝင်မင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၇။ | ဦးဇော်ထက်နှင့်ဇနီး ဒေါ်တိုးဒါလီဘို မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၈။ | ဦးဝင်းအောင်နှင့်ဇနီး ဒေါ်လှလှမြိုင် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၄၉။ | ဒေါ်တင်တင်ရီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၅၀။ | ဦးမြတ်ကောင်းနှင့်ဇနီး ဒေါ်အမော်၊ (သမီး) မဆုမြတ်မဒီမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၅၁။ | ဦးမောင်နှင့်ဇနီး (ဒေါ်ခင်ငွေး)၊ (သား)ဗိုလ်မှူးနေသွေး နှင့်ဇနီး ဒေါ်ဇင်မာသက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၅၂။ | ဒေါက်တာကျော်စွာထက်နှင့်ဇနီး ဒေါ်စုမြတ်မြင့်ထွန်း၊ (သမီး)မမေမြတ်ပြုံးပြည့်စုံမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၅၃။ | နှစ်ဖက်သောမိဘများအမှူးထား၍ ဦးအောင်ကိုကိုဝင်း နှင့်ဇနီး ဒေါ်ချစ်ဝါဝါအောင်၊ (သမီး)မဖူးပြည့်စုံကျော်၊ (သား) မောင်ဟိန်းလင်းထက်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၃၅၄။ | ဗိုလ်မှူးသိန်းဇော်မင်းနှင့်ဇနီး ဒေါ်နန်းယဉ်ယဉ်ထွေး မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၇၃၅၅။ | YKKO မိသားစုကောင်းမှု | ၈၀၀၀၀ |
| ၇၃၅၆။ | ဦးမြင့်လွင်နှင့်ဇနီး ဒေါ်ချိုချိုခိုင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၃၅၇။ | ဦးသိန်းမြင့်နှင့်ဇနီး ဒေါ်ကေသီအောင်မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၃၅၈။ | ဒေါ်ခင်မာဝင်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၆၀၀၀၀ |
| ၇၃၅၉။ | ဦးထွန်းအောင်နှင့်ဇနီး ဒေါ်အုန်းအုန်းရီ မိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၃၆၀။ | ဒေါ်ခင်ကြူခိုင်၊ (သမီး) မစုသက်ခိုင်မွန်၊ (သား) ကိုသက်ခိုင်ဇော်၊ ကိုဇေယျာလင်းမိသားစုကောင်းမှု | ၆၀၀၀၀ |
| ၇၃၆၁။ | ဒေါ်သောင်းသောင်း၊ ဒေါ်သန်းသန်းဦး၊ ဒေါ်တင်မာရီ မိသားစုကောင်းမှု | ၅၅၀၀၀ |
| ၇၃၆၂။ | မိဘနှစ်ပါးအားရည်စူး၍ ဦးထွန်းမြင့်စိုးနှင့်ဇနီး ဒေါ်သင်းသင်းအောင်မိသားစုကောင်းမှု | ၅၄၀၀၀ |
| ၇၃၆၃။ | ဒေါ်စိုးနွယ်ဦး၊ (သမီး)ကေခိုင်ငြိမ်းမိသားစုကောင်းမှု | ၅၄၀၀၀ |
| ၇၃၆၄။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးစိုးကျော်သူ နှင့်ဇနီး ဒေါ်မြင့်မြင့်ငွေး၊ (သမီး)မဆောင်းလေပြည် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၆၅။ | ဗိုလ်ကြီးထွန်းဦးနှင့် ဒေါ်အုန်းမေ၊ ဒုတိယအရာခံဗိုလ် ထွန်းအုန်းမင်းတို့အားရည်စူး၍ ဦးထွန်းအုန်းကြည်နှင့်ဇနီး ဒေါ်ဘေဘီအုန်း၊ ဒေါ်မိုးအေးမောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၃၆၆။ | ဦးအောင်မျိုးသန်းနှင့်ဇနီး ဒေါ်လှလှမျိုး၊ (သမီး) မပြုံးဝတ်ရည်မျိုး၊ မပြုံးပြည့်စုံကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၆၇။ | ဒေါ်လှလှစိုး၊ ဒေါ်ပွင့်မာလာဦး၊ ဒေါ်ဇင်မာဝင်း၊ (သား)မောင်ရှင်းသန့်မောင်၊ (သမီး) မကြည်ဖြူစံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၆၈။ | ဦးမျိုးဝင်းအောင်နှင့်ဇနီး ဒေါ်ခင်နှင်းယုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၃၆၉။ | ဒေါ်ကြည်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၀၆
**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

### အမည်မှန်

မွန်ပြည်နယ်၊ မုဒုံမြို့နယ်၊ ကွမ်တာကျေးရွာနေ (ဘ) ဦးမျိုးမင်းထွန်း၏ သမီး မယမင်းရွှေစင်၏ အမည်မှန်မှာ မယမင်းရွှေဇင်[၁၀/မဒန(နိုင်)၂၅၂၆၈၈]ဖြစ်ပါကြောင်း။
**မယမင်းရွှေဇင်**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးထွန်းထွန်း[၈/သရန(နိုင်)၁၀၃၅၆၁](ဘ)ဦးခင်အောင်ချို၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph:09-266909608**

### ပျောက်ဆုံးကြောင်း

ဦးသောင်းဝင်း [၁၂/အလန(နိုင်) ၀၀၇၆၀၇]ကိုင်ဆောင်သော နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph:09-959775151**

### ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်နန်းသန္တာလှိုင်[၁၄/ပတန(နိုင်)၁၅၁၁၂၆] (ဘ) ဦးလှအေး၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
**Ph:09-440210653**

### "တစ်ဦးတည်းဖြစ်ပါကြောင်း"

ကျွန်တော်ဦးဟန်ထွန်းအောင်[၅/မရန(နိုင်)၂၁၇၉၄၇] ကိုင်ဆောင်သူ၏ မိခင်အမည် - ဒေါ်ကြူနှင့် ဒေါ်ကြူကြူသည် အမည် (၂)မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ပါကြောင်း။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ Yankin Palm Village အိမ်ရာ၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ်(၃၄)အား မူလအမည်ပေါက် ဦးနေမျိုး၊ DME – 001984 ထံမှ စာချုပ်စာတမ်း အဆင့်ဆင့်ဖြင့် ပြန်လည် ဝယ်ယူထားသူ ဒေါ်သက်သက်လှိုင်[၁၂/ဗဟန(နိုင်)၀၅၀၂၂၉]က ၎င်း အမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။
**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုရာထူးဝန်အဖွဲ့ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်( အထက်မြန်မာပြည် )

## ကြော်ငြာစာအမှတ် ၁/၂၀၂၃

## ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်

## ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ပညာရေးနှင့် လေ့ကျင့်ရေးဌာန ကြီးလက်အောက်ရှိ အောက်ဖော်ပြပါ ပညာဌာနများအတွက် နည်းပြရာထူး (လစာနှုန်း ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၁၄)နေရာ လစ်လပ်လျက်ရှိပါသဖြင့် အောက်ပါပညာအရည်အချင်းသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်လွှာတင်သွင်းနိုင်ပါသည်-

| စဉ် | ဌာန | ဦးရေ | သတ်မှတ်ပညာ အရည်အချင်း | မှတ်ချက် |
|---|---|---|---|---|
| ၁ | စီမံခန့်ခွဲမှုပညာဌာန | ၂ | M.B.A / M.P.A / M.Com / M.Dev.S / MAF / M.Sc(Maths)/ M.Sc(Physics)/ M.Sc(Chemistry) | သက်ဆိုင်ရာ ပညာရပ် အလိုက် Bachelor ရရှိပြီး မဟာတန်း တက်ရောက်ရန် အဆင့်မီသူများ/ ဂုဏ်ထူးတန်းဘွဲ့/ ဘွဲ့လွန်ဒီပလိုမာ ရရှိထားသူ များလည်း လျှောက်ထား နိုင်ပါသည်။ |
| ၂ | စီးပွားရေးပညာဌာန | ၂ | M.P.A / M.Econ(Stats)/ M.Sc(Stats)/ M.Econ (Eco) / M.P.P/M.Dev.S/ MAF | |
| ၃ | ဥပဒေပညာဌာန | ၂ | L.L.M | |
| ၄ | လူမှုရေးသိပ္ပံပညာဌာန | ၂ | M.A(Psycho) / M.A(Anthropology) / M.A(Myanmar )/ M.A(Philosophy) | |
| ၅ | နိုင်ငံရေးသိပ္ပံပညာဌာန | ၂ | M.A(IR) / M.A(Hist) / M.A(Geog) / M.A(Philosophy) / MPA / MPP | |
| ၆ | အင်္ဂလိပ်ဘာသာ ပညာဌာန | ၂ | M.A(Eng) / M.A(TEFL) | |
| ၇ | သတင်းအချက်အလက်နှင့်ဆက်သွယ်ရေး နည်းပညာဌာန | ၂ | M.C.Sc / M.I.Sc / B.E(IT) / M.E(IT)/ B.E (Computer Engineering & Information Technology)/ B.E(Computer Engineering)/ B.E(IST) | |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့် ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

( ခ ) သတ်မှတ်ပညာအရည်အချင်းပြည့်မီသူဖြစ်ရမည်။

( ဂ ) (၂၈-၁၁-၂၀၂၃) ရက်နေ့တွင် အသက်(၃၅)နှစ်ထက် မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက်(၄၀) နှစ်ထက်မကျော်လွန်သူ၊ ပါရဂူဘွဲ့ရရှိသူဖြစ်ပါက (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဃ) ကျန်းမာရေးဦးစီးဌာနမှဖွင့်လှစ်ထားသော မြို့နယ်/ခရိုင်အဆင့်ရှိ ဆေးရုံတစ်ခုခုမှ ကျန်းမာကြောင်း ထောက်ခံချက်မူရင်းပါရှိရမည်။

( င ) အနည်းဆုံး(၃)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။ .ကတိဝန်ခံစာချုပ်ချုပ်ဆိုရပါမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -

(က) နှစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၂)ပုံ

( ခ ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ၊ ဘွဲ့လက်မှတ်မိတ္တူ(မူရင်းတင်ပြနိုင်ရမည်)

( ဂ ) အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

( င ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်မူရင်း ( ၃ လအတွင်း )

( စ ) သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း (၃ လအတွင်း )

(ဆ) စာမေးပွဲဝင်ကြေးငွေ ပေးသွင်းပြီးပြေစာမူရင်း

၄။ လျှောက်လွှာများကို ၁၆-၁၁-၂၀၂၃ ရက်နေ့မှစတင်၍ လျှောက်ထားနိုင်ပြီး ၂၈-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ လူကိုယ်တိုင် (သို့မဟုတ်) စာတိုက်မှတစ်ဆင့် ပေးပို့လျှောက်ထားရမည်။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုကြောင်းနှင့် လျှောက်လွှာတစ်စောင်ကို ဤတက္ကသိုလ်သို့ သတ်မှတ်ရက်အတွင်း ပေးပို့လျှောက်ထားရမည်ဖြစ်ပြီး ကျန်လျှောက်လွှာ တစ်စောင်ကို မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှတစ်ဆင့် ဤတက္ကသိုလ်သို့ ကြိုတင်ပေးပို့ရန်ဖြစ်သည်။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန် ပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲအား နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပပြုလုပ်မည် ဖြစ်ပြီး ၄-၁၂-၂၀၂၃ ရက်နေ့တွင် မြန်မာစာနှင့် အထွေထွေဗဟုသုတ၊ ၅-၁၂-၂၀၂၃ ရက်နေ့တွင် အင်္ဂလိပ်စာ တို့ကို ဖြေဆိုရမည်။ (ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆောင်ရွက်မည် ဖြစ်ပါသည်။)

၆။ စာမေးပွဲဝင်ကြေး ၂၀၀၀/-အား မြန်မာ့စီးပွားရေးဘဏ်(ပြင်ဦးလွင်မြို့နယ်)ရှိ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ငွေစာရင်းအမှတ် MD ၀၁၀၆၅၇ သို့ ၂၈-၁၁-၂၀၂၃ ရက်နေ့ နောက်ဆုံးထား၍ ပေးသွင်းရမည်။

၇။ ဖြေဆိုခွင့်ကတ်ပြားများအား ၁-၁၂-၂၀၂၃ ရက်နေ့နှင့် ၄-၁၂-၂၀၂၃ ရက်နေ့တို့တွင် ရုံးချိန် အတွင်း၌ ထုတ်ပေးမည် ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)သို့ လူကိုယ်တိုင် သို့မဟုတ် တယ်လီဖုန်း အမှတ် ၀၂-၄၇၅၀၀၀၆ နှင့် ၀၂-၄၇၅၀၂၃၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

**နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန

### ကြေညာချက်

### ယွန်းပညာကောလိပ်(ပုဂံ)

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ကြီးကြပ်မှုအောက်ရှိ ယွန်းပညာကောလိပ်(ပုဂံ)၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ ယွန်းအတတ်ပညာ ဒီပလိုမာ(၂)နှစ်သင်တန်းများကို (၂၃-၁၁-၂၀၂၃)ရက်နေ့တွင် ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် ကျောင်းအပ်နှံခြင်းကို (၁၆-၁၁-၂၀၂၃)ရက်နေ့မှ စတင်၍ ပိတ်ရက်မရှိ လက်ခံဆောင်ရွက်မည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများအက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်၊ ရပ်(၁၀) ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၇$^{က}$)၊ မြေကွက် အမှတ်(၁၁၆$^{A}$)၊ ဧရိယာ(၀.၀၄၈၄) ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၂)ရပ်ကွက်နေ ဒေါ်မြမြဦးမှ အမည်ပြောင်းခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားကြောင်း ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်- အရှေ့ဘက် -မြေကွက်အမှတ်(၁၁၃)(ပယ်မြေ)၊ အနောက်ဘက် -ရန်ကုန်-မန္တလေးကားလမ်း(ဗိုလ်ချုပ်လမ်း)၊ တောင်ဘက် -ဦးပိုင်အမှတ်(၁၁၆$^{B}$)၊ မြောက်ဘက် -ကြားလမ်း ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။ ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍(၁၅-၁၁-၂၀၂၃) ရက်နေ့ သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဒေါ်မြမြဦးမှ အမည်ပြောင်း ခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ (အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့၊ မြို့မ(၂) ရပ်ကွက်၊ ရပ်(၁၀) ဇာတ်ရုံရပ်၊ ဦးပိုင်အမှတ်(၇$^{ခ}$)၊ မြေကွက်အမှတ်(၁၁၆$^{B}$)၊ ဧရိယာ(၀.၀၅၉၄) ဧကအား ရွှေကျင်မြို့ ဂန့်ဂေါ်ဝိုင်းရပ်ကွက်နေ ဦးမျိုးနိုင်(ခ) ရပ်ဟင်ကြည်မှ အမည်ပြောင်းခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားကြောင်း ညောင်လေးပင် မြို့၊ မြို့မ(၂) ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်- အရှေ့ဘက် -မြေကွက်အမှတ်(၁၁၃)(ပယ်မြေ)၊ အနောက်ဘက် -ရန်ကုန်-မန္တလေးကားလမ်း (ဗိုလ်ချုပ်လမ်း)၊ တောင်ဘက် -ဦးပိုင်အမှတ်(၁၁၇)၊ မြောက်ဘက် -ဦးပိုင်အမှတ်(၁၁၆$^{A}$) ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်းဖြစ်ပါသည်။ ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့် ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍(၁၅-၁၁-၂၀၂၃) ရက်နေ့ သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဦးမျိုးနိုင်(ခ) ရပ်ဟင်ကြည်မှ အမည်ပြောင်းခွဲစိတ်သက်တမ်းတိုးမြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ အင်းဝလမ်း (အလယ်) အမှတ်- (၃၂/A)၊ ၇-လွှာ/ခေါင်းရင်းခန်း တိုက်ခန်းနှင့် ပတ်သက်၍ အများသိစေရန်

အထက်ဖော်ပြပါ လိပ်စာရှိ တိုက်ခန်းကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လှကြည် [၁၂/ပဇတ(နိုင်)၀၁၀၈၄၂] က မိမိ၏သားဖြစ်သူ မောင်စည်သူမင်းနှင့် ချွေးမဖြစ်သူတို့ နေထိုင်ရန်အတွက် မိမိငွေကြေးဖြင့် မောင်စည်သူမင်း အမည်ခံ ဝယ်ယူခဲ့ခြင်း ဖြစ်ပါသည်။ ယင်းတိုက်ခန်း ဝယ်ယူစဉ်က ငွေအနည်းငယ်လိုအပ်ခဲ့ရာ ချွေးမဖြစ်သူက အဆိုပါငွေကို ၎င်းခေတ္တချေးပေးမည်ဟုပြောပြီး ၎င်းတို့ လင်မယားနှစ်ဦးအကြား သဘောတူညီမှု ရယူဆောင်ရွက်ခဲ့ကြပါသည်။ ၎င်းတိုက်ခန်းကို အပြီးအပိုင်ဝယ်ယူ ငွေပေးချေပြီး နောက်ပိုင်း ကျွန်ုပ်မိတ်ဆွေ၏ သားနှင့် ချွေးမဖြစ်သူတို့အကြား လင်မယားအဆင်မပြေ ဖြစ်ခဲ့ကြရာ တိုက်ခန်းနှင့်ပတ်သက်၍ ချွေးမဖြစ်သူက ၎င်း၏ ငွေကြေးများ ထည့်ဝင်ထားကြောင်း မမှန်မကန် စွပ်စွဲတောင်းဆိုမှုများ ပြုလုပ်လာခဲ့ပါသည်။ အမှန်တကယ် ယင်းတိုက်ခန်းကို ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်လှကြည်၏ ကိုယ်ပိုင်ငွေကြေးဖြင့် ဝယ်ယူထားခြင်းဖြစ်၍ ဒေါ်လှကြည်၏ ခွင့်ပြုချက်မရှိဘဲ လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ငှားရမ်းခြင်း လုံးဝပြုလုပ်ခွင့် မရှိကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်လှကြည်** | **ဒေါ်သန္တာနွယ် LL.B., LL.M.,DBL** |
| **[၁၂/ပဇတ(နိုင်)၀၁၀၈၄၂]** | **အထက်တန်းရှေ့နေ (စဉ်-၄၉၉၁၄/၂၀၁၈)** |

**အမှတ်- ၁၁၉ (၆-လွှာ/A)၊ လမ်း- ၄၀၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၀၀၈၀၁၆**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော် ဇမ္ဗူသီရိမြို့၊ သပြေကုန်းရပ်ကွက်၊မြေတိုင်းရပ်ကွက်အမှတ်-၁/သပြေကုန်း၊ မြေကွက်အမှတ်(S-၀၁၃)၊ ဧရိယာ(၀.၂၂၉)ဧကရှိ ဒေါ်တင်တင်နွဲ့ အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မျိုးသဇင်အောင်(ဘ)ဦးအောင်မျိုး [၈/ရစက(နိုင်) ၁၁၄၉၆၆]မှ မြေပေးမိန့်၊ အရောင်းအဝယ်စာချုပ်၊ ကျမ်းကျိန်ဆိုချက်၊ ဝန်ခံကတိပြုချက်၊ရပ်ကွက်/ရဲစခန်းထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး **မြေငှားစာချုပ်** လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ **မြေငှားစာချုပ်** လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ အမှတ် (72 Y$^{9}$)၊ သစ္စာဝါဒီလမ်း၊ တာမွေလေးရပ်ကွက်၊ တာမွေမြို့နယ်ဟု ခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ် (၃၄/G)၊ မြေကွက်အမှတ် (72 Y$^{9}$)၊ ဧရိယာ (၀.၀၇၈) ဧက၊ (၃၄၂၀) စတုရန်းပေအကျယ်အဝန်းရှိ နှစ် (၆၀) ဂရန်မြေသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဦးမောင်မောင်အေး (AA-၀၁၀၇၂၅)နှင့် ဒေါ်ထွေးရီ (SGU-၀၅၄၆၁၂) တို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ မြေအမည်ပေါက်တစ်ဦးဖြစ်သူ ဇနီးဖြစ်သူ ဒေါ်ထွေးရီ ကွယ်လွန်ပြီးဖြစ်သဖြင့် ယခုရောင်းသူမှ တရားဝင် အမွေဆက်ခံပိုင်ဆိုင် အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါမြေနှင့်မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇော်လွင်ထွန်း [၁၂/လမန (နိုင်) ၀၄၈၁၀၀] နှင့် ဒေါ်စိုးစိုးသွင် [၁၂/တမန (နိုင်) ၁၀၀၈၆၄]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလှဝေ(စဉ်-၇၁၂၄)** | **ဒေါ်ဘီဘီသိန်း (ခ) ဒေါ်ဘောဘီ (စဉ်-၈၇၉၁)** |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## မွေးသက္ကရာဇ်အမှန် ပြင်ဆင်ခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ဓနသိဒ္ဓိရပ်ကွက်နေ အဖ ဦးကျော်နေမျိုးသူရိန် [၈/ ဆပဝ (နိုင်) ၀၅၁၆၄၈] ၏ သားဖြစ်သူ မောင်ဩဇာရှင်၏ မွေးသက္ကရာဇ် အမှန်မှာ (၁-၁၁-၂၀၀၉) ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

မစန္ဒာဝင်း [၁၄/ပသန (နိုင်) ၀၄၆၂၂၉] ကိုင်ဆောင်သော ပတ်စ်ပို့နံပါတ် (A-273916) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

**Ph-09-77460308**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ (အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့နယ်၊ ပွွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်၊ ရပ်(၉) လေးအိမ်စုရပ်၊ ဦးပိုင်အမှတ် (၁၀၈$^{ခ}$)၊ မြေကွက်အမှတ်(၂၆၀$^{A}$)၊ ဧရိယာ(၀.၀၂၇၅) ဧကအား ပွွန်တန်ဆာမြို့၊ မြို့မ(၃)ရပ်ကွက်နေ ဒေါ်စန္ဒာနှင်းမှ အမည်ပြောင်းမြေငှားဂရန် လျှောက်ထားကြောင်း ပွွန်တန်ဆာမြို့၊ မြို့မ(၃) ရပ်ကွက်နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်- အရှေ့ဘက် -မြေကွက်အမှတ်(၂၆၀$^{B}$)၊ အနောက်ဘက် -မြေကွက်အမှတ်(၂၅၉$^{A}$၊ ၂၅၉$^{B}$)၊ တောင်ဘက် -ရန်ကုန်-မန္တလေးကားလမ်း၊ မြောက်ဘက် -မြေကွက်အမှတ်(၂၆၀$^{B}$) ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။ ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက်သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍( ၁၅-၁၁-၂၀၂၃ ) ရက်နေ့ သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဒေါ်စန္ဒာနှင်းမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## မြေငှားဂရန်အတွက် ကန့်ကွက်လွှာခေါ်ယူသည့် ကြော်ငြာစာ (အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများ အက်ဥပဒေအရ ပြုလုပ်သည့် နည်းဥပဒေများ၊ နည်းဥပဒေ ၅၈)

ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်၊ ကွင်းအမှတ်နှင့်အမည်၊ ရပ်(၁၅) ဖအောင်းရပ်၊ ဦးပိုင်အမှတ် (၁၇$^{ဂ}$)၊ မြေကွက်အမှတ်(၇၁/၂၃၀)၊ ဧရိယာ(၀.၀၉၀) ဧကအား ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက်နေ ဦးညဏ်လင်းဖြိုးမှ မြေငှားဂရန်အသစ် လျှောက်ထားကြောင်း ညောင်လေးပင်မြို့၊ မြို့မ(၃)ရပ်ကွက် နေသူတို့အား ဤသို့အားဖြင့် အသိပေးအကြောင်းကြားလိုက်သည်- အရှေ့ဘက် -ဦးပိုင်အမှတ်(၁၇$^{က}$)၊ မြေကွက်အမှတ်(၇၁)၊ အနောက်ဘက် ရန်ကုန်-မန္တလေးကားလမ်း၊ တောင်ဘက် -ဦးပိုင်အမှတ်(၁၇$^{ခ}$)၊ မြေကွက်အမှတ်(၇၀)၊ မြောက်ဘက် - ဦးပိုင်အမှတ်(၁၇$^{က}$)၊ မြေကွက်အမှတ်(၇၁) ယခုမြေကွက်ကို လူနေထိုင်ရန်အတွက် အလိုရှိခြင်း ဖြစ်ပါသည်။ ယခုမြေကွက်ကို အပိုင်ဂရန်မပေးသင့်ကြောင်း အကြောင်းပြနိုင်သူ မည်သူမဆိုအား သိစေလိုက် သည်မှာ အပိုင်ဂရန်ပေးခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာများကို ညောင်လေးပင်မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၀၂၃ ခုနှစ် နိုဝင်ဘာလ (၁၅) ရက်နေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီ ပေးပို့ရမည်။ ကန့်ကွက်လွှာအားလုံးကို စာဖြင့် ရေးသားရမည်။ အထက်ဖော်ပြထားသည့်နေ့၏ နောက်ပိုင်းတွင် ပေးပို့သည့်ကန့်ကွက်လွှာများကို လက်ခံလိမ့်မည်မဟုတ်။ အကယ်၍(၁၅-၁၁-၂၀၂၃) ရက်နေ့ သို့မဟုတ် ထိုနေ့မတိုင်မီ ကန့်ကွက်လွှာများကို လက်ခံရရှိခြင်းမရှိပါက ထိုမြေကို ဦးညဏ်လင်းဖြိုး အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားခြင်းကို ခွင့်ပြုပေးလိမ့်မည် ဖြစ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ညောင်လေးပင်မြို့**

## မခင်မာအေး (ခ) နူရ်ဂျန်းဘီ နှင့် အများသိစေရန်

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (က)ရပ်ကွက်၊ ဝေဘာဂီလမ်းမကြီး၊ အမှတ်(က/၂၆၆) နေ ကိုသက်မင်းဦး (ခ) မုဟမ္မဒ်ဆွာလေဟ် [၁၂/ဥကမ(နိုင်) ၁၈၇၆၀၆] နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ ရွှေညောင်မြို့နယ်၊ မင်္ဂလာအောင်မြေ(၂)ရပ်ကွက်၊ ဗိုလ်တာယာလမ်း၊ အမှတ်(၂၇)နေ မခင်မာအေး (ခ) နူရ်ဂျန်းဘီ[၉/ပဘန(နိုင်)၂၉၅၃၆၁]တို့သည် (၁-၁၀-၂၀၁၆) ရက်နေ့တွင် အစ္စလာမ့် တရားတော်နှင့်အညီ နေကာဟ်ပြု ထိမ်းမြားလက်ထပ်ခဲ့ကြပြီး သမီး(၁)ဦး ထွန်းကားခဲ့ပါသည်။ နောက်ပိုင်းတွင် ခင်ပွန်းတာဝန်ဝတ္တရား မကျေပွန်သည့်အပြင် ဆိုဆုံးမမှုအား နာခံမှုမရှိခဲ့သည့်အတွက် လင်မယားနှစ်ဦး အချင်းဖြစ်စကားများရာမှ (၂၀၁၈)ခုနှစ်တွင် ကိုသက်မင်းဦး (ခ) မုဟမ္မဒ်ဆွာလေဟ်မှ မခင်မာအေး (ခ) နူရ်ဂျန်းဘီအား အများသူငှာရှေ့တွင် နှုတ်ဖြင့် သွလာက်(သုံး) ကြိမ်ပေး၍လည်းကောင်း၊ ထပ်မံ၍ (၈-၁၁-၂၀၂၃)ရက်နေ့တွင် သက်သေများရှေ့တွင် စာဖြင့် လက်မှတ်ရေးထိုးကာ သွလာက်(သုံး)ကြိမ်ပေး၍ လင်/မယားအဖြစ်မှ အပြီးအပြတ် အပြီးတိုင် ကွာရှင်းပြတ်စဲပေးသည်ကို မခင်မာအေး (ခ) နူရ်ဂျန်းဘီကိုယ်တိုင် သိရှိပြီးလည်းဖြစ်ပါသည်။ အဆိုပါ သွလာက်ပေးကွာရှင်းမှုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဘာသာရေးအဖွဲ့အစည်းကြီးထံမှလည်း (၁၄-၁၁-၂၀၂၃)နေ့စွဲဖြင့် ဓမ္မသတ် ရယူခဲ့ပြီးဖြစ်၍ နောက်နောင်တွင် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်စပ်ဆိုင်ခြင်း လုံးဝ(လုံးဝ) မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ကိုသက်မင်းဦး (ခ)** | **ဦးမြတ်သန်းဦး {B.A(Eco:)H.G.P,D-A1}** |
| **မုဟမ္မဒ်ဆွာလေဟ်** | **အထက်တန်းရှေ့နေ(စဉ်-၁၀၂၂၀)** |
| **[၁၂/ဥကမ (နိုင်) ၁၈၇၆၀၆]** | **မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။** |
| **အမှတ်(က/၂၆၆)၊ ဝေဘာဂီလမ်းမကြီး၊** | **ဖုန်း-၀၉-၇၈၃၅၄၂၉၀၀** |
| **(က)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊** | |
| **ရန်ကုန်မြို့။** | |

## ဒေါ်မေဇင်ဦး(ခ)စိန်စိန် [၁၂/ဥကတ(နိုင်)၁၆၆၄၄၀]နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ နီလာ(၂)လမ်း၊ အမှတ် (၆၃၅) နေ ဒေါ်ကြည်ကြည်အေး [၁၂/ဥကတ(နိုင်)၀၄၅၅၅၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ ကျွန်ုပ်အမှုသည်ဖြစ်သော ဒေါ်ကြည်ကြည်အေးသည် တူမများဖြစ်သော မဖြိုးဇာဇာမိုးနှင့် ဒေါ်မေဇင်ဦး (ခ) စိန်စိန်တို့အား ၎င်းတို့၏မိဘနှစ်ပါးကွယ်လွန်ချိန်မှစ၍ အဒေါ်ဖြစ်သူအနေဖြင့် ဒေါ်ကြည်ကြည်အေးမှ ကျွေးမွေးစောင့်ရှောက်ခဲ့ ပါသည်။ တူမ ဖြစ်သူ ဒေါ်မေဇင်ဦး (ခ) စိန်စိန်သည် အရွယ်ရောက်သည့်အချိန်မှစ၍ ဒေါ်ကြည်ကြည်အေး၏ ဆိုဆုံးမမှုများကို လိုက်နာခြင်းမရှိဘဲ ၎င်း၏သဘောဆန္ဒအရ ဒေါ်ကြည်ကြည်အေး၏ နေအိမ်မှ ဆင်းသွားခဲ့ခြင်းဖြစ်ပါသည်။ ဒေါ်ကြည်ကြည်အေး၏ခင်ပွန်းဖြစ်သူ ဦးမင်းမင်းသက်ရှိထင်ရှားရှိစဉ်ကတည်းက အတူနေထိုင်ခဲ့ခြင်းလည်းမရှိခဲ့ပါ။ ဒေါ်ကြည်ကြည်အေး၏ ခင်ပွန်းဖြစ်သူ ဦးမင်းမင်းသည် (၁၆-၅-၂၀၂၃) ရက်နေ့တွင် ကွယ်လွန်သွားခဲ့ပါသည်။ ဦးမင်းမင်းကွယ်လွန်ပြီးသည့် နောက်ပိုင်းမှစ၍ ဒေါ်မေဇင်ဦး (ခ) စိန်စိန်သည် ဒေါ်ကြည်ကြည်အေးအား အရှက်တကွဲဖြစ်အောင် အော်ဟစ်ဆဲဆိုခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်းများ ပြုလုပ်၍ ငွေကြေးများလည်း အကြိမ်ကြိမ် လာရောက်တောင်းခံခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဒေါ်မေဇင်ဦး (ခ) စိန်စိန်သည် ဒေါ်ကြည်ကြည်အေး၏ တရားဝင်ကိတ္တိမ မွေးစားသည့် အမွေစားအမွေခံသားသမီးတစ်ဦးမဟုတ်သဖြင့် ဒေါ်ကြည်ကြည်အေး၏ ငွေကြေးများနှင့်တကွ မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများ၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းများအား တစ်စုံတစ်ရာမျှ တောင်းခံခွင့်၊ အကျိုးခံစားခွင့်ရှိသူတစ်ဦးမဟုတ်ပါ။ သို့ဖြစ်ပါ၍ ဒေါ်မေဇင်ဦး(ခ)စိန်စိန်သည် အဒေါ်ဖြစ်သူ ဒေါ်ကြည်ကြည်အေးနှင့် ဤကြော်ငြာပါသည့်နေ့မှစ၍ နောက်နောင်တွင် မည်သို့မျှပတ်သက်စပ်ဆိုင်ခြင်းမရှိကြောင်း၊ ဒေါ်မေဇင်ဦး (ခ) စိန်စိန်နှင့်ပတ်သက်၍ အခြားသောကိစ္စများရှိပါက ဒေါ်ကြည်ကြည်အေးမှ (လုံးဝ)လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ဒေါ်မေဇင်ဦး (ခ) စိန်စိန်အနေဖြင့် ဒေါ်ကြည်ကြည်အေးအား အရှက်တကွဲဖြစ်အောင် အော်ဟစ်ခြင်း၊ ကြမ်းတမ်းစွာပြောဆိုခြင်းနှင့် ငွေကြေးတောင်းခံမှုများ ဆက်လက်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဒေါ်မေဇင်ဦး(ခ)စိန်စိန်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖွန်မေဒေး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၆၁၀)**
**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(စီ-၆)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၀၂၄၄၃၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ပညာရေးဝန်ကြီးဌာန
# အဆင့်မြင့်ပညာဦးစီးဌာန
# နေပြည်တော်
# (လျှောက်လွှာခေါ်ယူခြင်း)

၁။ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များနှင့် Naypyitaw State Academy ၏ သင်ကြားရေးဌာနများရှိ အောက်ပါဘာသာရပ် များတွင် သင်ကြားရေးတာဝန်ပေးအပ်နိုင်ရန်အတွက် နည်းပြ၊ သရုပ်ပြ (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ခန့်ထားမည်ဖြစ်ပါသဖြင့် သတ်မှတ်ချက်နှင့် ကိုက်ညီသော လျှောက်ထားလိုသူများသည် လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အခမဲ့ရယူ၍ဖြစ်စေ၊ သတင်းစာပါပုံစံကို ကွန်ပျူတာစာစီ၍ဖြစ်စေ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားနိုင်ကြပါသည် -

| စဉ် | တက္ကသိုလ်၊ ဒီဂရီကောလိပ်များ | လျှောက်ထားနိုင်သည့်ဘာသာရပ်ဌာနများ |
|---|---|---|
| ၁ | Naypyitaw State Academy | ၁။ အင်္ဂလိပ်စာ ၂။ ဥပဒေပညာ ၃။ ဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ |
| ၂ | ရန်ကုန်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ |
| ၃ | မန္တလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ နိုင်ငံတကာဆက်ဆံရေးနှင့်နိုင်ငံရေးသိပ္ပံ ၇။ စီးပွားရေးပညာ |
| ၄ | ရန်ကုန်စီးပွားရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ ၃။ အသုံးချဘောဂဗေဒ ၄။ ဝါဏိဇ္ဇဗေဒ ၅။ စာရင်းအင်းပညာ ၆။ စီမံခန့်ခွဲမှုပညာ ၇။ အသုံးချစာရင်းအင်းပညာ |
| ၅ | ရန်ကုန်ပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၆ | မော်လမြိုင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ အဏ္ဏဝါသိပ္ပံ ၆။ စီးပွားရေးပညာ |
| ၇ | ရန်ကုန်အဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၈ | တောင်ကြီးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၉ | စစ်ကိုင်းပညာရေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ စီးပွားရေးပညာ |
| ၁၀ | ဒဂုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ ၆။ စီးပွားရေးပညာ |
| ၁၁ | မကွေးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၂ | ပုသိမ်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၁၃ | ရန်ကုန်နိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၄ | စစ်တွေတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၁၅ | မုံရွာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၆ | မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၁၇ | မြစ်ကြီးနားတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၁၈ | မုံရွာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၁၉ | မန္တလေးအဝေးသင်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၀ | တောင်ငူတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ စိတ်ပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၂၁ | ပြည်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ ဥပဒေပညာ ၅။ အရှေ့တိုင်းပညာ ၆။ စီးပွားရေးပညာ |
| ၂၂ | ထားဝယ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၂၃ | ရတနာပုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ ၆။ စီးပွားရေးပညာ |
| ၂၄ | ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ စိတ်ပညာ ၄။ အရှေ့တိုင်းပညာ ၅။ နိုင်ငံတကာဆက်ဆံရေးပညာ |
| ၂၅ | မိတ္ထီလာတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၂၆ | ပခုက္ကူတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၂၇ | မိတ္ထီလာစီးပွားရေးတက္ကသိုလ် | ၁။ ဘောဂဗေဒ ၂။ အသုံးချဘောဂဗေဒ ၃။ ဝါဏိဇ္ဇဗေဒ ၄။ စာရင်းအင်းပညာ ၅။ စီမံခန့်ခွဲမှုပညာ |
| ၂၈ | ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၂၉ | ကျောက်ဆည်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ |
| ၃၀ | ဟင်္သာတတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ ၅။ စီးပွားရေးပညာ |
| ၃၁ | ပင်လုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၂ | မအူပင်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ ဥပဒေပညာ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၃ | ဘားအံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၄ | ကလေးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၅ | မြိတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ အဏ္ဏဝါသိပ္ပံ ၅။ စီးပွားရေးပညာ |
| ၃၆ | လှိုင်ကော်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၇ | လားရှိုးတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၃၈ | ကျိုင်းတုံတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၃၉ | ဖန်းမော်တက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ ၃။ စီးပွားရေးပညာ |
| ၄၀ | ပဲခူးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၄၁ | ရွှေဘိုတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ စီးပွားရေးပညာ |
| ၄၂ | စစ်ကိုင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၃ | ရေနံချောင်းတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၄ | မြင်းခြံတက္ကသိုလ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |
| ၄၅ | မိုးညှင်းတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၆ | အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ် | ၁။ အင်္ဂလိပ်စာ ၂။ ဘောဂဗေဒ ၃။ စီမံခန့်ခွဲမှုနှင့်ဝါဏိဇ္ဇဗေဒ ၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၇ | တောင်ကုတ်တက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ |
| ၄၈ | မန္တလာတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ အရှေ့တိုင်းပညာ ၄။ ခရီးသွားလုပ်ငန်းပညာ |
| ၄၉ | ဟားခါးတက္ကသိုလ် | ၁။ အင်္ဂလိပ်စာ ၂။ ဒဿနိကဗေဒ ၃။ ဥပဒေပညာ ၄။ အရှေ့တိုင်းပညာ |
| ၅၀ | ဟုမ္မလင်းဒီဂရီကောလိပ် | ၁။ ဒဿနိကဗေဒ ၂။ အရှေ့တိုင်းပညာ |

၂။ လျှောက်ထားသူသည် -

(က) တည်ဆဲနိုင်ငံသားဖြစ်မှုဥပဒေနှင့်ကိုက်ညီသောနိုင်ငံသားဖြစ်ရမည်။

(ခ) ဘောဂဗေဒ/အသုံးချဘောဂဗေဒ ဘာသာရပ်ဌာနအတွက် ဘောဂဗေဒ/ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ/ ဖွံ့ဖြိုးမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာမဟာဘွဲ့(MPA)/ ဖွံ့ဖြိုးမှုပညာမဟာဘွဲ့ (MDevS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ် တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဂ) စာရင်းအင်းပညာ/အသုံးချစာရင်းအင်းပညာဘာသာရပ်ဌာနအတွက် စာရင်းအင်းပညာ/လူဦးရေပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ် သင်တန်းတက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ အသုံးချစာရင်းအင်းပညာမဟာဘွဲ့ (MAS) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေးဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(ဃ) ဝါဏိဇ္ဇဗေဒ/စီမံခန့်ခွဲမှုပညာ/စီမံခန့်ခွဲမှုနှင့် ဝါဏိဇ္ဇဗေဒဘာသာရပ်ဌာနအတွက် ဝါဏိဇ္ဇဗေဒ/စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ/စာရင်းကိုင်ပညာ/စီးပွားရေးလုပ်ငန်းသုံးစီမံခန့်ခွဲမှုပညာ ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။ စီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုမဟာဘွဲ့(MBA)/ ဘဏ်လုပ်ငန်းနှင့် ဘဏ္ဍာရေး ပညာမဟာဘွဲ့(MBF)/ဈေးကွက်စီမံခန့်ခွဲမှုပညာမဟာဘွဲ့ (MMM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေး ဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(င) ခရီးသွားလုပ်ငန်းပညာဘာသာရပ်ဌာနအတွက် ခရီးသွားလုပ်ငန်းနှင့် ဧည့်ဝန်ဆောင်မှု စီမံခန့်ခွဲမှုပညာဘာသာရပ်/ BA (Tourism)/BA(Tourism Management) ဘာသာရပ်တွင် မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူ ဖြစ်ရမည်။ ဧည့်ဝတ်နှင့် ခရီးသွားရေး စီမံခန့်ခွဲမှုမဟာဘွဲ့ (MHTM) ရရှိသူဖြစ်ပါက ပထမဘွဲ့သည် အသိအမှတ်ပြုတက္ကသိုလ် တစ်ခုခုမှ ပေးအပ်သည့် စီးပွားရေး ဘာသာရပ်နှင့် သက်ဆိုင်သောဘွဲ့ ဖြစ်ရမည်။

(စ) စီးပွားရေးပညာဘာသာရပ်ဌာနအတွက် အသိအမှတ်ပြုသည့် တက္ကသိုလ်တစ်ခုခုမှ စီးပွားရေးပညာအထူးပြု ဘာသာ ရပ်နှင့် ဘွဲ့ရရှိပြီး မဟာအရည်အချင်းစစ်သင်တန်း တက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဆ) ကျန်ဘာသာရပ်ဌာနအားလုံးအတွက် မဟာတန်းတက်ရောက်ရန် အဆင့်မီသူဖြစ်ရမည်။

(ဇ) **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် မဟာအရည်အချင်းစစ်သင်တန်းတက်ရန် အဆင့်မီသူများနှင့် မဟာတန်း တက်ရောက်ရန် အဆင့်မီသူများဖြစ်ပါက အသက်(၃၅) နှစ်ထက် မကျော်လွန်သူ၊ မဟာဘွဲ့ရရှိပြီးသူများနှင့် မဟာ သုတေသန ဘွဲ့ ရရှိပြီးသူများဖြစ်ပါက အသက်(၃၈)နှစ်ထက် မကျော်လွန်သူ၊ ပါရဂူဘွဲ့ ရရှိပြီးသူဖြစ်ပါက အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ဈ) လက်ရှိတာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် **၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့**တွင် အသက် (၄၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်။

(ည) နည်းပြ/သရုပ်ပြရာထူး ခန့်ထားခြင်းခံရပါက နိုင်ငံ့ဝန်ထမ်းအဖြစ် အလုပ်စတင်ထမ်းဆောင်သည့်နေ့မှစ၍ (၃)နှစ်တိတိ တာဝန်ထမ်းဆောင်ရမည်ကို သိရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဆက်လက်တာဝန်ထမ်းဆောင်နိုင်ခြင်း မရှိပါက လျော်ကြေးငွေ ၁,၀၀၀,၀၀၀/- (ကျပ်တစ်ဆယ်သိန်းတိတိ)အား ပေးလျော်ရမည်။

၃။ လျှောက်လွှာများကို မိမိတာဝန်ထမ်းဆောင်လိုသော တက္ကသိုလ်၊ ဒီဂရီကောလိပ်များသို့ **(၁၅-၁၂-၂၀၂၃) ရက် (သောကြာနေ့)** အရောက် နောက်ဆုံးထား၍ လူကိုယ်တိုင်ဖြစ်စေ၊ အမြန်ချောဖြင့်ဖြစ်စေ၊ စာတိုက်မှ မှတ်ပုံတင်၍ ဖြစ်စေ တင်သွင်းလျှောက်ထား ရမည်။

၄။ လျှောက်လွှာနှင့်အတူ (၂)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓာတ်ပုံ(၂)ပုံ၊ ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ ဘွဲ့ ထောက်ခံစာ(မိတ္တူ)၊ နောက်ဆုံးနှစ်အမှတ်စာရင်း(မူရင်း)၊ အသက်အထောက်အထားအတွက် အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် တန်းအောင် လက်မှတ်(မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လ အတွင်း ထောက်ခံချက်(မူရင်း) တို့ကို ပူးတွဲတင်ပြရမည်။ (လူတွေ့စစ်ဆေးခံယူမည့်အချိန်တွင် တိုက်ဆိုင်စစ်ဆေးရန် ဖော်ပြပါ အထောက် အထား(မူရင်း)များကို တစ်ပါတည်း ယူဆောင်လာရန်ဖြစ်သည်။)

၅။ အရည်အချင်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လျှောက်ထားသူများသည် မိမိလျှောက်လွှာတင်သွင်းခဲ့သည့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ရေးဖြေစာမေးပွဲဝင်ရောက်ဖြေဆိုပြီး၊ အောင်မြင်လျှင် လူတွေ့စာမေးပွဲ ဖြေဆိုရမည်။

၆။ ပါရဂူဘွဲ့ရရှိပြီးသူများသည် လူတွေ့စာမေးပွဲကိုသာ ဖြေဆိုရမည်။

၇။ ရေးဖြေစာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပမည် ဖြစ်ပြီး ဖြေဆိုရမည့် ခုံအမှတ်နှင့် နေရာကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည် -

| စဉ် | ရေးဖြေ ဖြေဆိုရမည့် ဘာသာရပ် | နေ့ရက်၊ အချိန် |
|---|---|---|
| (က) | မြန်မာစာ | ၂၀-၁-၂၀၂၄ နံနက် (၉)နာရီ မှ (၁၀)နာရီ |
| (ခ) | အင်္ဂလိပ်စာ | ၂၀-၁-၂၀၂၄ နံနက် (၁၀)နာရီ မှ (၁၁)နာရီ |
| (ဂ) | အထွေထွေဗဟုသုတ | ၂၀-၁-၂၀၂၄ နံနက် (၁၁)နာရီ မှ (၁၂)နာရီ |

၈။ လူတွေ့စာမေးပွဲများကို သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ၌ (၂၁-၁-၂၀၂၄) ရက်နေ့တွင် ကျင်းပမည် ဖြစ်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန**

သို့

ပါမောက္ခချုပ်/ကျောင်းအုပ်ကြီး

------------------------------ တက္ကသိုလ်/ဒီဂရီကောလိပ်

ဓာတ်ပုံ

ရက်စွဲ ၊ ----------------------------

**အကြောင်းအရာ။ နည်းပြ/ သရုပ်ပြ ရာထူးလျှောက်ထားခြင်း**

၁။ ---------------------------------------- တက္ကသိုလ်/ဒီဂရီကောလိပ်တွင် လစ်လပ်လျက်ရှိသော ---------------- ---------------- ဘာသာရပ် နည်းပြ/သရုပ်ပြ ရာထူးသို့ လျှောက်ထားအပ်ပါသည်။

၂။ ကျွန်တော်/ကျွန်မနှင့်ပတ်သက်သော အချက်အလက်များကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည် -

(က) အမည် --------------------------------

(ခ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------

(ဂ) မွေးနေ့သက္ကရာဇ် --------------------------------

(ဃ) လူမျိုး --------------------------------

(င) ကိုးကွယ်သည့်ဘာသာ --------------------------------

(စ) လက်ရှိပညာအရည်အချင်းနှင့် --------------------------------
အောင်မြင်သည့်နှစ် --------------------------------

(ဆ) အဖအမည် --------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် --------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------
အလုပ်အကိုင် --------------------------------

(ဇ) အမိအမည် --------------------------------
အမျိုးသားမှတ်ပုံတင်အမှတ် --------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် --------------------------------
အလုပ်အကိုင် --------------------------------

(ဈ) ဝန်ထမ်းဖြစ်လျှင် --------------------------------
အလုပ်အကိုင်နှင့် ဌာန --------------------------------

(ည) ဆက်သွယ်ရန်လိပ်စာ အပြည့်အစုံ --------------------------------
ဖုန်းနံပါတ် --------------------------------

(ဋ) အမြဲတမ်းလိပ်စာ အပြည့်အစုံ --------------------------------
ဖုန်းနံပါတ် --------------------------------

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ စာရွက်စာတမ်းတို့ကို ပူးတွဲပေးပို့အပ်ပါသည် -

(က) လိုင်စင်အရွယ်ဓာတ်ပုံ (၂)ပုံ

(ခ) ပညာအရည်အချင်းအတွက် ဘွဲ့လက်မှတ်/ဘွဲ့ထောက်ခံစာ (မိတ္တူ)

(ဂ) နောက်ဆုံးနှစ်အမှတ်စာရင်း/CGPA (မူရင်း)

(ဃ) အခြေခံပညာအထက်တန်း/ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် (မိတ္တူ)

(င) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ (၁)လအတွင်း ထောက်ခံချက် (မူရင်း)

(စ) လူမှုရေးဆောင်ရွက်ချက်အကျဉ်းချုပ်

လေးစားစွာဖြင့်

လက်မှတ် ၊ --------------------------

အမည် ၊ --------------------------

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၉)၊ မြေကွက်အမှတ်(၇၅၇)၊ မြေကွက်တည်နေရာအမှတ်(၇၅၇)၊ မြမဥ္ဇူလမ်း၊ (၂၉)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (ဒေါ်ရွှေတင်) (BG-၀၂၃၀၉) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား မြေအမည်ပေါက် (မိခင်) ဒေါ်ရွှေတင်နှင့် (ဖခင်) ဦးအောင်လွင်တို့ အသီးသီးကွယ်လွန်သဖြင့် ဦးအောင်ကိုကို [၁၂/အလန(နိုင်)၀၀၂၀၀၁]မှ တစ်ဦးတည်းသော သားဖြစ်ကြောင်းနှင့်၎င်းတစ်ဦးတည်းသာလျှင် အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ (မိခင်) ဒေါ်ရွှေတင်၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နှစ်(၆၀)မြေငှားစာချုပ် (ဂရန်)၊ ဦးအောင်ကိုကိုကိုယ်စားအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၆၆၁၁/၂၀၂၃ (၅-၄-၂၀၂၃)ဖြင့်ရသူ ဒေါ်မြတ်သဇင် [၁၂/အလန(နိုင်)၀၀၀၃၃၁]မှ အထွေထွေကိုယ်စားလှယ်လွှဲစာ၊ အထွေထွေကိုယ်စားလှယ်လွှဲစာပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ နာနတ်တောလမ်း၊ အမှတ်(၂၄/ဒီ)၊ အခန်းအမှတ်-ဘီ(၃)၊ ဒုတိယထပ်၊ အကျယ်အဝန်း(အလျား ၂၅ပေ× အနံ ၃၃ပေ)ရှိ တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါတိုက်ခန်းကို တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်စီစီဌေး (၁၂/ရကန (နိုင်) ၀၃၇၇၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးတင်မောင်သိန်း | ဦးကျော်မင်းထွန်း |
| (စဉ်-၅၃၃၈) | (စဉ်-၈၆၇၆) |
| (B.A, RL, D.B.L, D.I.L) | (LL.B, C.B.L) |
| (Ph : 09-5076158) | (Ph : 09-5092604) |

**တရားလွှတ်တော်ရှေ့နေများ**
အမှတ်(၁၅၇) A-3 ဒုတိယထပ်၊ (၂၈)လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်-စစ-၄၊ ဦးပိုင်အမှတ်(၆၄)/၅၆Aလမ်း၊ ၁၀၅x၁၀၆ လမ်းကြားရှိ ဦးမြမောင် အမည်ပေါက်တောဂရန်မြေကွက်အား တရားလို ဒေါ်ခင်မိုးအေးမှ တရားပြိုင် ဦးမြမောင် အပေါ်မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ပေးစေလိုမှုဖြင့် မန္တလေးခရိုင်တရားရုံး၊ ၂၀၂၀ ခုနှစ်တရားမကြီးမှုအမှတ်-၅၄၆ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်ခင်မိုးအေး[၉/မရမ(နိုင်)၀၀၄၅၄၀]က မြေကွက်၏ လမ်းဖိုးငွေသွင်းပြေစာမူရင်းတစ်စောင်မှာ အသိမ်းလွန်၍ပျောက်ဆုံးသွားကြောင်းရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်၊ (၄) ရပ်ကွက်၊ ကန်သာယာ(၄)လမ်း၊ အမှတ်(KTA- 25)တွင်နေထိုင်သူ ဒေါ်မေသူဝင်း [၅/ကလတ(နိုင်)၁၁၈၁၁၀]၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ဖခင် ဦးစောလှိုင်၊ မိခင် ဒေါ်ကျင်လှ တို့၏သား ဦးမျိုးမြင့်အောင် (ခ) ကိုဖိုးခွား [၁၂/တတန(နိုင်)၂၅၈၂၅၁] သည် ဒေါ်မေသူဝင်း(အန်တီဝင်း) ၏ မိသားစုဝင် ဆွေမျိုးနီးစပ်တော်စပ်သူ တစ်ဦးမဟုတ်ပါကြောင်းနှင့် ၎င်း၏ ပြုလုပ်မှုများသည် ဒေါ်မေသူဝင်း(အန်တီဝင်း)နှင့် လုံးဝ သက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**
**ဒေါ်ခင်သန္တာဝင်း(LL.B, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၃၆၄)**
**ဖုန်း-၀၉ -၂၆၁၆၆၁၁၉၊ ၀၉- ၉၆၅၀၉၈၅၃၉**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဆေးရိုးတန်းငြိမ်းချမ်းရေး ရပ်ကွက်၊ ပန်းလှိုင်လမ်း၊ တိုက်အမှတ်(၂၂)၊ (ငါးလွှာ-ဘီ)၊ (၁၂ပေခွဲ x ပေ ၅၀)အကျယ်အဝန်းရှိသည့် တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ထားသူ ဒေါ်ခင်သန်းအေး [၁၃/ညရန(နိုင်) ၀၁၃၆၇၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သဇ္ဇာထွန်း [၁၂/ကမတ (နိုင်)၀၆၅၇၃၇] မှ အပြီး အပိုင်ဝယ်ယူရန် အတွက် ရောင်းကြေးငွေ၏ တစ်စိတ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဤအရောင်းအဝယ်ကိစ္စရပ်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်စွဲမှ (၇) ရက်အတွင်း အထက်ပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်း၊ သက်ဆိုင်ရာသည့် စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခိုင်စိုးအောင် (LL.B)၊**
**အထက်တန်းရှေ့နေ(စဉ်-၃၉၇၀၂)**
**အမှတ်(၅၀)၊ ရန်ကြီးအောင်လမ်း၊ မုန့်/မြောက်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၂၀၃၆၊**

---

## ဖခင်အမည်မှန်

မှော်ဘီမြို့နယ်၊ သန္ဓေပင် အုပ်စု၊ ထိန်စွန်းကျေးရွာ အ.မ.က၊ စတုတ္ထတန်းတွင် ပညာသင်ကြားနေသော မသင်းရတီဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဝင်းသိန်း [၁၂/မဘန(နိုင်)၀၃၂၉၄၆] ဖြစ်ပါကြောင်း။

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်လ-၂၊ ဦးပိုင်အမှတ်(၅၆)၊၁၁၃x၁၁၄ ကြား၊ ၇၃x၇၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးငွေကောင်းတိုး[၁၃/ညရန(နိုင်)၀၅၄၆၃၆]၊ ဒေါ်ချောစုနိုင် [၉/မနတ(နိုင်)၀၆၆၅၅၄]တို့၏ အထူး ကိုယ်စားလှယ်လွှဲစာ အမှတ် (၈၄၂/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သက်သက်မိုး[၅/မမတ(နိုင်) ၀၀၄၂၄၃]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့်(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်ဒဒ-၂၅၊ ဦးပိုင်အမှတ်(၁၉) ၅၁x၅၂ကြား၊၁၂၈x၁၂၉လမ်းကြားရှိ ဒေါ်အုန်းမြင့်ရွှေ အမည်ပေါက်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၂၇၆၈/၂၀၂၃)ဖြင့် အမွေဆက်ခံခဲ့သည့် ဦးဇော်လင်း[၉/မနတ(နိုင်)၁၀၃၃၇၅]၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-(၅၄၁၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအေးဆွေ[၉/မရတ(နိုင်) ၁၂၄၂၃၀]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့်(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် အ-၁၊ ဦးပိုင်အမှတ် (၅၁)/၇၂x၇၃ လမ်းကြား၊ ဇော်ဂျီလမ်းနှင့်ကုသိုလ်တော်လမ်းကြား မြေကွက်အား တောဂရန် အမှုတွဲအမှတ်-(၁၃၀၅/၉၀-၉၁)အရ ဒေါ်တင်အုန်း[၉/မရမ(နိုင်)၀၃၈၄၇၃] အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်ဇင်မာဝင်း[၈/ပကခ(နိုင်)၁၅၈၄၅၅]မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှု ဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

---

**ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/တောင်)၊ မြေကွက်အမှတ် (၁၁၉၆/ခ)၊ ဧရိယာ (၀.၀၂၇) ဧကရှိ ဦးမြင့်ထွန်း [၁၀/မလမ(နိုင်)၂၃၇၇၉၉] အမည်ပေါက် ပိုင်ဆိုင်သည့် နှစ် (၆၀) ဂရန် မြေကွက် နှင့် ယင်းမြေကွက်နှင့် ပတ်သက်ဆက်နွှယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ အိမ်ခြံမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင် အကျိုးခံစားခွင့်ရှိပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်ထွန်း [၁၀/မလမ(နိုင်)၂၃၇၇၉၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးထွန်းလင်းအောင် [၁၂/ကမရ(ပြု)၀၀၀၁၃၉] နှင့် ဒေါ်မေဇင်မာမင်း [၁၂/ရကန(နိုင်)၀၆၂၉၆၆]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား မူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ-**

| | |
|---|---|
| ဦးချမ်းမြေ့လင်း (LL.B) | ဦးသန့်ဇော်လွင်(LL.B, D.B.L) |
| (စဉ်- ၁၃၀၉၄) | (စဉ်-၁၄၆၂၃) |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ် (၈၃/၇)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-420103373**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၅)၊ မြေကွက်အမှတ်(၂၀)၊ မြေကွက်တည်နေရာအမှတ်(၂၀)၊ ကြေးတိုင်လမ်း (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒေါ်သီသီရှိန်(S/OKA-၀၈၃၅၆၁)အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်ဂရန် မြေအားအမည်ပေါက် ဒေါ်သီသီရှိန်အား တရားပြိုင်ထားကာ ဦးသန့်ဇော်မင်းမှ တရားလိုပြုလုပ်၍ ဒဂုံမြောက်မြို့နယ်တရားမရုံး၌ တရားမကြီးမှုအမှတ်-၆၃/၂၀၂၃ဖြင့် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုဖြင့် တရားစွဲဆိုခဲ့ခြင်းအပေါ် အနိုင်ဒီကရီချမှတ်သည့် (၂၂-၈-၂၀၂၃)ရက်စွဲပါ စီရင်ချက်၊ ဒီကရီနှင့် တရားမဇာရီမှုအမှတ်(၇၀/၂၀၂၃)တို့အရ တရားရုံးကိုယ်စား ဘီလစ်ဒေါ်လွဲလွဲခိုင် [၁၃/တကန(နိုင်)၀၀၃၄၁၉]မှ တရားရုံးအမိန့် ဘီလစ်ခန့်စာ၊ ဂရန်၊ နိုင်/ကတ်တို့ တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**(၃-၁၁- ၂၀၂၃) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ - ၂၂ပါ ကိုကျော်စိုးဝင်း (ခ) ဇာကီရ်ဟူစိန် [၁၂/တမန(နိုင်)၁၃၀၆၀၃]၏ ကြေညာချက်အပေါ် အများသိစေရန် ပြန်လည်ရှင်းလင်းကြေညာခြင်း**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်-၉ရပ်ကွက်၊ လမ်း ၄၀ (အထက်)၊ အမှတ်-၂၆၃ ပထမထပ် (ယာဘက်ခန်း)နေ (အဖ) (ဟာဂျီ ဦးသီဟထွန်း)၏ သမီး၊ အာသီကဟ်ဘီ (ခ) မမေသက်မှူးခင်၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည် ရှင်းလင်း ကြေညာအပ်သည်မှာ -

ကိုကျော်စိုးဝင်းနှင့် မမေသက်မှူးခင်တို့သည် အစ္စလာမ့်တရားတော်နှင့်အညီ (၁၄-၇- ၂၀၂၃)ရက်နေ့တွင် - နိကာဟ်ပြုထိမ်းမြားလက်ထပ်ခဲ့ပြီး (၁၆-၇-၂၀၂၃)တွင် Central Hotel တွင် နှစ်ဖက်သော မိဘများ၏ စရိတ်ကုန်ကျငွေဖြင့် ဧည့်ခံပွဲ ကျင်းပခဲ့ကြပါသည်။ နိကာဟ်ပြုစဉ်က ကိုကျော်စိုးဝင်းက မမေသက်မှူးခင်ထံ မဟာရ်ရွှေနှစ် ကျပ်သား (လက်ငင်း)နှင့် ငွေကျပ် ၇ သိန်း (လက်ငင်း)ပေးအပ်ချီးမြှင့် ပြီး ကိုကျော်စိုးဝင်း၏ မိဘများက ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး က+ ဂရပ်ကွက်၊ ရွှေဟင်္သာလမ်း၊ အမှတ် ၁၁၊ ပထမထပ် (လက်ဝဲဘက်ခန်း)ကို မင်္ဂလာလက်ဖွဲ့အဖြစ် ပေးအပ်ခဲ့သဖြင့် ထိုတိုက်ခန်းတွင် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း၊ မင်္ဂလာဧည့်ခံပွဲကျင်းပပြီးနောက် မကြာမီ ကိုကျော်စိုးဝင်း၏ မိခင်ဖြစ်သူက မဟာရ် ရွှေနှစ်ကျပ်သားကို ပြန်လည်ရယူသိမ်းဆည်းထားခဲ့ကြောင်း၊ ကိုကျော်စိုးဝင်း ကိုယ်တိုင်ကလည်း စိတ်ကြွရူးသွပ်ဆေးများသုံးစွဲတတ်သူဖြစ်ပြီး ဇနီးသည်အား ကိုယ်စိတ်ညှဉ်းပန်းနှိပ်စက်မှုပြုကျင့်ကြောင်း၊ ထိုသို့ ကိုကျော်စိုးဝင်းက မူးယစ်ကာ လူမဆန်စွာ အတင်းအဓမ္မပြုမူ ဆက်ဆံသည်များကို နှစ်ဖက်မိဘလူကြီးများထံ အသိပေးတင်ပြခဲ့သည့်အပေါ် ကိုကျော်စိုးဝင်း၏ မိဘညီအစ်ကို မောင်နှမများက မမေသက်မှူးခင်ကို မကျေနပ်ချက်များစွာ ဖြစ်ပေါ်ပြီး ရန်ပြုဆက်ဆံခဲ့ကြပါကြောင်း ညွှန်ကြားချက်အရသိရပါသည်။

ကိုကျော်စိုးဝင်းမှ အကြိမ်ကြိမ်ဝန်ချတောင်းပန်မှုပြုခဲ့သဖြင့် မမေသက်မှူးခင်က ခွင့်လွှတ်နားလည်ပေးခဲ့ပါသော်လည်း ကိုကျော်စိုးဝင်းသည် ကိုယ့်ကိုယ်ကို ပြုပြင်ပြောင်းလဲခြင်းမပြုသည့်အပြင် ၎င်း၏မိဘ၊ ညီအစ်ကို မောင်နှမများရှေ့တွင် ပြဿနာမျိုးစုံရှာကာ (၂၄-၁၀-၂၀၂၃)ရန်ကုန်မြို့တွင် မိုးသည်းထန်စွာရွာနေသည့် အချိန် မမေသက်မှူးခင်၏ မိခင်နှင့် အဘွားကို ခေါ်ယူကာ အဝတ်တစ်ထည်ကိုယ် တစ်ခုဖြင့် နေအိမ်မှ နှင်ထုတ်ခဲ့ခြင်းသာ ဖြစ်ပါသည်။

ဇာကီရ်ဟူစိန် (ခ)ကိုကျော်စိုးဝင်းသည် မမေသက်မှူးခင်အား နိကာဟ်ပြုပြီး (၄)လအကြာ (၂၄-၁၀- ၂၀၂၃)ရက်နေ့တွင် နေအိမ်မှ နှင်ထုတ်ခဲ့သော်လည်း၊ တစ်ကြိမ်တစ်ခါမျှ မည်သည့်နည်းနှင့်မျှ တွလာက် ပေးခဲ့ခြင်းလုံးဝမရှိခဲ့ပါသော်လည်း ဇာကီရ်ဟူစိန် (ခ) ကိုကျော်စိုးဝင်းသည် "(၂၈-၁၀- ၂၀၂၃) ရက်နေ့တွင် ကိုကျော်စိုးဝင်းက မမေသက်မှူးခင်အား သက်သေများရှေ့တွင် စာဖြင့် လက်မှတ်ရေးထိုးကာ သွလာက်(သုံးကြိမ်) ပေး၍ လင်မယားအဖြစ်မှ အပြီးအပြတ် ကွာရှင်း ပြတ်စဲလိုက်ကြောင်း" ဟု မမှန်မကန်ဖော်ပြ၍ ဖွတ္တဝါ ဓမ္မသတ်ကို တစ်ဖက်သတ် တောင်းခံရယူပြီး သတင်းစာတွင် ထည့်သွင်းကြေညာခဲ့ခြင်းသာဖြစ်ပါသည်။

ကိုကျော်စိုးဝင်းနှင့် မမေသက်မှူးခင်တို့နှစ်ဦးသည် ယနေ့ထက်တိုင် တရားဝင် ကွာရှင်းပြတ်စဲခြင်းမရှိသေးသလို ကိုကျော်စိုးဝင်း၏ မိခင် ပြန်လည်ရယူသိမ်းဆည်းထားသော မမေသက်မှူးခင် ပိုင်ဆိုင်သည့် ရွှေ၊ ငွေနှင့် လက်ဖွဲ့ရတိုက်ခန်းတစ်ခန်း၊ ငွေကြေးနှင့် ပစ္စည်းများ၊ မမေသက်မှူးခင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားစသည်တို့ကို မမေသက်မှူးခင်က ပြန်လည်ရထိုက်ခွင့်ရှိသောကြောင့် မမေသက်မှူးခင် (ခ) အာသီကဟ်ဘီနှင့် အများသိစေရန် ကြော်ငြာသည် မှန်ကန်မှုမရှိ တစ်ဖက်သတ်ကြေညာခြင်းသာ ဖြစ်ပါကြောင်း အများသိစေရန် ပြန်လည်ရှင်းလင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **အာသီကဟ်ဘီ (ခ) မမေသက်မှူးခင်** | **ဦးသန်းအောင် LL.B** |
| **[၁၂/ကတတ(နိုင်)၀၃၄၁၇၃]** | **အထက်တန်းရှေ့နေ (စဉ်-၂၀၁၈၅)(၁၉၉၄)** |

**အမှတ် (၇၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။ ဖုန်း- ၀၉-၄၄၃၀၃၅၇၄၉**

---

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ရွှေနံ့သာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၇/ရွှေနံ့သာအနောက်ရပ်၊ မြေဧရိယာ(၀.၀၈၂)ဧက၊ မြေကွက်အမှတ်(ဥ-၃၄၇)၊ ဒေါ်ခင်သူဇာ၊ အဖအမည် ဦးထွန်းစိန် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၀/မလမ(နိုင်)၀၂၉၄၁၉] အမည်ပေါက်၊ ပါမစ်မြေကွက်ကို ဦးဗိုလ်အေး အဖအမည် ဦးထွန်းကြည် [၁၂/ဗဟန(နိုင်)၀၂၇၁၆၁]မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံး ကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီးမြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ်(အပိုင်း ၇+၈)၊ ဦးပိုင်အမှတ်(၁၀၇-က)/၆၉လမ်း၊ ၃၉x၄၀လမ်းကြားရှိ ဦးသိန်းညွှန့် အမည်ပေါက်ဂရန်မြေကွက်အား အဘိုး ဦးသိန်းညွှန့်၊ အဘွား ဒေါ်စန်းရွှေ၊ ဖခင် ဦးအောင်ငွေ၊ မိခင် ဒေါ်မြင့်မြင့်သန်း၊ (သား)ဦးကိုကိုအောင်(လူပျိုဘဝ)တို့ ကွယ်လွန်၍ကျန်ရစ်သောသမီး၊ မြေးဖြစ်သူ ဒေါ်ချိုချိုအောင်[၉/မရမ(နိုင်)၀၇၉၀၆၆]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များ တင်ပြ၍ အမွေဆက်ခံ စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့်(၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

**(၁-၁၁-၂၀၂၃)ရက်နေ့ထုတ် ကြေးမုံသတင်းစာ (ကြော်ငြာ) စာမျက်နှာ-၂၇ ပါ ဦးမူဟာမက်စီဒိစ်၏ သမီးများဖြစ်သော ဒေါ်ရာဇီယာဘီ [၁၂/မဂတ (နိုင်)၀၅၅၈၁၅] နှင့် ဒေါ်အာစီရာဘီ [၁၂/မဂတ(နိုင်)၀၅၄၇၉၆]၏ တရားလွှတ်တော်ရှေ့နေ ဦးတင်မောင်သိန်းနှင့် ဒေါ်ယဉ်ယဉ်အောင်တို့မှ တစ်ဆင့်ထည့်သွင်းကြော်ငြာနှင့် ပတ်သက်၍ အများသိစေရန် ပြန်လည်ဖြေရှင်းခြင်းနှင့် သတိပေးတားမြစ်ခြင်း**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၂၂/အေ)တွင် နေထိုင်သော ဒေါ်အမီနာ(ခ)ဒေါ်ခင်လှဝင်း၊ (ကွယ်လွန်)သူ ဦးစိုးမြင့်(ခ)ဦးဟူစိန်၏ဇနီး)နှင့် ၎င်းတို့၏ သားသမီးများဖြစ်ကြသော ဦးကာစင်(ခ)ဦးဝင်းမြင့်၊ ဦးယာစင်(ခ)ဦးလှမြင့်၊ ဒေါ်သီတာဝင်း(ခ)ဒေါ်ဂျမီလာနှင့် ဒေါ်သီတာမြင့်(ခ)ဒေါ်ဂိုဇာနာတို့၏ လွှဲအပ်ညွှန်ကြား ချက်အရ အောက်ပါအတိုင်း ဖြစ်ရပ်မှန်ကို အများသိစေရန်နှင့် သတိပေး တားမြစ်မှုဖြစ်ပါသည် -

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ၁၂၃-လမ်း၊ အမှတ်(၂၂/အေ)ဟုခေါ်တွင်သော မြေကွက်အမှတ်(၂၂၄)၊ ၁၁-အို၊ မြေဧရိယာ (၁၅ပေx၃၈ပေ)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော မြေညီထပ်တိုက်ခန်း အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကွယ်လွန်သူ ဦးစိုးမြင့်(ခ)ဦးဟူစိန်သို့ ဦးစိုးမြင့်(ခ)ဦးဟူစိန်နှင့် ဒေါ်ရာဇီယာဘီ၊ ဒေါ်အာစီရာဘီများ ရှေ့မှောက်၌ "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း ကတိစာချုပ်" ပြုလုပ်၍ အပြီးအပိုင် လက်ရောက်ပေးအပ်ခဲ့ပြီးဖြစ်သဖြင့် ဦးမုဟာမက်စီဒိစ်က ပိုင်ဆိုင်မှုမရှိတော့ဘဲ ဦးစိုးမြင့်(ခ)ဦးဟူစိန်နှင့် ၎င်း၏ဇနီး၊ သားသမီးများကသာ ပိုင်ဆိုင်နေပြီးဖြစ်ပါသည်။

(၂၄-၅-၂၀၂၃)ရက်နေ့တွင် စာချုပ်ချုပ်ဆိုစဉ်က အသိသက်သေများမှာလည်း ဦးမုဟာမက်စီဒိစ်၏ သမီးများဖြစ်ကြသော ဒေါ်ရာဇီယာဘီ၊ ဒေါ်အာစီရာဘီနှင့် ဒေါ်ရာဘီယာ(ကွယ်လွန်)၊ဒေါ်မာဘီယာ(ကွယ်လွန်)တို့ဖြစ်ကြသည်။ ဒေါ်ရာဇီယာဘီနှင့် ဒေါ်အာစီရာဘီတို့၏ (၁-၁-၂၀၂၃) ရက်နေ့က ကြေးမုံသတင်းစာပါ ကြော်ငြာတွင် "မြေပိုင်ဆိုင်မှုပါဝင်ခြင်းမရှိကြောင်း" ကြော်ငြာခြင်းသည် ကိုယ်တိုင်ကိုယ်ကျ သက်သေအဖြစ်ပါဝင် ဆောင်ရွက်သူများဖြစ်ပါပေလျက် စာချုပ်ပါစာသားကို မျက်ကွယ်ပြုကာ ကျွန်ုပ်၏မိတ်ဆွေများ ဂုဏ်သိက္ခာကျဆင်းစေရန် မဟုတ်မမှန် ပြောဆိုခြင်းသာဖြစ်ပါသည်။

ဒေါ်ရာဇီယာဘီနှင့်ဒေါ်အာစီရာဘီတို့က အသိသက်သေများအဖြစ်ပါဝင်လက်မှတ်ရေးထိုးထားသည့် (၂၄- ၅-၂၀၂၃)ရက်စွဲပါ "မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်"တွင် ပါရှိချက်များကို ဆန့်ကျင်ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံလာရောက်ပြသပြီး ကန့်ကွက်နိုင်ပါသည်။

ထိုသို့ခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံ လာရောက်ပြသ ကန့်ကွက်နိုင် ခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေများ၏ ရောင်းချခြင်း၊ လွှဲပြောင်းခြင်း၊ အခြားနည်းတစ်စုံတစ်ရာ ပြုလုပ်ခြင်းတို့ကို ထပ်မံစော်ကားနှောင့်ယှက်ခြင်း၊ ဥပဒေနှင့်မညီသော အခြားနည်းတစ်စုံတစ်ရာဖြင့် နှောင့်ယှက်စော်ကားခြင်းတို့ကို မပြုလုပ်ပါရန် သတိပေးတားမြစ်အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၆၈၆၃)**
**အမှတ်(၇၆၇)၊ အောင်တံခွန်လမ်း၊ (၅၆)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ -၂၆၀၁၈၆၃၁၈**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ မော်တော်ယာဉ် ဒါယိကာမကြီး

**ဒေါ်စန်းတင်**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဈေးကုန်းအနောက်ရပ်ကွက်၊ သီရိလမ်း၊ အမှတ်(၈)နှင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၇)ရပ်ကွက်၊ ရွှေပင်လုံအိမ်ရာအပိုင်း(၃)နေ (ဦးအောင်ရွှေ-ဒေါ်မြစ်)တို့၏သမီး၊ (ဦးမြင့်)၏ဇနီး၊ အင်းစိန်ဘူတာရုံလမ်းနေ (ဦးချစ်တင်-ဒေါ်ရီ)တို့၏ ညီမ၊ (ဦးအေးလွင်)-ဒေါ်စန်းရင်တို့၏ အစ်မ၊ ဦးကျော်ဝင်း(ဆောက်လုပ်ရေးအင်ဂျင်နီယာ-ငြိမ်း)၊ ဒေါ်ခင်ဝင်းကြည်၊ (ဦးသန်းဝင်း-ဒေါ်ခင်ဝင်းရီ)၊ ဦးဇော်ဝင်း (ဒုညွှန်ချုပ်-ငြိမ်း၊ ထွေ/အုပ်)-ဒေါ်ခင်ဝင်းမြင့်၊ (ဦးတင်ဝင်း)-ဒေါ်မူမူအေး၊ ဗိုလ်မှူးကြီးထွန်းထွန်း(ငြိမ်း) (အထွေထွေမန်နေဂျာ-MEC)-ဒေါ်တင်သီတာဝင်းတို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၁ ယောက်၊ မြစ် လေးယောက်တို့၏ ချစ်လှစွာသောဘွားဘွားကြီး ဒေါ်စန်းတင်သည် ၁၃-၁၁-၂၀၂၃(တနင်္လာနေ့) နံနက် ၁၁:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၅-၁၁-၂၀၂၃ (ဗုဒ္ဓဟူးနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဦးဝင်းသင်(B.Com, R.L, CPA, ASEAN CPA)**

**(Chairman, Win Consulting Limited, Win Thin & Associates Limited)**

**အသက် (၉၀) နှစ်**

ဆရာကြီးဦးဝင်းသင် **(Chairman, Win Consulting Limited, Win Thin & Associates Limited)** သည် ၁၁-၁၁-၂၀၂၃ (စနေနေ့) ည ၁၁း ၅၀ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုဝင်များနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**Managing Director, Directors**

**စာရင်းကိုင်နှင့် စာရင်းစစ်မိသားစုများ**

**Famat Compay Limited**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းသင်

**B.Com, B.L, R.A (CPA) , ASEAN CPA**

**အသက်(၉၀)နှစ်**

ဝင်းသင်နှင့်အဖွဲ့ လီမိတက်နှင့် ဝင်းအတိုင်ပင်ခံလီမိတက် တည်ထောင်သူ ဥက္ကဋ္ဌ၊ ပဲခူးနောင်တော်ကြီး မြသာလျောင်း ဘုရားကြီး၏မတည်အလှူရှင်၊ မော်လမြိုင်အသင်း/ဘသင်+အေးမြ ဖောင်ဒေးရှင်းတို့၏ ဂုဏ်ထူးဆောင်နာယက၊ မြန်မာနိုင်ငံစာရင်း ကောင်စီဝင်၊ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း နှင့် ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ) နာယက၊ မြန်မာနိုင်ငံ လူမွဲခံယူခြင်းဆိုင်ရာကြီးကြပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝင်းသင်သည် ၁၁-၁၁-၂၀၂၃ ရက် (စနေနေ့) ည ၁၁:၅၀ နာရီတွင် အာရှတော်ဝင် ဆေးရုံကြီး၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရ ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်သစ္စာဦးအထွေထွေ/အသက်အာမခံကုမ္ပဏီလီမိတက်**

---

**အများသိစေရန် ကြေညာခြင်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗညားဒလအိမ်ရာ၊ ဗညားဒလလမ်း၊ အမှတ်(၃၀၄)၊ ၄ လွှာ(ယာ)၊ တိုက်(A-1)၊ တိုက်ခန်း၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်ဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးသန့်စင်သိန်း [၁၂/တမန(နိုင်)၀၉၄၅၇၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဂျနက်ဘီ [၁၀/မလမ(နိုင်)၁၅၂၆၃၃]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ဤသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်ကျော်(LL.B)**

**အထက်တန်းရှေ့နေ(စဉ်-၅၀၈၆၁)**

**အမှတ်(၁၉၁)၊ လမ်း-၄၀၊ မြေညီ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၅-၁၀-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၄)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂၀)ဦးငွေးဝင်း၏ ဂရန်ခွဲ တွင် မြေကွက်အမှတ်-၁၁၄၈အစား မြေကွက်အမှတ်-၁၁၄၈/ခဟုအမှန်ဖတ်ရှုပါရန်။

---

# သွေးသည်

# အသက်

---

**ဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ မော်တော်ယာဉ် ဒါယိကာမကြီး

**ဒေါ်စန်းတင်**

**အသက် (၈၉)နှစ်**

သူငယ်ချင်း ဗိုလ်မှူးကြီး ထွန်းထွန်း(ငြိမ်း)- ဒေါ်တင်သီတာဝင်းတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်စန်းတင်သည် ၁၃-၁၁-၂၀၂၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စတသ (၂၉)မှ သူငယ်ချင်းများနှင့် မိသားစုများ**

---

# နှစ်ပတ်လည်အမျှပေးဝေခြင်း

ဘွားဘွား ဒေါ်ရွှေနု(ဖားကူး) (၁၈)နှစ်ပြည့်၊ ချစ်ခင်ပွန်း ဦးမောင်မောင် (ရေကြောင်းအင်ဂျင်နီယာ) (၁၃)နှစ်ပြည့်တို့အားရည်စူး၍ ယနေ့ (၁၅-၁၁-၂၀၂၃) ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့၊ မြို့မစာသင်တိုက် 'ဓမ္မဝိဇယသုံးထပ်ကျောင်းတော်ကြီး'တည်ဆောက်ရန်အတွက် ဘက်စုံနဝကမ္မ အလှူတော်ငွေ ကျပ်သိန်း(၄၀) တိတိကို လှူဒါန်းပါသည်။

ရောက်ရှိရာ မြင့်မြတ်သောဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ကြပါစေ။

**ဇနီး- ဒေါ်သီတာဇော်**

**သား- မောင်မောင်ရဲဇော်**

---

# ကျေးဇူးတင်လွှာ

ဒေါ်မြမူ အထက်တန်းပြ(ငြိမ်း)၊ အ.ထ.က ကညွတ်ကွင်းမြို့၊ အ.ထ.က(၁) တောင်ဥက္ကလာပမြို့နယ်အား မကျန်းမာစဉ်ကာလမှစ သင်္ဂြိုဟ်ပြီးသည်အထိ လိုအပ်သည်များကို အဘက်ဘက်မှ ဝိုင်းဝန်းဆောင်ရွက်ပေးကြသော ကျောင်းသူ၊ ကျောင်းသားဟောင်းများနှင့် ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား ကျန်ရစ်သူမိသားစုမှ အထူးပင်ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ယာဉ်အမှတ် – AA/7305 TOYOTA COROLLA EE 103 S/W(4x2)R ယာဉ်နှင့်ပတ်သက်၍ ဦးဖေဝင်း [၁၂/မရက(နိုင်)၁၀၅၄၈၂]၏ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းအပေါ် ကန့်ကွက်ခြင်း**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ မြလမ်း၊ အမှတ်-၂၉ နေ ကျွန်မ ဒေါ်ထားထားလွင် [၁၂/မဂတ(နိုင်)၀၄၃၇၄၄)မှ အောက်ပါအတိုင်း ကန့်ကွက်အပ်သည်မှာ -

ယာဉ်အမှတ်- AA/7305 TOYOTA COROLLA EE 103 S/W (4x2) R ယာဉ်၏ ဦးဖေဝင်း အမည်ပေါက် မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မူရင်း (11377260)ကို ဒေါက်တာစိုးသူရ [၇/ပခန(နိုင်)၂၅၂၃၅၅]မှ အာမခံအဖြစ်ပေးအပ်၍ (၆-၉-၂၀၂၃)ရက်စွဲပါ "နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း သဘောတူစာချုပ်"ဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ထားထားလွင်ထံမှ ငွေကျပ် ၂၀၀,၀၀၀၀၀/- (ကျပ်သိန်းနှစ်ရာတိတိ)ကို ရယူသွားခဲ့ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ လက်ဝယ်တွင် ရှိနေသော အထက်ဖော်ပြပါ ယာဉ်မှတ်ပုံတင်မူရင်းနှင့်ပတ်သက်၍ ဦးဖေဝင်းမှ ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)ထံ ထပ်မံ၍ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူ လျှောက်ထားခြင်းအပေါ် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးဇော်ဝင်း(H.G.P,LL.B,D.B.L,D.M.L,D.I.L)** **ဦးမြသိန်း(B.A,H.G.P,D.A)**

**တရားလွှတ်တော်ရှေ့နေနှင့် ဥပဒေအကြံပေး (စဉ်-၃၆၉၉)** **အထက်တန်းရှေ့နေ (စဉ်-၁၉၄၈၇)**

**အမှတ်-၅၆၁၊ ပထမထပ်၊ အခန်း (၄)၊ MAC Tower ၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph: 09-5017240, 09-250143543**

---

**ကြော်ငြာစာ**

**(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃)**

**သဃ်္ာန်းကျွန်းခရိုင်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၉၄**

**ကွယ်လွန်သူ ဦးခင်အောင်နှင့် ဒေါ်ခင်အေးတို့၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု**

**ဦးမြင့်ကြည်** ---------- **လျှောက်ထားသူ**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရှုခင်းသာရပ်ကွက်၊ သီရိလမ်း၊ အမှတ်-၆၉၇ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးခင်အောင်နှင့် ဒေါ်ခင်အေးတို့၏ ကျန်ရပ်သောပစ္စည်းအပေါ်၌ အမွေဆက်ခံခွင့်လက်မှတ် ထုတ်ပေးပါမည့်အကြောင်းနှင့် ၎င်း၏တူဖြစ်ကြသော လျှောက်ထားသူက အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်) နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးခင်အောင်နှင့် ဒေါ်ခင်အေးတို့၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်) ဆိုခဲ့သော ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၉ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေဆက်ခံခွင့်လက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ၏ လျှောက်လွှာအပေါ်၌ စပ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(စုစန္ဒာဝင်း)**

**ခရိုင်တရားသူကြီး**

**သဃ်္ာန်းကျွန်းခရိုင်တရားရုံး**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းသင်

**(B.Com, B.L, R.A (CPA), ASEAN CPA)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လသာလမ်း၊ အမှတ် (၁၂၁)နေ ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်း နာယကကြီးများဖြစ်ကြသော (အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ၊ တရားလွှတ်တော်ရှေ့နေနှင့် နိုတြီပဗ္ဗလစ် ဒေါ်ခင်ကြည်)၊ (ဒေါက်တာဒေါ်သိန်းကြည်)နှင့် ဒေါက်တာဒေါ်ငွေးကြည်တို့၏ မောင်၊ ဦးဝင်းသင် (ဘသင် + အေးမြ ဖောင်ဒေးရှင်း၏ နာယကကြီး) ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဥက္ကဋ္ဌနှင့် အသင်းသူများ**

**ဗုဒ္ဓဘာသာကလျာဏယုဝတီအသင်း**

**အမှတ် (၁၇)၊ (၆၂)လမ်း၊**

**ဗိုလ်တထောင်မြို့နယ်။**

---

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးဝင်းသင်

**(Chairman, Win Thin & Associates Ltd)**

**အသက်(၉၀)နှစ်**

ဆရာကြီးဦးဝင်းသင် (Chairman, Win Thin & Associates Ltd) သည် ၁၁-၁၁-၂၀၂၃ ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်သူရုံးအဖွဲ့နှင့်**

**အာရှရန်ကုန်ဘဏ်ဝန်ထမ်းများ**

---

**ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗိုလ်လကျ်ာလမ်း၊ အမှတ် (၈၇)၊ မြေညီထပ်၊ အကျယ်အဝန်း (၂၀x ၄၀)ပေရှိ တိုက်ခန်း အရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်**

အဆိုပါ တိုက်ခန်း၏ မြေရှင်/အခန်းရှင်ဖြစ်သူ **ဦးအောင်ကျော်စိုး [၁၄/မအပ(နိုင်)၀၁၅၄၂၉]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော်(စဉ်-၄၀၃၅) LLB, DBL, DML, DIL, DLP**

**ဒေါ်အေးအေးစိုး(စဉ်-၅၈၂၇)**

**B.Sc, Hon (IC), HGP, R.L, D.B.L.**

**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း(LL.B) (စဉ်- ၅၀၅၂၂) အထက်တန်းရှေ့နေ**

**အမှတ် (၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**

**Tel: 294766 HP: 09-501 7044**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်(စိုက်/မွေး)၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ အကွက်အမှတ် (၁၂၀)၊ အလျား ၆၀'x အနံ ၆၀' အကျယ်အဝန်းရှိ အရာခံဗိုလ်ဖိုးဝင်း မှတ်ပုံတင်အမှတ် [၁၂/မဘန(နိုင်)၀၀၅၆၅၂] အမည်ပေါက် ပါမစ်မြေကွက်အား မြေကွက်အမည်ပေါက် ဦးဖိုးဝင်းမှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းမြအေး (LLB,D.B.L)**

**အထက်တန်းရှေ့နေ (စဉ်-၃၀၂၈၅)**

**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။**

**ဖုန်း – ၀၉-၇၈၀၀၄၁၄၉၉**

---

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်(စိုက်/မွေး)၊ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ အကွက်အမှတ် (၇၄)၊ အလျား ၆၀'x အနံ ၆၀' အကျယ်အဝန်းရှိ ဒုအရာခံဗိုလ်စာရေး အောင်လှိုင် မှတ်ပုံတင်အမှတ် [၃/ဘအန(နိုင်)၀၀၉၄၂၈] အမည်ပေါက် ပါမစ်မြေကွက်အား တရားဝင်လက်ရှိထား ပိုင်ဆိုင်မှုရှိသူ ဒေါ်ခင်စောဦး [၁၄/ကခန(နိုင်)၀၃၅၂၅၈] ကိုင်ဆောင်သူမှ ရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီ ဖြစ်ပါ၍ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်နှင်းမြအေး (LLB,D.B.L)**

**အထက်တန်းရှေ့နေ (စဉ်-၃၀၂၈၅)**

**အမှတ် (၁၁၇၇)၊ အောင်ဇေယျလမ်း၊ (၅၅)ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်။**

**ဖုန်း – ၀၉-၇၈၀၀၄၁၄၉၉**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။
(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး
(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
(ခ) တိုးတက်ကောင်းမွန်လာသည့်စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။
(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး
(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။
(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။
(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **မိသားစုတစ်ခုရဲ့အသက်ဟာ မိသားစုစိတ်ဓာတ်ဖြစ်သလို ပြည်ထောင်စုတစ်ခုရဲ့ အသက်ဟာလည်း ပြည်ထောင်စုစိတ်ဓာတ်ပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး မှီခိုရှင်သန်ရာ ပြည်ထောင်စုရဲ့ အရိပ်အာဝါသကို အသက်သဖွယ်မြတ်နိုးတန်ဖိုးထားပြီး စုပေါင်းဆောင်ရွက်ကြရင် နိုင်ငံ့တိုးတက်မှု အရှိန်အဟုန်ကောင်းတွေဟာ ရပ်တန့်နေမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့သွားလိုတဲ့ပန်းတိုင်ကို မဖြစ်မနေရောက်ရှိမယ်လို့ ယုံကြည်ပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင်ကျရောက်သော မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကားမှ ကောက်နုတ်ချက်)

## နိုင်ငံတကာပြိုင်ပွဲများအတွက် မြန်မာ ယူ-၁၉ အသင်း ပြင်ဆင်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာ ယူ-၁၉ အသင်းသည် လာမည့်နှစ်တွင်ယှဉ်ပြိုင်ရမည့် နိုင်ငံတကာပြိုင်ပွဲများအတွက် စတင်လေ့ကျင့်ပြင်ဆင်နေပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းသည် အောက်တိုဘာလတွင် စတင်လေ့ကျင့်ခဲ့ပြီး အောက်တိုဘာတတိယပတ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်လူငယ်ပြိုင်ပွဲမှ ခြေစွမ်းပြနေသူများဖြင့် ဖွဲ့စည်းထားသည့်အသင်းနှင့် လူရွေးပွဲကစားပြီးနောက် ကစားသမား ၃၁ ဦးဖြင့် ဆက်လက်လေ့ကျင့်နေခြင်းဖြစ်သည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ☆



၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့် တက်လှမ်းခွင့်ရရှိခဲ့သော ပထမဆုံးအာဖရိကအသင်းဖြစ်လာသည့် မော်ရိုကိုအသင်း အောင်ပွဲခံနေစဉ်။

## ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားအတွက် အာဖရိကအသင်းများ၏ အုပ်စုအဆင့်ခြေစစ်ပွဲစဉ်များ နိုဝင်ဘာ ၁၅ ရက်တွင် စတင်မည်

ကနေဒါ၊ အမေရိကန်နှင့် မက္ကဆီကိုနိုင်ငံတို့က ပူးတွဲအိမ်ရှင်အဖြစ် ကျင်းပမယ့် ၂၀၂၆ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲအတွက် အာဖရိကအသင်းတွေရဲ့ အုပ်စုအဆင့် ခြေစစ်ပွဲစဉ်တွေကို နိုဝင်ဘာ ၁၅ ရက်မှာ စတင်ကျင်းပမှာ ဖြစ်ပါတယ်။

၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ အာဖရိကတိုက်ကိုယ်စားပြုအသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး အဲဒီပြိုင်ပွဲမှာ မော်ရိုကိုအသင်းဟာ သမိုင်းတစ်လျှောက် ကမ္ဘာ့ဖလားဆီမီးဖိုင်နယ်ကို ပထမဆုံးတက်လှမ်းတဲ့ အာဖရိကအသင်းဖြစ်လာခဲ့ပါတယ်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❍

## ယနေ့ ဖတ်စရာ

**ရန်ကုန်-မန္တလေးရထားလမ်းပိုင်းအတွင်း ဒိုက်ဦးဘူတာနှင့် ပြွန်တန်ဆာဘူတာအကြား မိုင်တိုင်အမှတ် (၈၅/၁-၂)အကြား တံတားအမှတ်(၁၁၆/A)အနီးရှိ ရထားလမ်းအား အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး**

စာမျက်နှာ » ၁၅

**အထူးလျှော့ဈေးနှုန်းများပါဝင်သည့် အိမ်ရာ၊ မော်တော်ယာဉ်၊ လူသုံးကုန်နှင့် ပညာရေးအရောင်းပြပွဲ ခင်းကျင်းပြသ**

စာမျက်နှာ » ၁၈



## မြန်မာ့လက်ရွေးစင်အသင်း ဂျပန်နိုင်ငံတွင် စတင်လေ့ကျင့်

ရန်ကုန် နိုဝင်ဘာ ၁၄

မြန်မာ့လက်ရွေးစင်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုပထမပွဲအဖြစ် ဂျပန်လက်ရွေးစင်အသင်းနှင့် အဝေးကွင်းပွဲယှဉ်ပြိုင်ကစားရန် နိုဝင်ဘာ ၁၄ ရက် ညပိုင်းမှစ၍ ဂျပန်နိုင်ငံ အိုဆာကာမြို့၌ လေ့ကျင့်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဂျပန်အသင်းနှင့် အဝေးကွင်းပွဲယှဉ်ပြိုင်ကစားရန် နိုဝင်ဘာ ၁၃ ရက် ညနေပိုင်းက ရန်ကုန်မြို့မှ ထွက်ခွာခဲ့ပြီး ဒေသစံတော်ချိန် နိုဝင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အိုဆာကာမြို့သို့ ရောက်ရှိခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် နိုဝင်ဘာ ၁၄ ရက် ညပိုင်းတွင် စတင်လေ့ကျင့်ခဲ့ပြီး ဂျပန်အသင်းနှင့် ပွဲမတိုင်မီ ဂျပန်နိုင်ငံ၌ ပြင်ဆင်ချိန် နှစ်ရက်ရရှိမည်ဖြစ်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ❖

## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် နိုဝင်ဘာ ၁၄

ဟားခါး
၇ ဒီဂရီစင်တီဂရိတ်

ပူတာအို
၁၀ ဒီဂရီစင်တီဂရိတ်

တီးတိန်
၁၀ ဒီဂရီစင်တီဂရိတ်

မချမ်းဘော
၁၂ ဒီဂရီစင်တီဂရိတ်